# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော်(ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကိုနှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

**ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၈)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်သမ္မတတို့ တွေ့ဆုံ

**ဂိုအာ အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၄၀ တွင် ဂိုအာမြို့ရှိ Hotel Leela ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩဂုတ်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးသဘောတူညီခဲ့သည်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဆင့်အသီးသီးတွင် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများစတင်ရေးနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ နောက်ဆုံးဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ တရုတ်သမ္မတ

*စာမျက်နှာ ၃ ကော်လံ ၁* ✻




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# တပ်များ အင်အားဖြည့်တင်းပြီး လုံခြုံရေးစိတ်ချရအောင် ဆက်လက်ဆောင်ရွက်ပေး

# တိုင်းရင်းသားရွာများ ဆက်လက်ရပ်တည်နေထိုင်နိုင်ရေး အစိုးရအနေဖြင့် ကူညီထောက်ပံ့

နေပြည်တော် အောက်တိုဘာ ၁၇

**ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ အခြေအနေမှန်များသိရှိနိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် သွားရောက်ရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့၏ခရီးစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ခရီးစဉ်အတွင်း စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်တို့တွင် တွေ့ဆုံခဲ့မှု အခြေအနေများ၊ ထောက်ပံ့ကူညီခဲ့မှုများ၊ မြို့မိမြို့ဖများ၊ ဆရာတော် သံဃာတော်များ၊ အစ္စလာမ်ဘာသာအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများနှင့် ရခိုင်ပြည်နယ်ရှိ လူမှုကွန်ရက်အဖွဲ့အစည်းများနှင့် တွေ့ဆုံရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း။

**ပြောဆိုဆွေးနွေးမှုများကို နားထောင်မှတ်သား**

မိမိတို့ဘက်က ရှင်းလင်းပြောကြားမှုများ ပြုလုပ်သကဲ့သို့ ၎င်းတို့၏ ပြောဆို ဆွေးနွေးမှုများကို နားထောင်မှတ်သားခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသည့် အရေးကိစ္စမှန်သော်လည်း မြန်မာနိုင်ငံတော်၏ အရေးကိစ္စဖြစ်ကြောင်း၊ ပြည်ထောင်စု၏အရေးကိစ္စဖြစ်ကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၂* ❍




မြန်မာ့အလင်း

# နောင်လာနောက်သားများအတွက် အကောင်းဆုံးငြိမ်းချမ်းရေးအမွေ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ ၁၅ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။


ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခဲ့ရာတွင် ပြီးခဲ့သည့် အစိုးရလက်ထက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်များအားလုံး ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ပြီး ဆွေးနွေးမှုများစတင်ခဲ့ရာမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်သော အဆင့်သို့ရောက်ခဲ့ခြင်းဖြစ်ရာ လေးနှစ်ကျော် ကြာမြင့်ခဲ့သည်ကို တွေ့ရပါမည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသော်လည်း ယခုအကြိမ်မှာ ပြည်တွင်းလက်နက်ကိုင်အင်အားများနှင့် နိုင်ငံတကာကိုယ်စားလှယ်များပါ ပါဝင်ပြီး အကျယ်ပြန့်ဆုံး သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကိုင်အင်အားစု ၁၇ ဖွဲ့နှင့် စာချုပ်ကို ဆွေးနွေးရာ စာပိုဒ်တစ်ပိုဒ်ချင်း၊ စာကြောင်းတစ်ကြောင်းချင်း သဘောတူညီချက်ရရန် ကြိုးပမ်းညှိနှိုင်းခဲ့ရခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ တင်ပြချက်များကို အခြေခံကာ အစိုးရဘက်မှ ပေါင်းစပ်ဆွေးနွေးအတည်ပြုခဲ့ခြင်းလည်း ဖြစ်ပါသည်။

NCA စာချုပ်တွင် အခန်းပေါင်း ခုနစ်ခန်းနှင့် အပိုဒ်ပေါင်း ၃၃ ပိုဒ် ပါဝင်သည်။ ဤစာချုပ်မှာ သာမန် အပစ်အခတ်ရပ်စဲရေး စာချုပ်သက်သက်မဟုတ်ဘဲ နိုင်ငံရေးအာမခံချက်များပါ ပါဝင်သော စာချုပ်တစ်ခုဖြစ်ပါသည်။ ၎င်းစာချုပ်တွင် စစ်ဘက်ဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများ ၅၅ ချက်၊ နိုင်ငံရေးဆိုင်ရာ အချက်အလက်များ ၃၅ ချက်၊ လူမှုစီးပွားဘဝနှင့်ဆိုင်သော အချက်အလက်များ ၂၃ ချက် ပါဝင်နေပါသည်။ အခန်း ၅ ပါ နိုင်ငံရေးလမ်းပြမြေပုံတွင် NCA လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲသဘောတူခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် စာချုပ်ပါအချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း စသောအချက်များပါဝင်သည်။

ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဒုတိယအကြိမ်ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ထိုညီလာခံတွင် နိုင်ငံရေးပါတီများ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ သဘောထားအမြင်များကို တင်ပြခဲ့ကြပြီးလည်း ဖြစ်ပါသည်။ ယခုအချိန်မှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန် တာစူနေချိန်လည်းဖြစ်သည်။ ယခု NCA စာချုပ် တစ်နှစ်ပြည့်အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က 'ငြိမ်းချမ်းရေးရဖို့ဆိုရင်၊ အပစ်အခတ်ရပ်စဲရေးရဖို့ဆိုရင် ကျွန်မတို့ရဲ့ အတွင်းမီးတွေဖြစ်တဲ့ ဒေါသတွေ၊ အာဃာတတွေငြိမ်းဖို့ဟာ အင်မတန်အရေးကြီးကြောင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးက မိမိတို့အတွင်းက ဒေါသတွေ၊ အာဃာတတွေငြိမ်းအောင်လုပ်နိုင်မှ စစ်မှန်တဲ့ငြိမ်းချမ်းရေးရနိုင်မှာဖြစ်ကြောင်း' ပြောကြားသွားသည်။ ဆက်လက်ပြီး 'အစိုးရအဖွဲ့၊ တပ်မတော်အဖွဲ့၊ တိုင်းရင်းသားများအဖွဲ့အစည်းအားလုံးဟာ ဘယ်သူတွေကပိုပြီး သဘောထားကြီးနိုင်သလဲ၊ ဘယ်သူတွေက ပိုပြီးတော့ ခွင့်လွှတ်သည်းခံနိုင်သလဲ၊ ဘယ်သူတွေကအနာဂတ်ကို အတိတ်ထက် ပိုပြီးတော့ တန်ဖိုးထားနိုင်သလဲဆိုတဲ့နေရာမှာ ပြိုင်ကြပါဟု ပြောချင်ကြောင်း၊ (Fire Power) တိုက်ခြင်း၊ ခိုက်ခြင်း တိုက်နိုင်တဲ့အရည်အချင်းကို ပြိုင်မယ့်အစား မီးငြိမ်းအောင်လုပ်နိုင်တဲ့အင်အားကို၊ အရည်အချင်းကိုပြိုင်ကြပါလို့ မေတ္တာရပ်ခံချင်ကြောင်း ပြောကြားသွားသည်။

ကာကွယ်ရေးဦးစီးချုပ်၏ နှုတ်ခွန်းဆက်စကားတွင် မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် လူမျိုးပေါင်းစုံ ရောနှောနေထိုင်လျက်ရှိကြကြောင်း ပေါ်လွင်စေရန်အတွက် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ လူမျိုးအလိုက် အချိုးအစားပါဝင်မှုများကို ၂၀၁၄ ခုနှစ် လူဦးရေစာရင်းကို အခြေခံ၍ တင်ပြသွားသည်ကို တွေ့ရပါသည်။ ဆက်လက်၍ ဒီမိုကရေစီကိုလက်ခံသည်ဆိုလျှင် ဒီမိုကရေစီနှင့်ဆန့်ကျင်ဘက်ဖြစ်သော လက်နက်ကိုင်လမ်းစဉ်အပေါ် အစွဲအလမ်းကို ဖြတ်တောက်ရမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် ရှည်ကြာမည်ဆိုသည်ကို အားလုံးကသဘောပေါက်ကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က 'နိုင်ငံရဲ့နောင်လာနောက်သားများအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကိုယ့်အတွင်းမီးတွေကိုလည်း ငြိမ်းပြီးတော့ ဝိုင်းဝန်းပြီးဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံကြောင်း' ပြောကြားသွားခြင်း ဖြစ်ပါသည်။ ။




## အာရှစီနီယာစစ်တုရင် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

(၇)ကြိမ်မြောက် အာရှစီနီယာစစ်တုရင် တံခွန်စိုက်ပြိုင်ပွဲ (7th Asian Seniors Chess Championship 2016) ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် မန္တလေးမြို့ရှိ ဟေဇယ်ဟိုတယ်၌ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအပါအဝင် အာရှနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျော်ဒန်၊ ပါကစ္စတန်၊ ကာဇက်စတန်၊ မွန်ဂိုလီးယားနှင့် ဘရူနိုင်း နိုင်ငံများမှ စီနီယာချန်ပီယံများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တရားမဝင်သစ်ခိုးယူသယ်ဆောင်နေမှု သက်ဆိုင်ရာနှင့် ပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းပေးရန်လို

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တောဦးစီးဌာနမှ (၂၀၁၆/၂၀၁၇)ခုနှစ်၌ တရားမဝင်သစ် ၈၂ ဒသမ ၉၂၀၂ တန်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



မြစ်သားမြို့နယ် သစ်တောဦးစီးဌာနက "ကင်းတားတမံ(၃)အနီးရှိ ကင်းတားဆည်တမံမှ မြစ်သားမြို့နယ် အတွင်း ဖြတ်သန်းသွားလာနေတဲ့ တရားမဝင်သစ်ကားများသွားတဲ့ လမ်းကြောင်းကို ပြက္ခယွေကြိုးဝိုင်း အကွက်အမှတ်(၅၂)အတွင်း ဇူလိုင်လက အရှည်ပေ ၃၀၊ ထု ၃ ပေ၊ အမြင့် ၆ ပေရှိ အုတ်တံတိုင်းခတ်ကာရံခြင်းနဲ့ ဘတ်ဟိုးစက်တပ်ယာဉ်ဖြင့် တရားမဝင်သစ်ကားတွေ သွားနေတဲ့လမ်းတွေကို ဖျက်ဆီးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။ မြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၆/၂၀၁၇ ခုနှစ်မှာ တရားမဝင်သစ်ဖမ်းဆီးရရှိမှုအနေနဲ့ ၂၈ မှု ၊တရားမဝင်အခြား သစ်တိုင်/ခွဲသား ၉၀၉ လုံး/ချောင်း ၈၂ ဒသမ ၉၂၀၂ တန်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တရားမဝင် သစ်ဖမ်းဆီးခြင်းလုပ်ငန်းတွေကို စစ်ကြောင်းအသွင်နဲ့ ရှာဖွေဖမ်းဆီးဖော်ထုတ်ခြင်း၊ နယ်မြေရှင်းလင်းခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်သစ်တောဦးစီးမှူးက ပြောသည်။

မြစ်သားမြို့နယ်တွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအနေဖြင့် ပြက္ခယွေကြိုးဝိုင်းနှင့် မောင်းကွေကန်ကြိုးဝိုင်း နှစ်ခုရှိပြီး အဆိုပါ ကြိုးဝိုင်းနှစ်ခု၏ အကျယ်အဝန်းမှာ ၂၁၉၄၁၂ ဧက ကျယ်ဝန်းကြောင်း ယင်းကြိုးဝိုင်းများ အတွင်းရှိ သစ်တောသစ်ပင်များကိုလည်း ပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆/၂၀၁၇ ခုနှစ်တွင် မိုးရာသီ လူထုဖြန့် ပျိုးပင် ၁၂၀၀၀၀ ပျိုးထောင်ဖြန့်ဝေစိုက်ပျိုးပြီး ကျေးရွာ ပိုင်သစ်တောစိုက်ခင်း တစ်ရွာလျှင်တစ်ဧက၊ တစ်အိမ်ထောင်ကျွန်းပင် သုံးပင်၊ သစ်မာပင် ၂၀ ကို ဒေသခံပြည်သူများအား စိုက်ပျိုးပေးလျက်ရှိ ကြောင်း၊ ယခုအခါ တရားမဝင်သစ်ကားများ သွားလာနေခြင်းများကို သစ်တောဌာနသာမက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

**ကျော်ကျော်(မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၇-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၀၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၁၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၇ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၈ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၆ · ၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅ · ၅၄၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၈၁ |
| တရုတ် | တစ်ယွမ် | ၁၈၆ · ၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ · ၇၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိ



**နယူးဒေလီ အောက်တိုဘာ ၁၇**

BIMSTEC Retreat အစည်းအဝေးနှင့် BRICS and BIMSTEC Leader´s Outreach Summit အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဂိုအာမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် အိန္ဒိယသမ္မတအိမ်တော် Rashtrapati Bhavan Guest House သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ နယူးဒေလီလေဆိပ်သို့ ရောက်ရှိရာ ၎င်း၏မိတ်ဆွေတစ်ဦးက လာရောက်ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

## အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဝါကျွတ်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝါကျွတ်ကန်တော့ပွဲကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် တိုင်းဒေသကြီး၊ မြို့နယ်များမှ ပါတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကန်တော့ခံပုဂ္ဂိုလ်များဖြစ်ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့မှ နာယက သူရဦးတင်ဦး၊ အဖွဲ့ဝင် ဦးလှဖေ၊ ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ ဦးကျော်ခင်၊ ဦးအုန်းကြိုင်၊ ဗဟိုကော်မတီဝင် ဦးအောင်သိန်း၊ ဦးလှမင်း၊ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် သခင်ချန်ထွန်း၊ ဦးအုန်းမောင်(ရွှေတောင်)၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့မှ ဒေါ်စန်းနွဲ့ အပါအဝင် ၁၀ ဦးအား ပါတီဝင်များက ကန်တော့ကြပြီး ပါတီနာယက သူရဦးတင်ဦးက ဩဝါဒစကားပြောကြားသည်။

ဝါကျွတ်ကန်တော့ပွဲ မတက်ရောက်နိုင်သည့် ကန်တော့ခံပုဂ္ဂိုလ် ပါတီဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၊ ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ နာယကအဖွဲ့ဝင် ဦးကျော်ခိုင်၊ ဦးသိန်းတန်(မန္တလေး)၊ နိုင်သောင်းညွှန့်၊ ဦးသိန်းဖေ(ကန့်ဘလူ)တို့အား ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဂါရဝပြုကန်တော့ရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

မစ္စတာ ရှီကျင့်ဖျင်က ကောင်းစွာနားလည်သဘောပေါက်ကြောင်းနှင့် အပြုသဘော ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်သမ္မတနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် မူဝါဒရေးရာ သုတေသနရုံး အကြီးအကဲ Mr.Wang Huning၊ ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပါတီအတွင်းရေးမှူး ရုံးအဖွဲ့ဝင် Mr. Li Zhanshu ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Yang Jiechi နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်တွင် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ ဇနီးများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက စစ်တွေလေဆိပ်ခန်းမ၌ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်တွင်ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်လေးဦး၏ ဇနီးများအား တွေ့ဆုံ၍ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စီပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကျီးကန်းပြင်သို့ ရောက်ရှိပြီး နေမျိုးခန်းမ၌ တပ်ဖွဲ့ဝင်/မိသားစုများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မိမိနိုင်ငံ၏နယ်မြေတစ်လက်မမျှ ဆုံးရှုံးမှုမရှိစေရေးအတွက် နောင်တော်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်နှင့်အတူ လက်တွဲလုပ်ဆောင်သွားရန်၊ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာနေထိုင်သွားရန်နှင့် မလိုက်နာသူများအား ဥပဒေနှင့်အညီ တိကျစွာ အရေးယူသွားရန်၊ နယ်မြေဒေသလုံခြုံရေးဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ကျဆုံးတပ်ဖွဲ့ဝင်တစ်ဦး၏ဇနီးအား ထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ခြင်း၊ ငါးခူရနယ်မြေရုံးသို့ အကြမ်းဖက်သမားများမှ ဝင်ရောက်စီးနင်းခဲ့သည့်ဖြစ်စဉ်တွင် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သူ ရဲအုပ်ထွန်းထွန်းစိုးအား ဒုတိယရဲမှူး ရာထူးအဆင့်တိုးတံဆိပ်တပ်ဆင်ပေးခဲ့သည်။ ထို့နောက် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**Korea-Myanmar Research Association (KOMYRA) နှင့် Myanmar Public Administration Network (MPAN) တို့ပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်ရည်ရွယ်ပြီး (၇)ကြိမ်မြောက် ကိုရီးယား-မြန်မာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ညီလာခံနှင့် စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သဘောတူနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတက်ရောက်ရန် အဖွဲ့ဝင် ၁၆ ဦး ပါဝင်သော MPAN အဖွဲ့ အောက်တိုဘာ ၁၆ ရက် ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ MPAN ဥက္ကဋ္ဌ ဦးစောလုလုထော်၊ ဒုတိယဥက္ကဋ္ဌ များဖြစ်သည့် ဦးလွင်နိုင်ဦး၊ ဦးသန့်ဇင်တို့နှင့်အတူ တွေ့ရစဉ်** ဖိုးသော်ဇင်

## အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄/၂၀၁၆) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄/၂၀၁၆) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန် တက်ရောက် သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာ ဘာသာရပ်များကို ပိုမိုလေ့လာလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများ၊ ပါမောက္ခများနှင့် ဝါရင့်သံတမန်များက လက်ရှိဖြစ်ပေါ်တိုးတက်နေသော မျက်မှောက်ခေတ်ရေးရာများနှင့် သံတမန်ရေးရာဘာသာရပ်များကို သင်တန်းကာလ ခုနစ်ပတ်အတွင်း လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

❀ ကျော်ဖုံးမှ

အလျှုခံယူမည့် ကျောင်းတိုက်သည် ယခုတစ်လအတွင်း တစ်ကြိမ်သာ ကျင်းပပြုလုပ်ရန် ဝိနည်းတော် သတ်မှတ်ထားကြောင်း၊ တစ်နှစ်မှာ တစ်ကြိမ်၊ တစ်ကြိမ်မှာ တစ်လတည်း၊ တစ်လမှာ တစ်ရက်တည်း ခက်ခဲသည့် အလှူတော်ဖြစ်သည့်အတွက် မွန်မြတ်သည့် အလှူတော်မှာ ပါဝင်ပါကြောင်း။

**ပါဝင်ဆွေးနွေး**

ယခုပြုလုပ်သည့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်နေသည့် အခမ်းအနားဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံ၍ လစ်ဟင်းချွတ်ချော်မှုများ မရှိအောင် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူကြမည့် ဆရာတော်ကြီးများ တည်းခိုနေထိုင်မည့် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ ကျောင်းဆောင်များကို ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် သက်ဆိုင်ရာကော်မတီများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အကြံဉာဏ်များ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်း ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ညှော့ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီ၊ ညှော့ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်း ပြင်ဆင်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ဦးစီး ကော်မတီနာယကက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**



ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေမှန်များ သိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ထို့ကြောင့် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆရာတော်၊ သံဃာတော်များက ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်နှလုံးမသာမယာဖြစ်ရကြောင်း၊ နောင်အလားတူမဖြစ်ရန် သတိ ဝီရိယနှင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခင်က အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုအချိန်တွင် ပို၍ကြီးကြီးမားမား ဖြစ်သည့်အတွက်ကြောင့် ထပ်မဖြစ်ရန် ဂရုစိုက်ဆောင်ရွက်သင့်ကြောင်း၊ တပ်များ အင်အားဖြည့်တင်းပြီး လုံခြုံရေးစိတ်ချရအောင် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသအမြန်ဆုံးပြန်လည် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးရန်၊ ဒေသခံပြည်သူလူထု စိတ်လုံခြုံမှုရှိပြီး အကြောက်တရားများ လျော့ပါးအောင် ဆောင်ရွက်ပေးရန်၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနောက်သို့ ပါရှိသွားသည့် လက်နက်များ အမြန်ဆုံးပြန်ရအောင် ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားရွာများ ဆက်လက်ရပ်တည်နေထိုင်နိုင်ရေး အစိုးရအနေဖြင့် ကူညီထောက်ပံ့ပေးရန်တို့ကို ဆွေးနွေးပါကြောင်း။

**၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်**

ယင်းနောက် ဒေသခံများ ဆွေးနွေးတင်ပြသည့် အချက်များတွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်၊ ပြည်သူ့စစ်များ ဖွဲ့စည်းပြီး လက်နက်တပ်ဆင်ပေးရန်၊ လူဝင်လူထွက်များကို စစ်ဆေးကြပ်မတ်မှု မရှိဖြစ်နေသည်ကို စိစစ်ဆောင်ရွက်ပေးရန်၊ ကျေးရွာများ၌ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် စသည့် အချက်များ ဆွေးနွေးပါကြောင်း။

ပြဿနာကို အရင်းအမြစ်ဝေဖန် သုံးသပ်ပြီး ဆွေးနွေးမှုများလည်း ရှိပါကြောင်း၊ ထိုအထဲတွင် ပုဂ္ဂိုလ်တချို့က အကြမ်းဖက် တိုက်ခိုက်သူများဘက်မှ Soft Power ၊ Hard Power နှင့် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်လာသည့်အတွက်ကြောင့် မိမိတို့ဘက်ကလည်း လုံခြုံရေးဆိုင်ရာ အစီအမံကို အစိုးရလုံခြုံရေးအဖွဲ့နှင့် နယ်မြေခံပြည်သူလူထုတို့ ပူးပေါင်းပါဝင်သည့် မဟာဗျူဟာတစ်ရပ် ပီပြင်စွာ စီမံချက် ရေးဆွဲဆောင်ရွက်ရန် စသည်ဖြင့် တိုက်တွန်းပြောဆိုမှုများလည်း ရှိပါကြောင်း။

အစ္စလာမ် ဘာသာရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များနှင့် ပြောဆိုသည့်အခါတွင် သူတို့ဘက်က ဆွေးနွေးတင်ပြသည့်အထဲတွင် ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း၊ ဘယ်အကြမ်းဖက်မှုမျိုးကို မဆို လက်မခံဘဲ ရှုတ်ချကြောင်း၊ အစ္စလာမ် ဘာသာဝင်များအနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကြမ်းဖက်သူများနှင့် ပတ်သက်သည့် ရရှိသောသတင်းများကို သက်ဆိုင်ရာကို သတင်းပို့တင်ပြမည် ဖြစ်ကြောင်းနှင့် ၎င်းတို့၏ လုံခြုံမှုအတွက်လည်း အစိုးရအနေဖြင့် ကူညီပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည်ဟု တင်ပြချက်များ ရှိပါကြောင်း။

**ကဏ္ဍအသီးသီးအလိုက် သုံးသပ်မှုများ ပြုလုပ်လျက်ရှိ**

ခရီးစဉ်တွင် တွေ့ရှိခဲ့သည့်အချက်များနှင့်စပ်လျဉ်းပြီး သွားရောက်ခဲ့သည့် အဖွဲ့အနေဖြင့် ကဏ္ဍတစ်ခုချင်းအလိုက် ကာကွယ်ရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးစသဖြင့် ကဏ္ဍအသီးသီးအလိုက် သုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ စုပေါင်းပြီး သုံးသပ်ချက်ပြုလုပ်လျက်ရှိပါကြောင်း၊ အောက်တိုဘာ ၁၅ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အစည်းအဝေးတွင် မိမိတို့ ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

လတ်တလောဖြစ်နေသည့်ကိစ္စရပ်များနှင့် ယင်းအပေါ် ဆက်လက်ပြီး ဆောင်ရွက်သည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်းဖြစ်ပြီး သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းလာသမျှကိုလည်း ဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဖြစ်စဉ်ဖြစ်ရပ်များကို ပွင့်လင်းမြင်သာစွာ ဆောလျင်စွာ ဖြေကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အကြမ်းဖက်မှုနှင့်ဆက်စပ်မှုရှိသည့် နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှု အခြေအနေသိလိုကြောင်း မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖြေကြားရာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လူ့အခွင့်အရေးအဆိုမူကြမ်းကို ဥရောပသမဂ္ဂက ကမကထလုပ်၍ တင်ပြပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီတိုးတက်လာခြင်း၊ ဒီမိုကရေစီအရ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်ပေါ်လာခြင်း၊ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရအနေဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေခြင်းတို့အပေါ် မူတည်ပြီး ဥရောပသမဂ္ဂအနေဖြင့် အဆိုမူကြမ်းကို မတင်တော့ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အခြားသူများ တင်ပြခြင်းကိုလည်း ၎င်းတို့အနေဖြင့် မလိုလားဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

**ကျေနပ်သူရှိသကဲ့သို့ မကျေနပ်သူများလည်းရှိ**

အဆိုပါ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ကျေနပ်သူရှိသကဲ့သို့ မကျေနပ်သူများလည်းရှိပါကြောင်း၊ ပြည်ပမှ ပါဝင်ပတ်သက်သူများ ရှိနေသည်ဆိုရာတွင် သက်ဆိုင်ရာ အစိုးရများအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း မရှိစေရန်အတွက် မိမိတို့အနေဖြင့် သံတမန်လမ်းကြောင်းအရ ဆောင်ရွက်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း အကြမ်းဖက်မှုမှန်သမျှ ၎င်းတို့ လက်မခံဟု ရပ်တည်ပေးထားပါကြောင်း၊ ထိုသို့ ရပ်တည်ထားပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့သည့်ကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သူနှစ်ဦးကို လာရောက်ပြီး အပ်နှံထားခြင်းလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အဆိုမူကြမ်းကို OIC ဟုခေါ်သည့် အစ္စလာမ့်နိုင်ငံများ အဖွဲ့အစည်းမှနေ၍ တင်ပြရန် ကြိုးစားနေမှုလည်း ရှိပါကြောင်း၊ ထိုသို့ ကြိုးစားသည့်နေရာတွင် မိမိတို့ဘက်ကလည်း အဖြစ်မှန်ကို အားလုံးကို တင်ပြနေပါကြောင်း၊ ဤအရေးကိစ္စတွင် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ အင်အားသုံးသည့် အခါမှာပင် လိုအပ်သည့် အင်အားထက် ပိုပြီးမသုံးဘူးဆိုသည့်ကိစ္စကိုလည်း ရှင်းပြနေပါကြောင်း၊ အာဆီယံနိုင်ငံများထဲ၌ အစ္စလာမ်ဘာသာကိုးကွယ်သည့် နိုင်ငံသုံးနိုင်ငံရှိပါကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ ဖြစ်ပါကြောင်း၊ အဆိုပါနိုင်ငံများမှ သံအမတ်ကြီးများအား ယနေ့ခေါ်တွေ့ပြီး အခြေအနေမှန်ကို ပိုမိုသိရှိအောင် ရှင်းပြပါကြောင်း။

**တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သုံးနိုင်ငံစလုံးက လက်ခံ**

ထိုသို့ရှင်းပြသည့်အခါတွင် ၎င်းတို့၏ရပ်တည်ချက်ကိုလည်း ပြောပြပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက အင်ဒိုနီးရှားအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် မလိုလားပါကြောင်း ပြောကြားခဲ့ရာ ယင်းမှာ အင်မတန်မှ အရေးကြီးပါကြောင်း၊ နောက်မိမိတို့၏ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး ၎င်း၏ရပ်တည်ချက်ကို ပြောကြားရာတွင်လည်း မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်သည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံတွင်ရှိသည့် လုပ်ပိုင်ခွင့်သာဖြစ်ပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အင်ဒိုနီးရှားအစိုးရအနေဖြင့် လက်ခံပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးကာကွယ်ရေးကို လက်ကိုင်ထား ဆောင်ရွက်နေသည်ကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်ကို တွေ့ရပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် အစ္စလာမ်ဘာသာဝင် သန်းပေါင်းများစွာ နေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါသံအမတ်ကြီး၏ ရပ်တည်ချက်ကို ဘရူနိုင်း သံအမတ်ကြီးနှင့် မလေးရှားနိုင်ငံသံအမတ်ကြီးကလည်း ထောက်ခံပြီး ထိုအတိုင်း ရပ်တည်ကြပါကြောင်း။




စာမျက်နှာ ၅ သို့




*စာမျက်နှာ ၄ မှ*

**ဥရောပသမဂ္ဂ သံအမတ်ကြီးကိုလည်း ရှင်းပြ**

နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါ နိုင်ငံများသာမက နိုင်ငံအားလုံးကိုလည်း ရှင်းပြထားပါကြောင်း၊ မိမိအနေဖြင့်လည်း ဥရောပသမဂ္ဂသံအမတ်ကြီးကို ဆက်သွယ်ပြီး ဤကိစ္စနှင့်ပတ်သက်၍ ပြောပြပါကြောင်း၊ ဥရောပသမဂ္ဂ သံအမတ်ကြီးကလည်း ၎င်းအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား မိမိတို့၏ လုပ်ဆောင်ချက်များကို ရှင်းပြပေးမည်ဖြစ်မည်ဟု ပြောပါကြောင်း၊ ဤနည်းဖြင့် သံတမန်နည်းလမ်းမှနေ၍ အခြားသက်ဆိုင်ရာ သံအမတ်ကြီးများကိုလည်း ရှင်းပြရန် ရှိပါကြောင်း ဖြေကြားသည်။

**ရေရှည် မည်သို့ဆောင်ရွက်မည်**

အကြမ်းဖက်မှု ဖြစ်ပွားနေသည့်နေရာတွင် ကျေးရွာနှင့် လူဦးရေအရေအတွက်နှင့် ရေရှည်မည်သို့ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လက်ရှိနောက်ဆုံးစာရင်းအရ ဘူးသီးတောင်၊ မောင်တောဒေသ၌ ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက် ကျေးရွာအုပ်စု ၂၀၄ စု၊ ကျေးရွာပေါင်း ၉၀၅ ရွာရှိပါကြောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာမှာ ၃၄၉ ရွာရှိပြီး ဘင်္ဂါလီကျေးရွာ ၅၃၆ ရွာ ရှိပါကြောင်း၊ တိုင်းရင်းသားနှင့် ဘင်္ဂါလီပူးတွဲနေသည့် ကျေးရွာ ၂၀ ရှိပါကြောင်း၊ တိုင်းရင်းသားလူဦးရေမှာ တစ်သိန်းနှစ်သောင်းနှစ်ထောင့် လေးဆယ့်တစ်ဦးရှိပါကြောင်း၊ တိုင်းရင်းသားငါးထောင်သုံးဆယ့်တစ်ဦးရှိပြီး ဘင်္ဂါလီ ခုနစ်သိန်းခြောက်သောင်း ငါးထောင့်ရှစ်ရာ ခြောက်ဆယ့် နှစ်ဦးရှိပါကြောင်း၊ စုစုပေါင်းကောက်ယူသည့် စာရင်းအရ ရှစ်သိန်းကိုးသောင်း နှစ်ထောင့်ကိုးရာ သုံးဆယ့်လေးဦး ရှိကြောင်း ပြောကြားသည်။

**ဒေသလုံခြုံရေး လမ်းပန်းဆက်သွယ်ရေး**

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ မူလတာဝန်ဖြစ်သည့် လုံခြုံရေးအပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များမဖြစ်ပွားစေရန် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဒေသလုံခြုံရေးကို ဆက်လက်ပြီး တည်ဆောက်နေမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး လမ်းကြောင်းလုံခြုံရေးများကို လုပ်ထားသော်လည်း ပုဂ္ဂလိကယာဉ်လိုင်းများ ပြေးဆွဲရန် အားနည်းနေမှု၊ ဒေသတစ်ခုမှာ ပိတ်မိနေသူများ သွားလာနိုင်ရန်အတွက်လည်း အုပ်ချုပ်ရေး အဖွဲ့အစည်းများက စီစဉ်ပေးသည့် ပို့ဆောင်ရေးလုပ်ငန်းစဉ်နှင့် ရွှေ့ပြောင်းပို့ဆောင်မှုများ လုပ်ပေးနေမှု၊ ကာလတစ်ခုအတွင်းမှာ ပုံမှန်လမ်းပန်းဆက်သွယ်ရေးကိုလည်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း ပုံမှန်လူနေမှုဘဝကို ပြန်လည်ရရှိနိုင်ရန် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း ဖြေကြားသည်။

**ခရီးစဉ်သုံးသပ်ချက်များ**

ရခိုင်ကျေးရွာများ ဆက်လက်ရပ်တည်ရန် ဆောင်ရွက်မည့်အစီအစဉ်နှင့် အစိုးရကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သုံးသပ်ချက်များသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆရာတော်များပါဝင်သည့် မြို့မိ မြို့ဖများနှင့်လည်း တွေ့ဆုံပြောဆိုခဲ့ပါကြောင်း၊ ရခိုင်ကျေးရွာများ ဆက်လက်ရပ်တည်ရန်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အဆိုပါဒေသ၌ ရခိုင်တိုင်းရင်းသားများသည် လူဦးရေအရအချိုးအစား နည်းပါးပါကြောင်း၊ ထိုသို့နည်းပါးသည့်အတွက် ပဋိပက္ခဖြစ်ပွားပါက ထိခိုက်ဆုံးရှုံးမည်ကို စိုးရိမ်ကြပါကြောင်း၊ အဆိုပါဒေသ၌ ရခိုင်တိုင်းရင်းသားများ၏ စိုးရိမ်ကြောင့်ကြမှုများမှာ တော်တော်ကြီးမားနေသည်ကို မိမိတို့ တွေ့ရှိရပါကြောင်း။

**လူ ၁၀၀ တွင် ၁၀၀ လုံး ပြန်လာရန်မှာ မသေချာ**

ပြဿနာ မတည်မငြိမ်ဖြစ်လာပါက ရွှေ့ပြောင်းကြပါကြောင်း၊ ယခုပြဿနာဖြစ်ပွားသည့်အတွက် အနည်းနှင့်အများ ရွှေ့ပြောင်းမှုရှိနေသည်ကို အားလုံးကြားသိပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းပြီးပါက ယခုနေရာများမှာ တည်ငြိမ်သွားပြီဆိုပါကလည်း ရွှေ့ပြောင်းသွားသူများထဲမှ လူ ၁၀၀ တွင် ၁၀၀ လုံး ပြန်လာရန်မှာ မသေချာဘူးဆိုသည်ကို စဉ်းစားနိုင်ပါကြောင်း၊ သို့ဖြစ်၍ တဖြည်းဖြည်းနည်းပါးသွားပါက ရခိုင်ရွာများ၏ ရပ်တည်မှုသည် ပို၍ခက်ခဲသွားလိမ့်မည်ဆိုသည့် စိုးရိမ်ရသည့်အကြောင်းကို တင်ပြကြကြောင်း၊ ယင်းကိုမည်ကဲ့သို့ ကုစားမည်ဆိုသည်မှာ ရေရှည်အတွက် စဉ်းစားသုံးသပ်၍ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊

မိမိတို့အဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်များအနက်မှ အဓိကကျသည့် အချက်တချို့ကို ပြောရမည်ဆိုပါက ယခုပြဿနာသည် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့သည့် အကြောင်းတရားများကို အခြေပြု၍ ယခုဖြစ်စဉ် ပေါ်ပေါက်သည်ဟု သုံးသပ်ရပါကြောင်း၊ လတ်တလော အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆုံးရှုံးသွားသည့် လက်နက်ခဲယမ်းများ အမြန်ဆုံးပြန်လည်ရရှိရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေး၊ ၎င်းတို့နှင့် အဆက်အသွယ်ရှိသူများကို အမြန်ဆုံးဖော်ထုတ်ရေး စသည်များ လိုအပ်သည်ဟု မိမိတို့ သုံးသပ်ပါကြောင်း။




**လုံခြုံမှုအပြည့်အဝရှိပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သင့်**

ထိုကဲ့သို့ ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့်သာ ရေတိုရေရှည် အကျိုးဖြစ်ထွန်းနိုင်မည်ဟု သုံးသပ်ပါကြောင်း၊ ယခုဖြစ်စဉ်အပေါ် ဆောင်ရွက်သည့် နေရာတွင် ပြဿနာဖြစ်သည့် ကျေးရွာများ၌ တရားဥပဒေစိုးမိုးရေး ပြည့်ဝစွာရှိရန်နှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် တစ်ပါတည်းဆောင်ရွက်သင့်သည်ဟု မိမိတို့သုံးသပ်ရရှိပါကြောင်း၊ ရေတိုရေရှည်တွင် ဒေသခံပြည်သူလူထု လုံခြုံမှုအပြည့်အဝရှိပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါကြောင်း။

**အပြုသဘောဆောင်သည့် သဘောထားရှိလာ**

နတ်မြစ်ဝတွင်ရှိသည့် ဒုက္ခသည်စခန်းများ၌ လူဝင်လူထွက်ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြား၌ရှိသည့် ခြံစည်းရိုးကို ခိုင်ခံ့ပြီး လုံခြုံမှုရှိစေရန်အတွက် ဘဏ္ဍာငွေ သုံးစွဲဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်ပါကြောင်း၊ တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လုံခြုံမှုကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်သည်ဟု သုံးသပ်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ အချို့သော နိုင်ငံရေးပါတီများသည် လက်ရှိအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းပါးခဲ့သော်လည်း အောက်တိုဘာ ၉ ရက်ဖြစ်စဉ်အပေါ်တွင် ရခိုင်ပြည်နယ်ရှိ နိုင်ငံရေးပါတီအားလုံးက အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဟု ပြောကြားကြသည်ကို တွေ့ရသည့်အတွက် ယခုဖြစ်စဉ်အပေါ် အပြုသဘောဆောင်သည့် သဘောထားရှိလာသည်ဟု မိမိတို့ သုံးသပ်မိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုကွန်ရက်အဖွဲ့အစည်းများ၏ ကိုယ်စားပြုကော်မတီသည်လည်း ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သည့် သဘောထားများ တင်ပြလာသည့်အတွက် ၎င်းတို့၏ အကြံဉာဏ်များကိုလည်း မိမိတို့ စဉ်းစားသုံးသပ်ပါကြောင်း၊ ယခုအချက်များသည် မိမိတို့၏ ယေဘုယျ သုံးသပ်ချက်များဖြစ်ပြီး ယင်းအပေါ်တွင် ဆက်လက်ဆွေးနွေး၍ ရေတိုရေရှည်အတွက် စီစဉ်ဆောင်ရွက်သွားရန် ရှိပါကြောင်း ဖြေကြားသည်။

**စစ်ဆင်ရေးနယ်မြေ**

ရခိုင်ပြည်နယ်ဖြစ်စဉ်တွင် အင်အားမသုံးဘူးဆိုသော်လည်း တပ်မတော်စစ်ကြောင်းများက သေနတ်ဖြင့် ပစ်ခတ်မှုများသည် အမှန်တကယ်လိုအပ်၍သုံးစွဲခြင်း ဟုတ်၊ မဟုတ်၊ ဒေသခံတိုင်းရင်းသားများ ပြည်သူ့စစ်မဟာဗျူဟာအရ လက်နက်တပ်ဆင်လိုမှုကို အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်၊ အကြမ်းဖက်ခေါင်းဆောင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သင်တန်းသွားရောက်တက်ခဲ့သည်ဆိုသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မြန်မာအစိုးရအနေဖြင့် တရားဝင်ကန့်ကွက်ရန် အစီအစဉ် ရှိ/မရှိ၊ ဖြစ်စဉ်တွင်ပါသည့် အကြမ်းဖက်ခေါင်းဆောင်များသည် ကျေးရွာများ၌ ဝင်ရောက်နေထိုင်မှုနှင့် ပတ်သက်ပြီး လဝကနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် လူဝင်၊ လူထွက်များကို မည်သို့ စိစစ်ဆောင်ရွက်မည်ဆိုသည့် မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက ယခုဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သောကြောင့် အကြမ်းဖက်သုံးဦး သေဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ မောင်တောဒေသ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်သမားများ စတင်တိုက်ခိုက်ခဲ့သည့် အောက်တိုဘာ ၉ ရက်မှာပင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က နိုင်ငံတော်သမ္မတရုံးသို့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် နယ်မြေကို စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခွင့်ပြုရန် တင်ပြခွင့်ပြုချက်ရယူခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယင်းနယ်မြေသည် စစ်ဆင်ရေးနယ်မြေများဖြစ်ကြောင်း၊ ယင်းနယ်မြေများ၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားပါကြောင်း။

**တပ်ဖွဲ့ဝင်များကို ဓားနှင့် ဝင်ခုတ်**

တပ်မတော်က ဖြစ်စဉ်စတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၉ ရက်မှ စတင်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းပြီး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေးဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်မြေရှင်းလင်းရာတွင် တောတွင်း၊ တောင်ပေါ် နယ်မြေများကို ရှင်းလင်းရာတွင် တပ်မတော်ကဦးဆောင်ပြီး နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းရှင်းလင်းခဲ့ပါကြောင်း၊ သတင်းရသည့်ရွာများကို ရှင်းလင်းရာတွင် ရဲတပ်ဖွဲ့ဝင်များက ရှေ့မှဝင်ရောက်ပြီး တပ်မတော်က ရဲတပ်ဖွဲ့ကို ဝန်းရံပါကြောင်း၊ မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းဒေသရှိ ရွာများကို သတင်းအရ ပူးပေါင်းရှင်းလင်းခဲ့မှုများရှိပါကြောင်း၊ နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် နယ်မြေဒေသအေးချမ်းရေးကို လိုလားသည့် ရွာသူ၊ ရွာသားများ ပူးပေါင်းပါဝင်သည့် ရွာများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ဓားနှင့် ဝင်ခုတ်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုများ စတင်ဖြစ်ပွားစဉ်ကပင် ရဲတပ်ဖွဲ့ဝင်များ ဓားဒဏ်ရာများဖြင့် ကျဆုံးခဲ့ရပါကြောင်း။

တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အကြီးအကျယ် ထိခိုက်စေခြင်းဖြစ်သည့်အတွက် လျစ်လျူရှု၍ မရပါကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များကို ပူးပေါင်းကာကွယ်နေသည့် တပ်မတော်အနေဖြင့် ပစ်ခတ် ဖမ်းဆီးရုံမှလွဲ၍ အခြားနည်းလမ်းမရှိပါကြောင်း။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း လိုအပ်သည့် ထိန်းသိမ်းတုံ့ပြန်မှုများကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မိမိတို့ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများနှင့် တွေ့ခဲ့ပါကြောင်း၊ ထို့အပြင် အစ္စလာမ်အသိုင်းအဝိုင်းက လူထုနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း၊ လက်နက်တပ်ဆင်မှုကိစ္စများ၊ ပြည်သူ့စစ် ဌာနေဖွဲ့စည်းမည့်ကိစ္စများ ဆောင်ရွက်ရန် တောင်းဆိုသည့်အခါတွင် မိမိတို့ ရခိုင်တိုင်းရင်းသားလူထုက တောင်းဆိုခြင်းဖြစ်ပါကြောင်း။

**ဒေသန္တရ ရဲတပ်ဖွဲ့**

မိမိအနေဖြင့် ပြောရလျှင် ယင်းကိစ္စသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့ လက်ရှိအစိုးရအနေဖြင့်လည်း ယင်းရပ်ရွာ၌ရှိသည့် လူ့အသိုင်းအဝိုင်းနှစ်ခုကို အဆင်ပြေစေရန် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် မိမိတို့ လက်နက်တပ်ဆင်ရေးကိစ္စမှာ လောလောဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ သို့သော်လည်း မိမိ အကြံတစ်ခုပေးပါကြောင်း၊ စစ်တွေ လူထုနှင့် တွေ့ဆုံသည့်အခါတွင် ပြည်နယ်ရဲမှူးချုပ်ကြီးက ရှင်းပြခဲ့ပါကြောင်း၊ ဒေသန္တရ ကာကွယ်ရေးအတွက် ကျေးရွာများ၊ ရပ်ရွာများ၌ ပြည်သူ့စစ် တာဝန်ထမ်းဆောင်မည်ဆိုပါက မိမိလုပ်ငန်းတစ်ဖက်လည်း ရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားသည့် ဒေသန္တရ ရဲတပ်ဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ စိတ်ပါဝင်စားပါက ရခိုင်ပြည်သူများက မိမိရပ်ရွာ၊ မိမိကျေးရွာကို တရားဝင်ဝန်ထမ်းအဖွဲ့အစည်းများဖြင့် ကာကွယ်နိုင်ရန် ဒေသန္တရ ရဲတပ်ဖွဲ့များတွင် ဝင်ရောက်ရန် အစီအစဉ်ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဆောင်ရွက်ရန် အကြံပြုထားပါကြောင်း၊ ယခု ဒေသအသိုင်းအဝိုင်းများ တည်ငြိမ်အေးချမ်းမှုရှိအောင် လက်ရှိအစိုးရ၊ တပ်မတော်နှင့် မြန်မာနိုင်ငံ

*စာမျက်နှာ ၆ သို့*


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြေကြားစဉ်


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြေကြားစဉ်

*စာမျက်နှာ ၅ မှ*

ရဲတပ်ဖွဲ့တို့က စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေ ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ထို့ကြောင့် လောလောဆယ်တွင် ပြည်သူ့စစ်မဟာဗျူဟာ ဆောင်ရွက်ရန် ကိစ္စများ၊ လက်နက်တပ်ဆင်မည့် ကိစ္စများမှာ ရေရှည်စဉ်းစားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း ဖြေကြားသည်။

**နယ်စပ်တစ်လျှောက် လုံခြုံရေး ပိတ်ဆို့ပေးထား**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဘင်္ဂလားဒေ့ရှ်က တာဝန်သိသည့် အိမ်နီးနားချင်းနိုင်ငံတစ်ခု အနေဖြင့် ကျူးလွန်သူများ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးမလာနိုင်အောင် အောက်တိုဘာလ အစောပိုင်းမှစပြီး နယ်စပ်တစ်လျှောက် လုံခြုံရေးပိတ်ဆို့ပေးထားပါကြောင်း၊ ယင်းနေ့မှာပင် ရခိုင်ပြည်နယ်ဘက်က ထွက်ပြေးလာသူနှစ်ဦးကို မြန်မာအစိုးရလက်ထဲသို့ ပြန်လည်လွှဲအပ်ပေးနိုင်ခဲ့သည်ဟု ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားပါကြောင်း၊ နှစ်နိုင်ငံ အာဏာပိုင်များ အဆက်အသွယ်မပြတ် ရှိနေပြီး မြန်မာအစိုးရဘက်က တောင်းဆိုသမျှကို ဖြည့်ဆည်းပေးနေသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါကြောင်း ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ယခုကိစ္စနှင့် စပ်လျဉ်းပြီး ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးနှင့် ခေါ်ယူတွေ့ဆုံကာ ယင်းကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ မိမိတို့ ရှင်းထားသည့်အထဲတွင် ပါဝင်သည့် ခေါင်းဆောင်သည် ပါကစ္စတန်တွင် သွားရောက်ပြီး လေ့ကျင့်မှုများ လုပ်သည်ဟု ပြောထားပါကြောင်း၊ ယခုအချိန်တွင် သတင်းအချက်အလက်များမှာ ကနဦးအနေအထားသာ ရှိနေပါကြောင်း၊ အချက်အလက် တိတိကျကျ ခိုင်ခိုင်မာမာမရှိဘဲနှင့် တစ်ဖက်ဖက်ကို သွား၍ စွပ်စွဲ၍မရပါကြောင်း၊ ထို့ကြောင့် ကန့်ကွက်သည်ဆိုသည့်အဆင့်ကို သွား၍ မရသေးပါကြောင်း၊ သေချာခိုင်မာသည့် သတင်းအချက်အလက်များအားလုံး ရှိမှသာလျှင် မိမိတို့က ကန့်ကွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိရသည့် သတင်းအချက်အလက်များသည် ကနဦးအဆင့်သာ ရှိပါကြောင်း၊ မိမိတို့က ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို စပြီးတောင်းဆိုရပါကြောင်း၊ မိမိကိုယ်တိုင် သံအမတ်ကြီးနှင့်တွေ့ဆုံပြီး ပြောကြားသည့် အချက်အားလုံးကို သံအမတ်ကြီးက လက်ခံပါကြောင်း၊ တစ်အချက် ၎င်းတို့အနေဖြင့် ထိခိုက်မှုအတွက် စာနာပါကြောင်း၊ ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း။

တစ်ချိန်တည်းမှာပင် ပါကစ္စတန်သံအမတ်ကြီးနှင့်လည်း ကိုယ်တိုင်တွေ့ဆုံပြီး ယင်းကိစ္စကို မေးထားပါကြောင်း၊ ယင်းဖြစ်ရပ်ကို ကျူးလွန်နေသည်ဆိုသည့် ခေါင်းဆောင်များ၏ အမည်များသည် သူတို့ဆီတွင် ဘုံသုံးသည့်အမည်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့ ခိုင်ခိုင်မာမာ အချက်အလက်မရှိဘဲ ၎င်းတို့အနေဖြင့် တိတိကျကျ အရေးယူပေးရန် ခက်ခဲပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအစိုးရ၏ ပန်ကြားချက် သတင်းအချက်အလက်ကို ၎င်းတို့အနေဖြင့် လက်ခံရရှိကြောင်း၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ၎င်းတို့အနေဖြင့် ဆောင်ရွက်ပေးမည်ဆိုသည့်အပိုင်းမှာ ၎င်းတို့ဘက်က ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ အလားတူ မိမိတို့ထုတ်ပြန်သည့် သတင်းများတွင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဆော်ဒီတို့ကို သံတမန်ရေးရာနည်းလမ်းဖြင့် အသုံးပြုပြီး လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို မိမိတို့အနေဖြင့် တောင်းဆိုထားပါကြောင်း ဖြေကြားသည်။

**ကျေးရွာ လူဝင်၊ လူထွက်**

ကျေးရွာ လူဝင်၊ လူထွက်ကို မည်သို့ဆောင်ရွက်ထားသလဲဆိုသည့် မေးခွန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖြေကြားရာတွင် မိမိတို့ဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်တွင် အမှတ်(၄) လူဝင်မှုကြီးကြပ်ရေးဌာနခွဲ အနောက်ဘက် နယ်စပ်ဒေသ နယ်မြေ လေးခုရှိပါကြောင်း၊ ယင်းနယ်မြေဒေသ လေးခုတွင် နယ်မြေ ၁၁ ခု ပိုင်းခြားထားပါကြောင်း၊ စခန်း ၂၆ ခု ရှိပါကြောင်း၊ ချောင်းပေါက်ဝ ကင်းစခန်း ၂၇ ခု ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ သဘောတူညီချက်အရ မောင်တောကုန်သွယ်ရေး နယ်စပ်စခန်းမှ နှစ်နိုင်ငံ ပြည်သူများအား အပြန်အလှန်သွားလာနိုင်ရေး ခြောက်ညအိပ် ခုနစ်ရက် တရားဝင်ခွင့်ပြုချက်ဖြင့် ပေးနေပါကြောင်း၊ နေ့စဉ်နှင့်အမျှ သွားလာနေသည့် ပြည်သူများကိုလည်း မှတ်တမ်းတင်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တချို့မှာ တရားဝင်သွားရောက်ခြင်းရှိသကဲ့သို့ တချို့မှာ တရားဝင်သွားပြီး ပြန်မလာသည့်သူများလည်း ရှိပါကြောင်း၊ တချို့မှာ တရားမဝင်သွားခြင်းများလည်း ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မိမိတို့နိုင်ငံ နယ်စပ်ဆိုသည်မှာ ကုန်းနယ်စပ်ချည်း မဟုတ်ပါကြောင်း၊ ရေပြင်ဆက်စပ်နေသည့် နတ်မြစ်တစ်လျှောက်တွင်လည်း ကူးသန်းသွားလာလျက် ရှိပါကြောင်း၊ ယင်းနယ်စပ်ဒေသအပါအဝင် ရခိုင်ပြည်နယ် တချို့နေရာဒေသများတွင် ငါးဖမ်းလှေများသည်လည်း နေ့စဉ် ရာနှင့်ချီပြီး ဝင်ထွက် နေပါကြောင်း၊ ရေပြင်ထဲရောက်သည့် အခါတွင် နယ်စပ်ဆိုသည်မှာ တိတိကျကျ သတ်မှတ်ကာရံထားရန် ခက်ခဲသည့်အတွက် ယင်းနေရာဒေသများမှ တစ်ဆင့် ကူးဝင်/ကူးထွက်များ ရှိနိုင်ပါကြောင်း၊ အမှန်တကယ်လည်း ရှိနေပါကြောင်း၊ တရားမဝင် ဝင်ရောက်မှုများ ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးအပိုင်းတွင် အားနည်းသည်ဟုဆိုပါက လက်ခံပါကြောင်း။

နောင်အနာဂတ်ကာလတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စများ၊ တရားဥပဒေစိုးမိုးမှုခိုင်မာရေးကိစ္စများ၊ တရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်ရေးကိစ္စများကို ယခုထက် ပိုမိုခိုင်မာသည့် စနစ်များဖြစ်အောင် ဌာနအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက နောင်အနာဂတ်ကာလတွင် မိမိတို့၏ အားနည်းချက်များသည် ပိုမိုလျော့နည်းသွားမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့လျော့နည်းသွားအောင် မိမိတို့အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ထိခိုက်သေဆုံးမှု၊ ဖမ်းဆီးရမိမှုများ**

အကြမ်းဖက်မှုဖြစ်စဉ် စတင်ချိန်မှ ယခုအချိန်အထိ ထိခိုက်သေဆုံးမှု၊ ဖမ်းဆီးရမိသူများနှင့်စပ်လျဉ်း၍ သိလိုကြောင်း မေးခွန်းအပေါ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြစ်စဉ်စတင်ချိန်မှ ယနေ့အချိန်အထိ ထိခိုက်ကျဆုံးမှုမှာ တပ်မတော်မှ ကျဆုံးသည့်တပ်ဖွဲ့ဝင် ငါးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ကိုးဦး၊ ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင် လေးဦးရှိပါကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းများဘက်မှ သေဆုံးသူစုစုပေါင်း အမျိုးသား ၂၈ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၃၀ ရှိပါကြောင်း၊ ဖမ်းဆီးရမိထားသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးမှုအပိုင်းတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းထားသူ ၂၉ ဦးရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းထားသူ ၂၉ ဦး ရှိပါကြောင်း၊ စစ်တွေအကျဉ်းထောင်တွင် နှစ်ဦး ချုပ်ထားပြီး ကျန် ၂၇ ဦးကို မောင်တောဒေသတွင်ရှိသည့် အချုပ်ခန်းများ၌ ထားရှိပါကြောင်း၊ အချုပ်သားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးမှုများအား စနစ်တကျ မှတ်တမ်းထားရှိပြီး စစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ရဲမှူးချုပ်တစ်ဦးကို အစားထိုး**

မောင်တောနယ်ခြားစောင့်ရဲတပ်ဖွဲ့တွင် ရဲမှူးချုပ်တစ်ဦး အစားထိုးခန့်လိုက်ခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့က ကျီးကန်းပြင်သို့ ရောက်ရှိသွားပြီဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီး နောက်နေ့တွင် ဖြစ်စဉ်နှင့်ပတ်သက်ပြီး အားလုံးစိစစ်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် အဆိုပါနယ်မြေဒေသ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုများကို လိုအပ်သည့် ပြန်လည်ဖွဲ့စည်း ပြင်ဆင်မှုများနှင့် လိုအပ်သည့်ဆောင်ရွက်ချက်များကို အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရဲမှူးချုပ်တစ်ဦးကို အစားထိုး၍ ယခင်ကွပ်ကဲရေးမှူးကို ယာယီအားဖြင့် တာဝန်မှခဏရပ်ခဲ့ပြီး အခြားဌာနတစ်ခု၌ ယာယီတွဲဖက်ထားကြောင်း ဖြေကြားသည်။

**သတင်းနှင့် သတင်းဓာတ်ပုံများ ရယူခြင်း**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်နှင့် သတင်းနှင့် သတင်းဓာတ်ပုံများ ရယူရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့က ထိန်းချုပ်ထားခြင်း ရှိ/မရှိနှင့် လွတ်လပ်စွာ သတင်းရယူခွင့် ရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းရယူမှုနှင့် ပတ်သက်၍ မည်သူ့ကိုသာ ပေးမည်၊ မပေးဘူးဆိုသည့် ခွဲခြားထားမှုမျိုး လုံးဝမရှိကြောင်း၊ တချို့ သတင်းသမားသည် မည်ကဲ့သို့ သတင်းများရယူသည်ဆိုသည်ကို မိမိ မသိရှိကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ခွဲခြားထားသည့် သဘော မရှိကြောင်း၊ ယခုဖြစ်စဉ်နှင့် ပတ်သက်၍ မိမိတို့ကိုယ်တိုင် သိရသည့် သတင်းများကို ပြည့်ပြည့်စုံစုံနှင့် မြန်မြန်ဆန်ဆန် အများပြည်သူအား တင်ပြပေးနိုင်ရန် ကြိုးစားနေကြောင်း၊ သတင်းစာရှင်းလင်းပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း၊ သတင်းနှင့်ပတ်သက်၍ ကန့်သတ်ထားမှုမရှိကြောင်း၊ မြေပြင်တွင် အမှန်တကယ် ထိတွေ့တိုက်ခိုက်မှုဖြစ်နေသည့်နေရာများသို့ မသွားပါရန်၊ မလာပါနှင့် စသည်ဖြင့် ပြောဆိုခြင်းမျိုး ရှိကောင်းရှိနိုင်ကြောင်း၊ အန္တရာယ်အတွက် စိတ်မချရဘူးဆိုသည့် သဘောမျိုး ပြောဆိုသည်မျိုး ရှိကောင်းရှိနိုင်ပါကြောင်း၊ သို့သော် တမင်ကန့်သတ်ထားခြင်းမျိုးမှာ မရှိပါကြောင်းဖြေကြားသည်။

**ကန့်သတ်ချက်မရှိ**

နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက Myanmar Review ဂျာနယ် သတင်းထောက်အနေဖြင့် စစ်သတင်းထောက် ပုံစံဖြင့် သွားခြင်းဖြစ်သည့်အတွက် တပ်မတော်အပိုင်းနှင့် ညှိနှိုင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစိုးရပိုင်းအနေဖြင့် သတင်းထောက်များ သတင်းရယူခွင့် ကန့်သတ်ချက်လုံးဝမရှိကြောင်း၊ အချို့တိုက်ပွဲနယ်မြေတွင် ကန့်သတ်ချက်ရှိကြောင်း၊ အစိုးရအနေဖြင့် ကန့်သတ်ချက်မရှိပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက Myanmar Review ဂျာနယ်မှ ကိုရဲမိုး ကိစ္စနှင့်ပတ်သက်၍ ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ၎င်းကိုယ်တိုင် ရေးသားထားပါကြောင်း၊ တပ်မတော်ကလည်း တရားဝင် ခွင့်ပြုထားခြင်းမရှိကြောင်း၊ သို့သော် ၎င်း၏ အသိုင်းအဝိုင်းသည် တပ်မတော်ဖြစ်သည့်အတွက် ၎င်းအသိုင်းအဝိုင်းတွင် ကျင်လည်သည်မှာ မဆန်းကျယ်ကြောင်း၊ လုံခြုံရေးယူနေရသည့် တပ်မတော်စစ်ကြောင်းများ၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့များအနေဖြင့် အချို့အပိုင်းများတွင် လုံခြုံရေးအရ ကန့်သတ်ရသည့်အနေအထားများ ရှိကြောင်း ဖြေကြားသည်။

**အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရသည့် အကြောင်းရင်း**

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရသည့် အကြောင်းရင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်အား ထိန်းချုပ်နိုင်ခြင်း ရှိ/မရှိ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများနှင့် နစ်နာသူများအား သက်ဆိုင်ရာက မည်သို့ ထောက်ပံ့ကူညီသွားမည်ကို သိလိုကြောင်း မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် မည်သည့်အတွက်ကြောင့် အကြမ်းဖက်မှုဖြစ်ကြသည်ကို သုံးသပ်ရန်လိုပါကြောင်း၊ နိုင်ငံတကာတွင် အကြမ်းဖက်မှုများ ဖြစ်နေပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် အကြမ်းဖက်မှုဖြစ်ပွားရသည့် အကြောင်းရင်းမျိုးစုံရှိပါကြောင်း၊ နိုင်ငံတကာက ခံယူထားသည်မှာ ဆင်းရဲနွမ်းပါးမှုသည်လည်း အကြမ်းဖက်မှုကို ဖြစ်စေနိုင်ကြောင်း၊ နောက်တစ်ခုမှာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆိုင်ပါကြောင်း၊ ထို့ကြောင့် အကြမ်းဖက်မှု၏ အရင်းအမြစ်ကို ရှာဖွေဖြေရှင်းသည့်နေရာတွင် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအနိမ့်၊ အမြင့် နည်းပါးအောင်လုပ်ရမည် ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ အယူဝါဒနှင့် ဆိုင်ပါကြောင်း၊ အယူဝါဒမျိုးစုံရှိပါကြောင်း၊ ယင်းအယူဝါဒအပေါ် ယုံကြည်ချက် အစွန်းရောက်သွားမည်ဆိုပါက ယင်းအယူဝါဒကို မှန်မှန်မယူဘဲ အစွန်းရောက်သည့်ကိစ္စကြောင့်လည်း အကြမ်းဖက်မှု ဖြစ်စေနိုင်ပါကြောင်း။

အယူဝါဒဆိုသည်မှာ ဘာသာရေး တစ်ခုတည်းကို ပြောခြင်းမဟုတ်ပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်ကို ဖြစ်ဖြစ် အစွန်းရောက်ပါက အကြမ်းဖက်မှုကို ဖြစ်စေနိုင်ပါကြောင်း၊ အကြမ်းဖက်မှု မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို မိမိတို့ နိုင်ငံတစ်ခုတည်းအနေဖြင့် စဉ်းစားရမည်မဟုတ်ပါကြောင်း၊ ကမ္ဘာနှင့်အဝန်း စဉ်းစားရမည့်ကိစ္စ ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၇ သို့*

**၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောခရိုင် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု နယ်မြေအတွင်း ကျီးကန်းပြင်၊ ကိုးတန်ကောက်၊ ငါးခူရ နယ်မြေစခန်းများတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များမှ ဖမ်းဆီးရမိသော အကြမ်းဖက်သမားများ**

**၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောခရိုင် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုနယ်မြေ အတွင်း ကျီးကန်းပြင်၊ ကိုးတန်ကောက်၊ ငါးခူရနယ်မြေစခန်းများတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသော ပစ္စည်းများ**



*စာမျက်နှာ ၆ မှ*

ယခုပြဿနာသည် အလွန်ခက်ခဲပြီး ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့်ကိစ္စဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု မရှိခြင်းသည်လည်း အကြမ်းဖက်မှုကို စေ့ဆော်စေပါကြောင်း၊ ယင်းကိစ္စများသည် အကြမ်းဖက်မှု၏ အခြေခံအကြောင်းအရာဟု သုံးသပ်လိုပါကြောင်း ဖြေကြားသည်။

**အကြမ်းဖက်မှုများ ထိန်းချုပ်နိုင်ရန်**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် တပ်မတော်နှင့်ပူးပေါင်းပြီး ထပ်မံမဖြစ်ပွားရန် မြို့၊ ရွာ၊ တပ်ဌာနချုပ်၊ စခန်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ၏ လုံခြုံမှုကို တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံတော်က ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် အကြမ်းဖက်အဖွဲ့များထံ ပါသွားသည့် လက်နက်များ ပြန်လည်သိမ်းဆည်းရမိရန်နှင့် တခြား တရားမဝင်သိုဝှက်ထားသည့်လက်နက်များ ဖော်ထုတ်ရန်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည့်အတွက် ဖော်ထုတ်သိမ်းဆည်းရရှိမှုများ ရှိနေပြီဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိထားသည့် သောင်းကျန်းသူများထံမှ သတင်းဆက်များ စိစစ်ဖော်ထုတ်ပြီး နယ်မြေအတွင်းရှိသည့် သောင်းကျန်းသူများ၊ အမာခံများနှင့် ယခုဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် သောင်းကျန်းသူများ ဖော်ထုတ်ဖမ်းဆည်းရေးလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အလားတူ ထပ်မံအကြမ်းဖက်မှုမဖြစ်ပွားအောင် ထိန်းချုပ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် သတင်းကွင်းဆက်များအရ ဖော်ထုတ်ရမည့် ပုဂ္ဂိုလ်များနှင့် ဖော်ထုတ်ရမည့် တရားမဝင် လက်နက်များကို ဖော်ထုတ်ပြီးရရှိသည့် သတင်းကွင်းဆက်များအပေါ် မူတည်၍ နယ်မြေအတွင်း အခြေမခံနိုင်အောင်ဆက်လက်ပြီး အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အကြမ်းဖက်အဖွဲ့များ အခြေခံခဲ့သည့် နိုင်ငံများနှင့်ပတ်သက်၍လည်း လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက မောင်တောဖြစ်စဉ်တွင် တပ်မတော်သား ငါးဦး ကျဆုံးခဲ့ပါကြောင်း၊ ကျဆုံးခဲ့သည့် တပ်မတော်သားများနှင့် ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့်လည်း ထောက်ပံ့မှုများ ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)အဆင့်၊ တိုင်းစစ်ဌာနချုပ်အဆင့် ထောက်ပံ့မှုများလည်း ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ထောက်ပံ့မှုများအပြင် ယခုနောက်ပိုင်းတွင် တိုက်ပွဲကျသေဆုံး မိသားစုဝင်များကို စစ်မှုထမ်းဟောင်းအိမ်ရာများပေးခြင်း၊ ၎င်းတို့ဘဝအတွက် ပင်စင်လစာအပြင် ခံစားခွင့်၊ ချီးမြှင့်ငွေနှင့် စရိတ်များအပြင် ဘဝတစ်လျှောက်လုံး အာမခံချက်ရှိရေးအတွက် နေရေး၊ ထိုင်ရေးကအစ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားသည်။

**ငွေကျပ်သိန်း ၈၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ယခုဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့အနေဖြင့် ကျဆုံးသူ ကိုးဦးရှိပြီး ဒဏ်ရာရရှိသူ ခုနစ်ဦး ရှိပါကြောင်း၊ ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင် ကိုးဦးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့မှု၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့မှု၊ ကာကွယ်ရေးဝန်ကြီးဌာနက ထောက်ပံ့မှု၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထောက်ပံ့မှုအပါအဝင် အားလုံးထောက်ပံ့မှု စုစုပေါင်းကို ကြည့်ပါက ကျဆုံးစစ်သည် တစ်ဦးလျှင် ငွေကျပ်သိန်း ၈၀ ထောက်ပံ့ထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ ဒဏ်ရာရ စစ်သည်တစ်ဦးကို လက်ရှိအချိန်အထိ ငွေကျပ်သိန်း ၃၀ ထောက်ပံ့ထားပြီး ဖြစ်ပါကြောင်း၊ အနာဂတ်အတွက်လည်း လိုအပ်သည်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း နိုင်ငံတော်က လိုအပ်သည့် ဆုတံဆိပ်နှင့် ဘွဲ့တံဆိပ်များကို ချီးမြှင့်နိုင်ရန် ဆက်လက်ပြီး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင် ဖြေကြားစဉ်

စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် စခန်းသုံးခုအနက် စခန်းနှစ်ခုက ဆောင်ရွက်ချက်များ ကောင်းမွန်ပါကြောင်း၊ ထို့ကြောင့် အဆိုပါစခန်းနှစ်ခုတွင် ရှိသည့် တပ်ဖွဲ့ဝင်အားလုံးကို တစ်ဆင့်မြှင့်ရာထူး ချီးမြှင့်ပေးလိုက်ပြီဖြစ်ပါကြောင်း ဖြေကြားသည်။

**နယ်မြေလုံခြုံရေး**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ လက်ရှိအခြေအနေ၊ ဒေသခံများ၏ ရှေ့ရေး၊ ပညာရေးနှင့် ပြောင်းရွှေ့သွားသည့် ဒေသခံများကို မည်သို့ ပြန်လည်ထူထောင်ပေးမလဲ ဆိုသည့်မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာတွင် လက်ရှိတွင် မိမိတို့မှ လုံခြုံရေးအပိုင်း တာဝန်ယူထားပြီး တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပူးပေါင်းထားသည့် စစ်ကြောင်းများ သွားလာရာလမ်းကြောင်းများတစ်လျှောက်တွင် ရံဖန်ရံခါ ထိတွေ့ဖြစ်စဉ်များ ဖြစ်ပွားသော်လည်း အဓိကကျသည့် မြို့၊ ရွာ၊ တပ်ဌာနချုပ်စခန်းများတွင် သီးသန့်အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်း မရှိသဖြင့် နယ်မြေလုံခြုံရေးနှင့်ပတ်သက်ပြီး မိမိတို့ ထိန်းချုပ်ထားနိုင်ပါပြီဟု ပြောဆိုနိုင်ပါကြောင်း။

**ပုံမှန်လည်ပတ်လျက်ရှိ**

ဆရာ/ဆရာမများသည် ကျောင်းပိတ်ရာသီဖြစ်သည့်အတွက် ယခင်ကလည်း ပြန်နေကျဖြစ်ပြီး ပြန်ချိန်နှင့် တိုက်ဆိုင်နေ၍သာ ပြန်ကြခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများမှာ တာဝန်ကျရာနေရာများ၌သာ ဆက်လက်တာဝန်ထမ်းဆောင်နေကြပါကြောင်း၊ ဒေသအုပ်ချုပ်ရေးယန္တရားမှာလည်း ပုံမှန်လည်ပတ်လျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များမှာလည်း ယခုဖြစ်စဉ် ဖြစ်ရပ်များကြောင့် တရားစွဲဆိုရသည့် လုပ်ငန်းစဉ်များမှလွဲ၍ ကျန်သည့် နယ်မြေဒေသများတွင် အကြမ်းဖက်လုပ်ရပ်အပါအဝင် ကျန်သည့် မှုခင်းဖြစ်ပွားမှုမရှိသဖြင့် ယခုအခြေအနေမှာ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်နေပြီဖြစ်ပါကြောင်း၊ သီတင်းကျွတ်ကျောင်းပိတ်ရက်အပြီး ကျောင်းများပြန်ဖွင့်ပါက နယ်မြေအခြေအနေပေါ်မူတည်၍ မူလကျေးရွာများတွင် စာပြန်သင်နိုင်ရန် ဦးတည်ရည်မှန်းချက်ထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောင်းပြန်ဖွင့်သည့် ရာသီတွင်လည်း လုံခြုံရေးကို အကောင်းဆုံးအခြေအနေသို့ရောက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူနည်းစုနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားလူမျိုးစုများမှာ ဆက်လက်ပြီး နေထိုင်ရန် စိုးရိမ်နေကြသဖြင့် အချို့ပြောင်းရွှေ့နေသည့် ရွာများကို ဘူးသီးတောင်၊ မောင်တောဘက်တွင် စုစည်းပြီး



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း ဖြေကြားစဉ်

ယာယီစခန်းများ ဖွင့်လှစ်ပေးထားကာ လိုအပ်သည့် စား၊ ဝတ်၊ နေရေးအတွက်ကိုလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ကူညီပံ့ပိုးထားသည့် စားနပ်ရိက္ခာများဖြင့် ယာယီ ထောက်ပံ့ဖြည့်ဆည်းပေးထားပါကြောင်း၊ နယ်မြေဒေသတည်ငြိမ်သွားသည့်အခါတွင်လည်း မူလကျေးရွာများတွင် ပြန်လည်နေထိုင်နိုင်ရန် ဒေသအစိုးရနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ပြန်လည်နေရာချထားရေး အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**စုစည်းကျေးရွာ**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်က ကျေးရွာများပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသား လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်နေသဖြင့် ယခု ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားသည့် ကိစ္စနှင့်ပတ်သက်၍ လူဦးရေအချိုးအစား မတူညီမှုမှာ အားလုံး အသိပင်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကျေးရွာနှစ်ခုတည်ထောင်ထားခဲ့ပြီး လက်ရှိ ကျေးရွာပေါင်း ၃၆ ရွာရှိပါကြောင်း၊ ရွှေ့ပြောင်းကျေးရွာ၊ စုစည်းကျေးရွာဟုရှိပြီး ယင်းဒေသရှိ အိမ်ခြေ ၂၀ ၊ ၃၀ ခန့်ရှိသည့် ကျေးရွာမှ တိုင်းရင်းသားများ၏ သဘောထားများကို စုစည်းရယူပြီး စုစည်းကျေးရွာအဖြစ် ထူထောင်ပေးထားပါကြောင်း၊ အခြားဒေသများမှ ဆန္ဒပြုသူများနှင့် လာရောက်နေထိုင်လိုသူများကိုလည်း လိုအပ်သည့်ထောက်ပံ့မှုများ ပေးပြီး ရွှေ့ပြောင်းကျေးရွာတွင် လူဦးရေ ၁၄၀၀၀ ခန့်ရှိနေပါကြောင်း၊ နေထိုင်ရေး အခက်အခဲရှိနေသဖြင့် လိုအပ်သည့် အထောက်အပံ့များကို ယခုခရီးစဉ်တွင် ဝန်ကြီးဌာနနှစ်ခု ပူးပေါင်း၍ ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းက နတလ စုစည်းစံပြကျေးရွာများကို ထူထောင်ပေးနေရုံမျှမက အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန် မှာကြားထားပါကြောင်း၊ ကျေးရွာများ ပိုမိုများပြားလာအောင်လည်း နိုင်ငံတော်နှင့်အတူ ဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ် လုပ်ဆောင်နေပါကြောင်း ဖြေကြားသည်။

**RSO နှင့်ဆက်သွယ်မှု**

အကြမ်းဖက်တိုက်ခိုက်သူများနှင့် ပတ်သက်၍ RSO နှင့် ဆက်သွယ်မှု အထောက်အထားများ ခိုင်မာမှု ရှိ/မရှိ၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်သတင်းရရှိခြင်း ရှိ/မရှိ၊ ယင်းကိစ္စအား



အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ ဖြေကြားစဉ်

ကိုင်တွယ်ဆောင်ရွက်နေသည့် အစီအမံများနှင့် တာဝန်ပေါ့လျော့သူများကို မည်သို့အရေးယူဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များအရ အကြမ်းဖက်အဖွဲ့ကို ခေါင်းဆောင်ခဲ့သူအနေဖြင့် RSO အဖွဲ့များနှင့် အဆက်အသွယ်ရှိခဲ့မှု၊ သင်တန်းများ တက်ခဲ့မှု၊ အထောက်အပံ့များရခဲ့မှု၊ ဒုက္ခသည်စခန်းတွင် သွားရောက်နေထိုင်ခဲ့သည့် အချိန်ကလည်း RSO အဖွဲ့နှင့် ဆက်သွယ်ခဲ့မှုတို့ကို ထွက်ဆိုချက်များအရ သိရှိရခြင်းဖြစ်ပါကြောင်း၊ ထွက်ဆိုချက်များအရ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းရယူမှုအပိုင်းနှင့် ကြိုတင်သတင်းရရှိမှုအပိုင်းတို့တွင် အားနည်းချက်များ ရှိခဲ့ပါကြောင်း။

**အကြမ်းဖက်သမားအင်အား**

အကြမ်းဖက်သမား အင်အား ၄၀၀ ဆိုသည်မှာ ဖြစ်စဉ်စတင်ဖြစ်ပွားခဲ့သည့် အချိန်တွင် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာအားလုံး၏ လုပ်ဆောင်ချက်များအပေါ်တွင် စုစည်းတင်ပြလိုက်သည့် အင်အားဖြစ်ပါကြောင်း၊ လက်ရှိတွင် ယင်းအင်အားစုများသည် ဖြန့်ခွဲ၍ သွားလာနေခြင်းဖြစ်ပါကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေအတွင်း လှည့်လည်ရှင်းလင်းသည့်အခါ ယင်းကဲ့သို့ အင်အားစုအလိုက် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များ နောက်ပိုင်းတွင် မရှိတော့သည်ကို တွေ့ရှိရပါကြောင်း၊ အင်အားစုများနှင့် ရင်ဆိုင်ရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပူးပေါင်းဆောင်ရွက်မှု**

အစ္စလာမ်ဘာသာဝင်များ ဘက်မှ ပူးပေါင်းဆောင်ရွက်မှု ရှိလာနိုင်သလားမေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစ္စလာမ်ဘာသာဝင်များဘက်မှ ပူးပေါင်းဆောင်ရွက်မည်၊ ကြားနေမည်၊ ဆန့်ကျင်သည့်အထဲတွင် ပါဝင်သွားမည်ဆိုသည့်ကိစ္စမှာ တိတိကျကျပြောဆိုရန် အင်မတန်ခက်ခဲပါကြောင်း၊ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ထိတွေ့ခဲ့ရမှုမှာ စစ်တွေ၊ မောင်တောနှင့် ဘူးသီးတောင်မြို့တို့ရှိ အစ္စလာမ်ဘာသာရေး အသိုင်းအဝိုင်းထဲမှ ပုဂ္ဂိုလ်များ၏ ပြောဆိုချက်အရ ပူးပေါင်းဆောင်ရွက်မည်ဟု ပြောဆိုခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်ခြင်းကို မလိုလားကြောင်း၊ အကြမ်းဖက်သမားများကို ပတ်ဝန်းကျင်တွင် သိရှိပါက အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း၊ ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း စသည်ဖြင့် ပြောဆိုပါကြောင်း။

သို့သော် မိမိတို့ ထိတွေ့ခဲ့ရခြင်းသည် များသောအားဖြင့် မြို့ပေါ်တွင် နေထိုင်ကြသည့် ပုဂ္ဂိုလ်၊ ရပ်ရွာတွင် ထင်ထင်ရှားရှားရှိသည့် ပုဂ္ဂိုလ်အချို့သာ ဖြစ်ပါကြောင်း၊ လေးငါးခြောက်ဆယ်အများဆုံး တစ်ရာပတ်ဝန်းကျင်ခန့်သာ ရှိပါကြောင်း၊ ဒီထဲတွင် မပါဝင်သည့် အခြားပုဂ္ဂိုလ်များ၏ သဘောထားကို တိတိကျကျသိရန် ခက်ခဲပါကြောင်း၊ ပဋိပက္ခဖြစ်ပွားသည့် နေရာများတွင် လူအများထံမှ သဘောထားအမှန်ကို ပြည့်ပြည့်စုံစုံသိရှိရန် ခက်ခဲသည်ကို အားလုံးသိနိုင်ပါကြောင်း၊ ထို့ကြောင့် မေးခွန်းနှင့်ပတ်သက်၍ တိတိကျကျ ဖြေရန် ခက်ခဲပါကြောင်း ဖြေကြားသည်။

**တာဝန်ပေါ့လျော့သူ**

တာဝန်ပေါ့လျော့သူများကို မည်သို့ အရေးယူဆောင်ရွက်မလဲ ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဖြစ်စဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ချက်ကောင်းမွန်ကြသည့် စခန်းမှုဝန်ထမ်းများကို တစ်ဆင့်မြှင့်ရာထူးများ ပေးအပ်လိုက်ပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အားနည်းချက်များ ဖြစ်ပေါ်ခဲ့မှု၊ ပြန်လည်ပြုပြင်ရန် လိုအပ်မှုများကို ရဲလေ့ကျင့်ရေးအရာရှိချုပ်က စခန်းများအားလုံးသို့ လိုက်လံစစ်ဆေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် လိုအပ်သည့်သင်ခန်းစာများ ရယူရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး ကျိုးပေါက်အောင်၊ လက်နက်များ ဆုံးရှုံးသွားအောင်၊ တပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးသွားရသည်အထိ ဖြစ်ရသည့် ပေါ့လျော့မှုဖြင့် တာဝန်ရှိသူအားလုံးကို စုံစမ်းစစ်ဆေးမှုအပေါ် မူတည်ပြီး အရေးယူမှုကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**အကြမ်းဖက်မှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်**

နိုင်ငံတကာအကြမ်းဖက်မှု ဖြစ်စဉ်များတွင် ခေါစာခံ ဖမ်းဆီးမှုများရှိသည့်အတွက် မြန်မာနိုင်ငံတွင် အလားတူဖြစ်ရပ်မျိုး မဖြစ်စေရန် မည်သို့ကြိုတင်ကာကွယ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းနှင့် မောင်တောခရိုင်အတွင်းရှိ ဆရာမများ အပါအဝင် ဝန်ထမ်းများ ရွှေ့ပြောင်းနေမှုအခြေအနေကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ဖျက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဥပဒေတွင် ပါရှိသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို နိုင်ငံတော်အဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး အဖွဲ့ဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေး၊ ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပါကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံအတွင်း၊ ဒေသအတွင်း ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်အောင် ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်လာမည်ဆိုပါက အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက တပ်မတော်မှ အကြမ်းဖက်တိုက်ဖျက်ရေးအတွက် လေ့ကျင့်ထားသည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားပါကြောင်း ဖြေကြားသည်။

**သီတင်းကျွတ်ကျောင်းပိတ်ရက်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပညာရေးဝန်ထမ်းများမှာ အမျိုးသမီးများဖြစ်နေပြီး ကလေးငယ်များပါ ပါနေခြင်း၊ သီတင်းကျွတ်ကျောင်းပိတ်ရက်နှင့်လည်း တိုက်ဆိုင်နေခြင်းကြောင့် တပ်မတော်က ရဟတ်ယာဉ်များဖြင့် ဘူးသီးတောင်ဒေသကို ပို့ဆောင်ပေးခြင်းဖြစ်ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းအောင် အမြန်ဆုံးဆောင်ရွက်ပြီးပါက ယင်းဝန်ထမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသည့်နေရာများတွင် အမြန်ဆုံး ပြန်လည် တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအပြင် ပုံမှန်ဝန်ထမ်းများ၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို အထူးဦးစားပေးဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**ဆရာ၊ ဆရာမ ၂၅၄ ဦး အပါအဝင် စုစုပေါင်း ၄၈၂ ဦး ရွှေ့ပြောင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက မောင်တော မြောက်ဘက်အခြမ်းတွင်ရှိသည့် ငါးခူရ၊ တောင်ပြိုဝဲ၊ အောင်ဇူ၊ ရွက်ညိုတောင်မှ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ သံဃာနှင့် အရပ်သားများကို ဘူးသီးတောင်နှင့် စစ်တွေဘက်သို့ ရွှေ့ပြောင်းပေးခဲ့ပါကြောင်း၊ ဆရာ၊ ဆရာမ ၂၅၄ ဦး၊ ဝန်ထမ်း ၁၂၂ ဦး၊ မိသားစုဝင် ၆၉ ဦး၊ သံဃာ ၂ ပါးနှင့် အရပ်သား ၃၅ ဦး စုစုပေါင်း ၄၈၂ ဦးဖြစ်ပါကြောင်း၊ ယင်းဒေသရှိ ဆရာ၊ ဆရာမများသည် သီတင်းကျွတ် ပိတ်ရက်နှင့်တိုက်ဆိုင်ပြီး ကျောင်းများ ပိတ်ထားသည့်အတွက် လတ်တလောအခြေအနေအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အခြေအနေတည်ငြိမ်သွားပါက တာဝန်ကျ ဒေသများတွင် ပြန်လည်ပြီး တာဝန်ထမ်းဆောင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအပေါ်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုအချို့ ကျန်ရှိနေမှုများအား VOA အနေဖြင့် အမှန်အတိုင်း သိရှိနားလည်အောင် လုပ်ဆောင်ပေးနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဝါရှင်တန်ဒီစီ VOA အမေရိကန်အသံ ညွှန်ကြားရေးမှူး Ms. Amada Bennett နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြုပြင်ပြောင်းလဲရေးကာလအတွင်း မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုကြောင့် တွန်းအားပေးမှု၊ အကြံပေးမှုများလုပ်ဆောင်ခဲ့သည့် အခြေအနေများ၊ အမေရိကန်နိုင်ငံရှိ အလွှာအသီးသီးအနေဖြင့် မြန်မာနိုင်ငံအပေါ်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုအချို့ကျန်ရှိနေမှုများအား VOA အနေဖြင့် အမှန်အတိုင်းသိရှိနားလည်အောင် လုပ်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ အသံထုတ်လွှင့်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မှုအခြေအနေများအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါရှင်တန်ဒီစီ VOA အမေရိကန်အသံ ညွှန်ကြားရေးမှူး Ms. Amada Bennett အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် Colonel General Oleg L. Salyukov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Nikolay A.Listopadov၊ စစ်သံမှူး Colonel Eduard N. Okladnikov၊ ဒုတိယစစ်သံမှူး Commander Vitaly V. Luchshev နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ ခရီးစဉ်တွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အမြန်ရေယာဉ်တိမ်းမှောက်မှုအတွက် အလှူငွေနှင့် ခေါင်းစွပ်ပါအနွေးထည်များ သွားရောက်လှူဒါန်း

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် အောက်တိုဘာ ၁၅ ရက်က ဟုမ္မလင်းမှ မုံရွာသို့ စုန်ဆင်းလာသည့် အောင်စိုးမိုးကျော် အမြန်ရေယာဉ်(၂)သည် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီးတွင် နစ်မြုပ်ခဲ့ရာ ကနီမြို့ ကင်းတိုက်နယ်ဆေးရုံနှင့် မိချောင်းတွင်း ကယ်ဆယ်ရေးစခန်း၌ စောင့်ရှောက်ထားသဖြင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ခေါင်းစွပ်ပါ အနွေးထည် ၃၀၀ ကို အောက်တိုဘာ ၁၇ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက် လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ဖောင်ဒေးရှင်းသည် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ပြည်ပ (အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ) နိုင်ငံများတွင် ဒုက္ခမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေကြရသော မြန်မာနိုင်ငံသားဒုက္ခသည်များကို အမိမြန်မာနိုင်ငံသို့ MAI စင်းလုံးငှားလေယာဉ်များဖြင့် စရိတ်ငြိမ်း အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ခရီးစရိတ် ငွေကျပ် တစ်သိန်းစီကိုလည်း ထောက်ပံ့ပေးခဲ့သည့်အပြင် လာနီညာ ရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သည့်ဒေသများရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများနှင့် ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသားကျောင်းသူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၂၀၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသများသို့ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**




# တိမ်ထူထပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၆ ၌ ပါရှိသည့် နိုင်ငံတော်အစိုးရ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လမ်းပြမြေပုံ (အစား) **နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ** ဟု ပြင်ဆင်ဖတ်ရှုပါရန်

**(မြန်မာ့အလင်း)**

# ကန်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့လှေသဘင်ပွဲတော် ဆုချီးမြှင့်

**မုဒုံ အောက်တိုဘာ ၁၇**

မော်လမြိုင်ခရိုင် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကန်ကြီးရေကန်၌ ကန်ကြီးစေတီတော် မြတ်ကြီး၏ (၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ လှေသဘင်ပွဲတော်ကို အောက်တိုဘာ ၁၆ ရက်က ကန်ကြီးကန်၌ ကျင်းပသည်။ **(အောက်ပုံ)**

မြန်မာ့ရိုးရာ လှေသဘင်ပွဲတော်ကို အကြီးတန်း ခုနစ်သင်း၊ အငယ်တန်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရ တက်သစ်စလူငယ်အသင်းအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက လည်းကောင်း၊ ဒုတိယဆုရ ကောင်းအိမ်သူအသင်း၊ တတိယဆုရ အလင်းရောင်အသင်း၊ စတုတ္ထဆုရ အောင်သက်ပိုင်အသင်းတို့အား တာဝန်ရှိသူများက လည်းကောင်း ပေးအပ်ခဲ့သည်။

အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ဇာတိမာန်ကန်ကြီးအသင်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦး ကလည်းကောင်း၊ ဒုတိယဆုရ ဖြူသလားမည်းသလားအသင်း၊ တတိယဆုရ ဘုရင့်နောင်အသင်း၊ စတုတ္ထဆုရ အောင်မင်္ဂလာအသင်းတို့အား တာဝန်ရှိသူများက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**မုဒုံ-မောင်မောင်**



# နိုင်ငံရေးစာပေစာတမ်းစာအုပ် (ပထမတွဲ+ဒုတိယတွဲ)နှင့် ပြည်သူ့အတွက် ပထမရက် (၁၀၀) စာအုပ်ဖြန့်ချိမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေဖြန့်ချိမည့် ပြည်သူ့အတွက် ပထမရက်(၁၀၀)စာအုပ်နှင့် နိုင်ငံရေးစာပေစာတမ်းများ (ပထမတွဲ+ဒုတိယတွဲ)စာအုပ်များကို အောက်တိုဘာ ၂၄ ရက်တွင် ထွက်ရှိလာမည်ဖြစ်သည်။

အဆိုပါစာအုပ်များမှ ပြည်သူ့အတွက် ရက်(၁၀၀) စာအုပ်ရောင်းဈေးမှာ ငွေကျပ် ၃၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ(ပထမတွဲ)မှာ ငွေကျပ် ၂၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ(ဒုတိယတွဲ)မှာ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် ရန်ကုန်-မန္တလေး-နေပြည်တော်ရှိ ဆိုင်များတွင် အောက်တိုဘာ ၂၄ ရက်မှစတင်၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၊ ယိမ်းအကအလှပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ရွှေကျင်မြို့၌ ကျင်းပ

**ရွှေကျင် အောက်တိုဘာ ၁၇**

(၁၆၅) နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၊ ယိမ်းအကအလှပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ကွက်၌ တည်ဆောက်ထားသော ဇဟိုမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၊ ယိမ်းအကအလှပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ အခြေချ ရွှေကျင်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်ဟိန်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(ယာပုံ)** မင်္ဂလာစည်တော်ကြီးအဖွဲ့၊ လှေ်ာကားလှေအဖွဲ့၊ ကရင်ဒုံးယိမ်းနှင့် တိုင်းရင်းသားယိမ်းအဖွဲ့များက ဇဟိုမဏ္ဍပ်ရှေ့၌ ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ထို့နောက် (၁၆၅) နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား လှေ်ာကားတော်ကြီးလှေ၊ ကရဝိက်ဖောင်တော်၊ မင်္ဂလာစည်တော်ရေယာဉ်ဖောင်၊ ဓမ္မစကြာလှေများဖြင့် လက်ယာရစ်သုံးကြိမ်အပူဇော်ခံပြီး ညနေ ၆ နာရီတွင် ရောင်စုံမီးကြာခွက်များဖြင့် ရွှေကျင်ချောင်းအတွင်း မီးမျှောပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်း-နေလင်း(ညောင်လေးပင်)**

**ဓာတ်ပုံ-ကိုထွေး(ညောင်လေးပင်)**



# အမြန်ရေယာဉ်နစ်မြုပ်မှုမှသေဆုံးသူများ ကယ်ဆယ်ရေးအဖွဲ့များက ပြန်လည်တွေ့ရှိဆယ်ယူ

**မုံရွာ အောက်တိုဘာ ၁၇**

ချင်းတွင်းမြစ်အတွင်း အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီက နစ်မြုပ်ခဲ့သော ခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးပျောက်ဆုံးသူစာရင်း အတိအကျ မသိရသေးသည့်အတွက် ပျောက်ဆုံးခရီးသည်များ၏ မိသားစုများအနေဖြင့် တိကျရေရာသော အဖြေရရှိရန် ရေယာဉ်နစ်မြုပ်သည့်နေရာ အောက်ပိုင်း ချင်းတွင်းမြစ်ရိုး တစ်လျှောက်၌ ပြန်တွေ့နိုးနိုးအဖြေကို စောင့်စားနေကြရကြောင်း သိရသည်။

ကနီနှင့် ချင်းတွင်းမြစ်ကမ်း တစ်လျှောက်ဒေသများ၌ အောက်တိုဘာ ၁၇ ရက်တွင် လူသေအလောင်းများကို ဒေသခံတာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းများက တွေ့ရှိဆယ်ယူထားကြောင်းသိရပြီး နစ်မြုပ်နေသော ရေယာဉ်ကို ရေငုပ်သမားလေးဦးပါဝင်သော ကရိန်းဖြင့်ရှာဖွေနေသောအဖွဲ့က တွေ့ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆိုင်ကယ်တစ်စီးကို လူအားဖြင့် ဆယ်တင်နိုင်ခဲ့သလို လူသေအလောင်းနှင့်အတူ လက်ဝတ်ရတနာများပါလာရာ ကူညီကယ်ဆယ်ရေးအဖွဲ့က တွေ့ရှိထားကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်အပြီး နာရီပိုင်းအတွင်း အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည့် ခရီးသည် ၁၆၀ ခန့်ကို ယင်းနေ့က မုံရွာမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ပို့ပေးခဲ့သည်။ အဆိုပါ အသက်ရှင်ကျန်သည့် ခရီးသည် ၁၆၀ နီးပါးထဲမှ ဟုမ္မလင်းမြို့ နောင်ပကျစ်ကျောင်း၌ ဆရာမတာဝန်ထမ်းဆောင်နေသော ဒေါ်မြခက်နှင့် ဟုမ္မလင်းမြို့မှ မသန်းဌေးတို့ကို မုံရွာမြို့ ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီရုံးခန်း၌ တွေ့ဆုံမေးမြန်းခဲ့သည်။



ဟုမ္မလင်းမြို့ နောင်ပကျစ်ကျောင်း ဆရာမ ဒေါ်မြခက်က “ကျွန်မတို့အမျိုးသမီးနှစ်ယောက်နဲ့ ၁၁ နှစ်အရွယ်တူမလေးတို့က ရိုးရိုးတန်းရှေ့ဆုံးခုံတန်းမှာ လိုက်လာခဲ့တာပါ။ ဖြစ်တဲ့အချိန်က သုံးယောက်စလုံး နိုးနေတာပါ။ မော်တော်က အမြန်ကွေ့လိုက်တာ ခြောက်ပတ်လောက်များရှိမလားမသိဘူး။ လည်နေတာသိရပြီး တူမဖြစ်တဲ့သူကို လက်ဆွဲထားတာပါ။ မော်တော်ပေါ်မှာ လူက ၃၀၀ ကျော်လောက်ပါမယ်လို့ ခန့်မှန်းမိပါတယ်။ ဆိုင်ကယ်တွေက အစီး ၂၀ ကျော်မလားပဲ။ တင်လာတာအများကြီးပါ။ မော်တော်မှောက်တော့ ရေက မကူးတတ်ဘူး။ ဒါပေမယ့် ရေထဲအကျမှာ ကျောပိုးအိတ်တစ်လုံးက ကပ်ပါလာတဲ့အတွက် အိတ်မှာ မှီကပ်လိုက်လာရင်း မှောင်နဲ့မည်းမည်းမှာ ကမ်းပေါ်က လူတွေရဲ့ ကူညီမှုနဲ့ အသက်ချမ်းသာရာ ရခဲ့တာပါ။ ဒါပေမယ့် အသက် ၁၁ နှစ်အရွယ် တူမလေးကတော့ ဘယ်ရောက်လို့ရောက်နေမှန်းမသိတာ ရင်နာလို့မဆုံးပါဘူး”ဟု ပြောသည်။

ဟုမ္မလင်းမြို့မှ ဒေါ်သန်းဌေးကလည်း “ကျွန်မက အထူးခန်းက လိုက်လာတာပါ။ မော်တော်ပေါ်တင်တဲ့ ဝိတ်ကများနေတော့ မော်တော်က တာဝန်ရှိတဲ့သူကို ကျွန်မတို့ကြောက်တယ်၊ ကြည့်လုပ်ပေးပါဦးပြောတာကို လုပ်မပေးပါဘူး။ မော်တော်ထဲ ရေဝင်များလို့ အခြေအနေမဟန်မှန်းသိတော့ အထူးခန်းတံခါးကို ဖွင့်ထားတာ၊ တကယ်လည်းမှောက်ရော ဖွင့်ထားတဲ့အပေါက်က စောင်းကျသွားတာ၊ လူက ရေထဲရောက်တော့ ရှေ့မှာရှိတဲ့ အထုပ်ကိုလှမ်းဆွဲပြီး ဖက်ထားမိတယ်။ ဘေးကလည်းမှောင်မည်းပြီး ဘာမှမမြင်ရဘူး။ စက္ကန့်ပိုင်းအတွင်းမှာပဲ ငါးထည့်တဲ့ ဖော့ဘူးကြီးမှာ အမျိုးသမီးသုံးဦး ဖက်လိုက်လာတာတွေ့ရပြီး အဲဒါနဲ့ ကျွန်မလည်း ဖက်လိုက်လာတာ၊ ခဏနေတော့ လှေနဲ့ လာကယ်တဲ့သူတွေနဲ့ တွေ့ပြီး အသက်ချမ်းသာရာ ရခဲ့တာပါ” ဟု သူ့အတွေ့အကြုံကို ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

● *ကျောဖုံးမှ*

ဆင်တွေရဲ့အသက်အန္တရာယ်အတွက်လည်း ကာကွယ်ပြီးသားဖြစ်သွားမယ်။ ဆင်သတ်မုဆိုးရန်ကို ကာကွယ်ဖို့ စီစီတီဗွီကင်မရာတွေနဲ့ စောင့်ကြည့်ရတာမျိုးတွေ လုပ်ရမှာပါ။ အဓိကကတော့ ဆင်တွေအတွက် တော်တော်လေးကို လုံခြုံမှုမရှိတော့ဘူး”ဟု ဆင်ဆေးကုဆရာဝန်ဒေါက်တာ တင်ထွန်းအောင်က အကြံပြုပြောကြားသည်။

အောက်တိုဘာ ၁၃ ရက်က နေပြည်တော် တပ်ကုန်းမြို့နယ်၏တောင်ဘက် ငါးမိုင်ခန့်အကွာ ရေဆင်းကြိုးပြင်ကွင်းအတွင်း ရန်ကုန် - မန္တလေးကားလမ်းမအရှေ့ဘက် ကိုက် ၁၀၀ ခန့်အကွာနေရာတွင် ပဲခူးရိုးမအတွင်းမှ ထွက်လာသည့် တောဆင်ရိုင်းအထီးနှစ်ကောင်ကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ ဆင်တာဝန်ခံများက နောက်မှထက်ကြပ်မကွာလိုက်ပြီး မေ့ဆေးသေနတ်ဖြင့်ပစ်၍ ဖမ်းဆီးခဲ့ရသည့် ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် နှစ်ကောင်အနက် တစ်ကောင်မှာ အရပ် ၅ ပေ ၁၁လက်မ၊ လုံးပတ် ငါးပေခြောက်လက်မခန့်ရှိ ငါးနှစ်အရွယ်နှင့် အခြားတစ်ကောင်မှာ အရပ်ခုနစ်ပေ၊ တစ်လက်မ၊ လုံးပတ် ၁၄ပေ၊ နှစ်လက်မခန့်ရှိ ၁၂ နှစ်သားအရွယ်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို ကြည့်လျှင် တောဆင်ရိုင်းများသည် ပဲခူးရိုးမဘက်မှ အရှေ့ဘက်ရှမ်းရိုးမဘက်သို့ တောတောင်ခရီးမိုင်ပေါင်းများစွာကို ဖြတ်သန်းလျှောက်လာကြခြင်းဖြစ်သည်ကို တွေ့ရသည်။ အကြောင်းမှာ တောဆင်ရိုင်းများနေထိုင်ရာဒေသများတွင် သစ်အလွန်အမင်းခုတ်ယူခြင်း၊ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သူများ ပိုမိုတိုးချဲ့လုပ်ကိုင်လာခြင်းနှင့် တရားမဝင်အမဲလိုက်မှုများကြောင့် ၎င်းတို့၏ နေထိုင်ကျက်စားရာနေရာများ ကျဉ်းမြောင်းလာသည့်အတွက် ထိုသို့နေရာပြောင်းရွှေ့လာကြခြင်းဖြစ်ကြောင်း သိရသည်။

“ဆင်တွေက အခုလို တောပြောင်းလာရတဲ့အကြောင်းအရင်း နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ လူနေထူထပ်လာလို့ တောင်ယာတွေတိုးချဲ့လုပ်ကြတယ်။ တောင်ယာတွေ ခုတ်တဲ့အတွက် သစ်ခုတ်တာတွေ၊ ဝါးခုတ်တာတွေ လုပ်တာများလာတယ်။ တောတွေကလည်း တဖြည်းဖြည်းပြုန်းတီးလာတဲ့အတွက် နေစရာနေရာ ရှားပါးလာလို့ အခုလို ထွက်လာကြတာဖြစ်ပါတယ်။ နောက်တစ်ချက်က ပဲခူးရိုးမအတွင်းမှာ ကြီးမားတဲ့ဆင်တွေအတွက် ပြဿနာ တစ်ရပ်က ဆင်သတ်မုဆိုးပါ။ ဆင်သတ်မုဆိုးတွေဟာ ဆင်အရေပြားနဲ့ နှာမောင်းကို ရယူလိုတဲ့စိတ်နဲ့ ဆင်တွေကို အရွယ်မရွေးသတ်နိုင်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီတော ဆင်ရိုင်းတွေ အပြင်ကို ထွက်လာတာဖြစ်ပါတယ်။ ဒီဆင်တွေကို နေပြည်တော်မှာ ပြန်မောင်းထုတ်ခဲ့ရတာ လေးငါးကြိမ်ထက် မကပါဘူး။ ပဲခူးရိုးမကနေ နည်းနည်းပြန်ထွက်လာလိုက်၊ အခုနှစ်လေးလ ပိုင်းလောက်ကလည်း ငလိုက်ဆည်ဖျားကနေ ထွက်လာတယ်။ အဲ့ဒီတော့ ပြန်မောင်းထုတ်ခဲ့ရတယ်။ ဒီတစ်ခါတော့ ထွက်လာစကတည်းက ပြန်မောင်းထုတ်တာ လုံးဝနောက်ပြန်မလှည့်ဘဲ ရှေ့ကိုပဲ ဦးတည်လာတယ်။ ဒီတောဆင်ရိုင်းနှစ်ကောင်က မောင်းပို့လိုက်ရင်လည်း ပြန်ပြီးတော့ ထွက်လာနေဦးမှာ။ ဘေးမဲ့တောကို ပြန်လွှတ်ရင်လည်း ပြန်ပြီးတော့ ထွက်လာနိုင်တယ်။ ဒ့ါကြောင့် ဒီဆင်တွေရဲ့ အသက်ကို ကာကွယ်နိုင်အောင် ကျွန်တော်တို့က ဖမ်းလိုက်တဲ့သဘောပါပဲ။ ဖမ်းလိုက်တဲ့အတွက် သူတို့လည်း သက်တမ်းစေ့နေနိုင်မယ်”ဟု ဒေါက်တာတင်ထွန်းအောင်က ဆက်လက်ပြောသည်။

ဖမ်းဆီးထားသည့် အဆိုပါတောဆင်ရိုင်းနှစ်ကောင်ကို ကနဦးစီမံချက်အတိုင်း မြောက်ဇာမဏီကြိုးဝိုင်းအတွင်းသို့ ပြန်မလွှတ်တော့ဘဲ သက်ဆိုင်ရာ ဆင်ကျွမ်းကျင်အဖွဲ့များနှင့် တာဝန်ရှိသူများ၊ ရေဆင်းနယ် ပြင်ကျယ်ကြိုးဝိုင်းအကွက်အမှတ် (၁၆) ပိတောက်ချောင်း မှိုန်းသစ်စခန်း၌ ယဉ်ပါးလာစေရန် သစ်လုပ်ငန်းမှ ဆင်လိမ္မာများနှင့် ကျုံးသွင်းလေ့ကျင့်ပေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

“အစကနဦးကတော့ လူကြီးတွေရဲ့ ညွှန်ကြားချက်နဲ့ မြောက်ဇာမဏီဘေးမဲ့တောကို လွှတ်ဖို့ပါ။ အခုကတော့ အဲ့ဒီတောဆင်ရိုင်းနှစ်ကောင်းကို ယဉ်ပါးလာအောင် ကျုံးသွင်းပြီးတော့ သစ်လုပ်ငန်းက ဆင်တွေနဲ့ အတူတူထားမယ်။ အစီအစဉ်ပြောင်းသွားတာပါ။ အဲ့ဒီလိုအစီအစဉ်ပြောင်းသွားတဲ့အကြောင်းရင်းကလည်း ဒီဆင်တွေကို မြောက်ဇာမဏီကြိုးဝိုင်းကို ပြန်ပို့ရင် သူတို့အသက်ကို ကာကွယ်မှုလုံလောက်စွာမပေးနိုင်ဘူးလို့ တာဝန်ရှိသူတွေက ယူဆတဲ့အတွက် ပျော်ပျော်ပါးပါးနဲ့ သက်တမ်းစေ့နေနိုင်အောင်လို့ သစ်လုပ်ငန်းမှာရှိတဲ့ ဆင်တွေနဲ့ အတူထားဖို့ ဆုံးဖြတ်ခဲ့ပြီး အခုလိုလေ့ကျင့်ပေးနေတာ ဖြစ်ပါတယ်။ ဆင်တွေ တတ်အပ်တဲ့ အတတ်ပညာပါ။ ကျွန်တော်တို့ ကျင့်နေကျပုံစံအတိုင်းဆိုရင် နှစ်လလောက်ကြာမယ်လို့ ခန့်မှန်းထားပါတယ်။ တောဆင်ရိုင်းအကြီးကတော့ အငယ်ထက်စာရင် မလွယ်ပါဘူး”ဟု ဒေါက်တာ တင်ထွန်းအောင်က ဆက်လက်ရှင်းပြသည်။

အဆိုပါတောဆင်ရိုင်းများကို ယဉ်ပါးအောင် ကျုံးသွင်းလေ့ကျင့်ရာတွင် ဆင်အငယ်မှာ တစ်လခန့်အချိန်ယူရမည်ဖြစ်ပြီး ဆင်အကြီးမှာ နှစ်လခန့် အချိန်ယူသင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

“ဒီလိုသာ ဆင်တွေ ခဏခဏထွက်လာတာမျိုးဆိုရင် နောက်ဆက်တွဲပြဿနာတွေ ဆက်လက်ဖြစ်လာဖို့ အခြေအနေရှိပါတယ်။ ထွက်လာလိုက် ဖမ်းလိုက်လုပ်ရင်တော့ ကြာလာရင် ဆင်တွေကမျိုးသုဉ်းသွားမှာပဲ။ ကျွန်တော့်တို့ ဖြစ်စေချင်တာကတော့ သတ်မှတ်တဲ့ ဧရိယာတစ်ခုမှာ စိမ့်စမ်းကောင်းတဲ့ နေရာတစ်ခုကို ရွေးချယ်သတ်မှတ်ပြီးတော့ လုံလောက်တဲ့ဧရိယာနဲ့ အုတ်တံတိုင်းခတ်မယ်။ နိုင်ငံတကာ ပညာရှင်တွေလည်း ခရီးသွားလုပ်ငန်းအနေနဲ့ လာရောက်ကြည့်ရှုရင် အများကြီးအကျိုးလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စိတ်မကောင်းတာတစ်ခုက သူတို့ လွတ်လွတ်လပ်လပ် သွားလာနေတာကို ကျွန်တော်တို့လည်း မဖမ်းချင်ဘူး။ အခုလို အဖမ်းခံရတဲ့အတွက် သူတို့လည်း စိတ်အနှောင့်အယှက်တော့ ဖြစ်မှာပဲ။ နောက်ပြီး လူတွေကိုလည်း တောင်ယာခုတ်တာတွေ၊ သစ်ခုတ်တာတွေကို ဘယ်လိုမှ တားဆီးလို့မရနိုင်ဘူး။ တောဆင်တွေလည်း အခုအခါမှာ ဘေးဒုက္ခတွေ ရောက်နေကြပြီ။ အခုဖမ်းထားတဲ့ ဆင်တွေကိုလည်းလုံလောက်တဲ့ အတတ်ပညာသင်ကြားပေးပြီးရင် ဆင်အုပ်များတဲ့နေရာတွေကို ပို့ပေးမှာဖြစ်ပါတယ်”ဟု ဆင်ဖမ်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

သုတေသနပြုချက်များအရ ပုံမှန်အားဖြင့် တောဆင်ရိုင်းများသည် အစာရေစာပေါမများသည့် မိုးတွင်းကာလတွင် အချင်း မိုင် ၃၀ ပတ်ဝန်းကျင်ကို အစာရှာဖွေစားသောက်ကြောင်း၊ အစာရေစာရှားပါးသည့် ပူပြင်းသောနွေရာသီကာလများတွင် အချင်း မိုင် ၅၀ ဝန်းကျင်အထိ အစာရှာစားသောက်ကြကြောင်း၊ တောဆင်ရိုင်းများသည် သဘာဝပေါက်ပင်များဖြစ်သည့် ဝါးနှင့် တောင့်ကျပ်ပြောပင်များကို အဓိကလိုက်ရှာစားသောက်ပြီး အစာရေစာရှားပါးလာသည့်အခါများတွင် လူများစိုက်ပျိုးထားသည့် စပါး၊ ပြောင်း၊ ကြံနှင့် အခြားသီးနှံအချို့ကိုလည်း ဝင်ရောက်စားသောက်လေ့ရှိကြောင်း သိရသည်။

“ဖမ်းမိထားတဲ့ ဆင်နှစ်ကောင်ကို သဘာဝတောထဲကိုတော့ ပြန်လွှတ်ချင်တယ်။ အခု ပဲခူးရိုးမတောကလည်း တစ်ဆက်တစ်စပ်တည်းရှိတဲ့ တောဧရိယာက တော်တော်လေးနည်းသွားပြီ။ ဒါကြောင့် ဆင်တွေက သူတို့သဘာဝအတိုင်း သူတို့စားနေကျနေရာကို ပြန်လာမှာပဲ။ ပြန်လာလေ့ရှိတယ်။ အထူးသဖြင့် သီးနှံပေါ်တဲ့အချိန်ပေ့ါ။ စပါးပေါ်ချိန်ဆိုလည်း စပါးအနံ့ရတယ်။ သူတို့စားပြီးတဲ့ စားကျက်နေရာကို တစ်နှစ်မှာ အနည်းဆုံး တစ်ကြိမ်၊ နှစ်ကြိမ်လောက် ပြန်လာတတ်တဲ့သဘောရှိတယ်။ အဲ့ဒီလိုဖြစ်လာတော့ နောက်ဆုံး လူနဲ့ဆင်နဲ့ ပဋိပက္ခတွေ ဖြစ်လာကြတယ်။ အဓိကကတော့ သူတို့က စိုက်ခင်းတွေကို ဖျက်လို့ဖျက်ဆီး လုပ်တဲ့သဘောတော့ မဟုတ်ဘူး” ဟု နေပြည်တော်မှ ဆင်ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

အရှေ့တောင်အာရှဒေသ၌ တောဆင်ရိုင်းအကောင်ရေ အများဆုံးကျန်ရှိနေသေးသည့် မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက တောဆင်ရိုင်းကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ကမ္ဘာပေါ်၌ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှု မြင့်တက်လာခြင်းနှင့်အတူ တောဆင်ရိုင်းသတ်ဖြတ်ခံရမှုများလည်း မြင့်တက်လာခဲ့ပြီး မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဖမ်းဆီးရမိမှုများအရ တောဆင်ရိုင်းသတ်ဖြတ်မှုမှာ ၇၂ မှု ရှိခဲ့ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။

# ယီမင်အပစ်အခတ်ရပ်စဲမှု ချက်ချင်းလုပ်ဆောင်ရန် အမေရိကန်နှင့် ဗြိတိန်တိုက်တွန်း

**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်နှင့် ဗြိတိန်သည် တနင်္ဂနွေနေ့က အီရန်ကျောထောက် နောက်ခံပြုထားသည့် ဟူသီသူပုန်များနှင့် ပင်လယ်ကွေ့နိုင်ငံများက အထောက်အပံ့ပြုထားသည့် အစိုးရတို့ကြား အကြမ်းဖက်တိုက်ခိုက်နေမှုများ အဆုံးသတ်စေရန် ယီမင်၌ အပစ်အခတ်ရပ်စဲမှုတစ်ရပ်ကို ချက်ချင်းပြုလုပ်ရန် တောင်းဆိုလိုက်သည်။



ယီမင်မြို့တော်ဆာနားတွင် ဈာပနအခမ်းအနားတစ်ခု၌ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် လူ ၁၄၀ သေဆုံးခဲ့ရပြီးနောက်တွင် ယီမင်ရှိ ဆော်ဒီဦးဆောင်သည့် စစ်ဆင်ရေးအဖွဲ့သည် ပြင်းထန်သည့် ဝေဖန်ရှုတ်ချမှုများနှင့် ရင်ဆိုင်နေရသည်။

ပင်လယ်နီအတွင်း၌ ယီမင်ကမ်းခြေမှ ပစ်ခတ်လိုက်သည့်ဒုံးကျည်တိုက်ခိုက်မှု မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် ဖျက်သင်္ဘောတစ်စင်းကို ထပ်မံတိုက်ခိုက်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း အမေရိကန်ရေတပ်ဗိုလ်ချုပ်တစ်ဦးက ပြောကြားခဲ့သည်။

ယီမင်၏ အတိုက်အခံများဘက်မှ အပစ်အခတ်ရပ်စဲရေးကို သဘောတူလက်ခံပါက ကုလသမဂ္ဂအဖွဲ့၏ အထူးကိုယ်စားလှယ် Ismail Ould Cheikh အနေဖြင့် အသေးစိတ်ဆက်လက်ဆောင်ရွက်ကာ မည်သည့်အချိန်တွင် အပစ်အခတ်ရပ်စဲမှု သက်ရောက်မည်ကို ကြေညာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

ယခုအချိန်သည် အပစ်အခတ်ရပ်စဲရေးကို ခြွင်းချက်မရှိ အကောင်အထည်ဖော်ဆောင်ရွက်ကာ စားပွဲထိုင်ညှိနှိုင်းဆွေးနွေးရမည့် အချိန်အခါဖြစ်ကြောင်း ကယ်ရီက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ထိုင်းဘုရင်နတ်ရွာစံကံကုန်သော်လည်း ရွေးကောက်ပွဲကို မထိခိုက်နိုင်

**ဗန်ကောက် အောက်တိုဘာ ၁၇**

ဆယ်စုနှစ်ခုနစ်ခုကြာအောင် ထီးနန်းစိုးစံခဲ့သည့် ထိုင်းဘုရင် ဘူမိဘော အဒူရာလ်ဒက်နတ်ရွာစံကံကုန်ပြီးနောက် ထိုင်းနိုင်ငံတစ်ဝန်းတွင် ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေချိန်တွင် လက်ရှိအာဏာရနေသည့် အဖွဲ့အစည်း၏ စီမံချက်အတိုင်း လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသမီဒီယာကတနင်္လာနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့နန်းသက်အရှည်ကြာဆုံးဖြစ်သည့်ထိုင်းဘုရင်ဘူမိဘော နတ်ရွာစံပြီးနောက် လာမည့် ၂၀၁၇ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်စီစဉ်ထားမှုအား စစ်တပ်ဦးဆောင်သည့် အစိုးရအဖွဲ့က ရွှေ့ဆိုင်းမည်ဟူသောသတင်းများနှင့် အရပ်သားများပြန်လည်နေရာရရှိရန် အချိန်ကြာမြင့်နိုင်မှုနှင့်ပတ်သက်၍ မေးခွန်းများစွာ ထွက်ပေါ်လာခဲ့သည်။

ထိုင်းဘုရင် ဘူမိဘောသည် အသက် ၈၈ နှစ်တွင် နတ်ရွာစံကံကုန်သွားကြောင်း ကြာသပတေးနေ့တွင် နန်းတော်ကကြေညာခဲ့ပြီးနောက် တစ်နိုင်လုံးဝမ်းနည်းပူဆွေးခဲ့ကြသည်။

နတ်ရွာစံပြီး ရက်ပေါင်း ၃၀ အတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းမပြုရန်နှင့် အနက်ရောင်များ ဝတ်ဆင်ကြရန် အစိုးရအဖွဲ့က တိုက်တွန်းခဲ့သည်။ ထိုင်းဘုရင်၏ နတ်ရွာစံကံကုန်မှုသည် ရွေးကောက်ပွဲကို အနှောင့်အယှက်မဖြစ်နိုင်ကြောင်း တနင်္လာနေ့တွင် ဗန်ကောက်ပို့စ် သတင်းစာ၌ ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

## ဗီယက်နမ်အလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သေဆုံးသူဦးရေမြင့်တက်

**ဟနွိုင်း အောက်တိုဘာ ၁၇**

ဗီယက်နမ်အလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သေဆုံးသူဦးရေမှာ တနင်္လာနေ့တွင် ၂၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့်ထိန်းချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းမိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် လူလေးဦး ပျောက်ဆုံးကာ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဌာနကပြောကြားခဲ့သည်။ ဗီယက်နမ်အလယ်ပိုင်းကွမ်ဘင်ပြည်နယ်တွင် သေဆုံးမှုအများဆုံးဖြစ်ပေါ်ပြီး နီအန်နှင့် သွာသိန်ဟူပြည်နယ်တို့တွင် လေးဦးသေဆုံးကာ ဟာတင်၌ သုံးဦးပျောက်ဆုံးခဲ့ကြောင်း သဘာဝဘေးကာကွယ်ရေးအဖွဲ့၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် နေအိမ် ၂၅ လုံးကိုပြိုလဲစေခဲ့ပြီးအိမ်ပေါင်း၉၄၉ လုံး အမိုးလန်ပျက်စီးခဲ့ကာ အိမ်ခြေပေါင်း ၁၂၂၀ ၂၈၇လုံးမှာ ရေနစ်မြုပ်ခဲ့သည်။ စပါးခင်းကေပေါင်း ၃၁၃၈ ကေနှင့် ကောက်ပဲသီးနှံခင်း၁၁၅၃၄ ကေခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း ဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

# မိုဆူးလ်မြို့ကို ပြန်လည်ရယူနိုင်ရေး အီရတ်ထိုးစစ်ဆင်ပြီ

**မိုးဆူးလ် အောက်တိုဘာ ၁၇**

အီရတ်မြို့တော် မိုဆူးလ်ကို အိုင်အက်စ်တို့လက်တွင်းမှ ပြန်လည်ရယူရန်အတွက် စစ်ဆင်ရေးတစ်ရပ်ကို စတင်ဆင်နွှဲပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီက ပြောကြားသည်။




အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မိုဆူးလ်သည် ၂၀၁၄ ခုနှစ် ဇွန်လကတည်းက အိုင်အက်စ်တို့လက်အတွင်းသို့ ကျရောက်ခဲ့ရသည်။ မိုဆူးလ်မြို့သည် အီရတ်ရှိ အိုင်အက်စ်တို့နောက်ဆုံးသိမ်းပိုက်ထားသည့် အချက်အချာနယ်မြေဖြစ်သည်။

မိုဆူးလ်ကို လက်လွှတ်လိုက်ရလျှင် နိုင်ငံအတွင်း အထိနာသော ကျဆုံးမှုတစ်ခုဖြစ်လာလိမ့်မည်ဟု အာဏာပိုင်များက ပြောဆိုခဲ့သည်။

စစ်ဆင်ရေးဆင်နွှဲမည်ဟု ကြေညာချက်ထုတ်ပြန်ပြီးနောက် မြို့အနီးတွင် အမြောက်တပ်ဖွဲ့ဝင်များ ရောက်ရှိနေကြောင်း အေပီသတင်းမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းတွင် မစ္စတာအဘာဒီက အောင်ပွဲခံချိန်ကျရောက်ပြီး မိုဆူးလ်မြို့၏ လွတ်မြောက်ရေးအတွက် စစ်ဆင်ရေးစတင်ပြီဟု ပြောကြားခဲ့သည်။

ကာလရှည်ကြာ စောင့်ဆိုင်းခဲ့ရသည့် အီရတ်အစိုးရနှင့် မဟာမိတ်အင်အားစုများ၏ အဆိုပါတိုက်ခိုက်မှုအတွက် အီရတ်ရှိ အိုင်အက်စ်အဖွဲ့ကို နှိမ်နင်းလျက်ရှိသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်အဖွဲ့က ကျောထောက်နောက်ခံပြုထားကြောင်း သိရသည်။

**(ဘီဘီစီ)**



## ဘိုကိုဟာရမ်တို့ ပြန်ပေးဆွဲသွားသော ချီဘော့ခ်ကျောင်းသူ ၂၁ ဦး မိသားစုနှင့် ပြန်ဆုံစည်း

**အဘူဂျာ အောက်တိုဘာ ၁၇**

လွန်ခဲ့သောနှစ်နှစ်ကျော်က ဘိုကိုဟာရမ်အစ္စလာမ္မစ်စစ်သွေးကြွများဖမ်းဆီးခေါ်ဆောင်သွားသော ချီဘော့ခ်ကျောင်းသူ အယောက် ၂၀၀အနက် ပြန်လည်လွတ်မြောက်လာသော ၂၁ ဦးအနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် မိသားစုနှင့် ပြန်လည်ဆုံတွေ့ခဲ့ကြရကြောင်း သတင်းများ၌ ဖော်ပြခဲ့သည်။

မြို့တော် အဘူဂျာတွင် ပွဲတော်ကျင်းပနေစဉ်အတွင်း ဂလော်ရီယာဒိန်းဟုခေါ်သော ကျောင်းသူတစ်ဦးက ၎င်းတို့သည် အစာရေဆာမစားရဘဲ ရက်ပေါင်း ၄၀ ခန့် သေမင်းနှုတ်ခမ်းဝမှာခဲရာခဲဆစ်အသက်ရှင်ခဲ့ရကြောင်းပြောခဲ့သည်။

"လေယာဉ်ကတောအုပ်ထဲကို ဗုံးကြဲတော့ အဲဒီဗုံးက ကျွန်မနားကိုလာကျတယ်။ ဒါပေမယ့် ကျွန်မထိခိုက်ဒဏ်ရာမရခဲ့ဘူး" ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ "အစာမစားရဘဲ တစ်လနဲ့ ၁၀ ရက်နေခဲ့တာတောင် အသက်မသေဘူး" ဟုဒိန်းကပြောခဲ့သည်။

ချီဘော့ခ်မိန်းကလေးများကို ၂၀၁၄ခုနှစ် ဧပြီလတွင် ပြန်ပေးဆွဲသွားခဲ့ရာ အမေရိကန်သမ္မတက တော်မီရှဲအိုဘားမားက "Bring BackOurGirls " အွန်လိုင်းလှုပ်ရှားမှုပြုလုပ်ခဲ့ပြီးနောက် ယင်းဒေသတွင် ဘိုကိုဟာရမ်စစ်သွေးကြွများကြီးစိုးမှုကို ကမ္ဘာက အာရုံစိုက်ခဲ့သည်။ ကနဦးတွင် မိန်းကလေး ၂၇၆ဦးကို ပြန်ပေးဆွဲခဲ့သော်လည်း နာရီအတော်ကြာပြီးနောက် အချို့မှာ ပြန်လည်လွတ်မြောက်လာကြောင်းသိရသည်။ မိဘတွေရဲ့ပျော်ရွှင်မှုတွေကို တွေ့ခဲ့ရကြောင်း ပြန်ကြားရေးဝန်ကြီး လိုင်မိုဟာမက်က ပြောခဲ့သည်။ **(နယူးယောက်တိုင်းမ်)**

## ဟေတီပို့ဆောင်ရေးယာဉ်တန်းကို ဦးတည်သည့် လုယက်တိုက်ခိုက်မှုများ မြင့်တက်လာ

**ပေါ်တူပရင့်စ် အောက်တိုဘာ ၁၇** - ကုလသမဂ္ဂအနေဖြင့် ဟာရီကိန်းမုန်တိုင်းဒဏ်ခံရသော ဟေတီသို့သွားသည့် ပို့ဆောင်ရေးယာဉ်တန်းကို ဦးတည်သော လုယက်တိုက်ခိုက်မှုများမြင့်တက်လာသည့်အပေါ် စိုးရိမ်မိကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ပြောကြားခဲ့သည်။ အစားအစာ၊ ဆေးဝါးနှင့် အခြားလိုအပ်သော အကူအညီပစ္စည်းများသည် သွားလာရန်ခက်ခဲသောဒေသများသို့ တဖြည်းဖြည်းနှင့် ရောက်ရှိလာပြီဖြစ်သည်။ ဟေတီနိုင်ငံသားအချို့သည် ပို့ဆောင်ရေး ယာဉ်တန်းသွားရာလမ်းများကိုပိတ်၍ အချို့မှာ လုယက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြသည်။ ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ပြီး အကူအညီပစ္စည်းများကိုပေးပို့ရာတွင် စိုးရိမ်စရာကောင်းကြောင်း၊ လုံခြုံရေးထက် ဘယ်လိုတုံ့ပြန်မှုမျိုးပြုလုပ်မလဲဆိုသည်ကို ဦးစားပေးသင့်ကြောင်း၊ လူများမှာ ဆာလောင်မွတ်သိပ်နေသောကြောင့် ၎င်းတို့အနေဖြင့် ပိတ်ဆို့နေသောလမ်းများကို ပြန်ဖွင့်၍ ကူညီမှုများ ဆက်လက်လုပ်ဆောင်နိုင်ရေးကြိုးစားရမည်ဖြစ်ကြောင်း ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းဆိုင်ရာ ညှိနှိုင်းရေးမှူး မိုရက်ဒ်ဝါဘာက ပြောကြားခဲ့သည်။

**(ချန်နယ်နယူးအေးရှ)**

# အကြောအဆစ်နှင့် ခန္ဓာကိုယ်သန်စွမ်းစေရေး ကိုယ်လက်လှုပ်ရှားမှုဖြင့် ကျန်းမာရေးမြှင့်တင်

**ရန်ကုန် အောက်တိုဘာ ၁၇**

ပြည်သူများ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အခြေအနေများ သတိမူလိုက်နာဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အကြောအဆစ်နှင့် ခန္ဓာကိုယ်သန်စွမ်းမှုနှင့် သက်ဆိုင်သော Physical Therapy Day of Service နေ့အခမ်းအနားကို ကန်တော်ကြီး၌ ကျင်းပခဲ့သည်။

"ပြည်သူလူထုတစ်ရပ်လုံးကျန်းမာရေးမြှင့်တင်သွားနိုင်ဖို့ ကိုယ်လက်လှုပ်ရှားအားကစားနဲ့ လေ့ကျင့်ခန်းတွေများများ လုပ်ကြဖို့ အသိပေးတိုက်တွန်းတဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ ပြည်သူတွေဟာ နာမကျန်းဖြစ်မှ ဆေးရုံဆေးခန်းတွေ သွားကြခြင်းထက် ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်ကြခြင်းဖြင့် ကျန်းမာတဲ့လူ့အသိုင်းအဝိုင်းကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ မအားလို့ လေ့ကျင့်ခန်းမလုပ်နိုင်ရင်၊ အလုပ်လုပ်ရင်း လေ့ကျင့်ခန်းတွေလုပ်လို့ရတဲ့ နည်းတွေအများကြီးရှိပါတယ်။ ဒါတွေကို ပြည်သူတွေအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်သိရှိသွားမယ်ဆိုရင် ကိုယ်လက် လှုပ်ရှားမှုတွေနဲ့ ကျန်းမာရေးကို မြှင့်တင်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု ဖြစ်မြောက်ရေးတာဝန်ခံစီစဉ်သူ ကိုစိုင်းရာဇာထွန်းက ရှင်းပြသည်။

အဆိုပါအခမ်းအနားကို ၂၀၁၅ ခုနှစ်မှစပြီး ပီရူးနိုင်ငံမှ Physiotherapist (ခန္ဓာကိုယ် သန်စွမ်းမှုပညာရှင်တစ်ဦး)က တစ်ကမ္ဘာလုံးတွင် အောက်တိုဘာ ၁၅ ရက်ကို Physical Therapy Day of Service နေ့အဖြစ်သတ်မှတ်ရန်အဆိုပြုခဲ့ရာမှ ယခုအခါ တစ်ကမ္ဘာလုံး၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၄၂ နိုင်ငံက ယင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လာရောက်သူများအား ကျန်းမာရေးအခမဲ့ ဆေးစစ်ပေးခြင်း၊ ခန္ဓာကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတများမျှဝေပေးခြင်းစသော အစီအစဉ်များကို ဆရာဝန်များက အခမဲ့ဆောင်ရွက်ပေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် Physiotherapist များကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်ရန်ကုန်နှင့်မန္တလေး၊ တပ်မတော် သူနာပြုတက္ကသိုလ်တို့မှ နှစ်စဉ် မွေးထုတ်ပေးလျက်ရှိကြောင်း၊ Physiotherapy ပညာရပ်သည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေများအား တိုးတက်ကောင်းမွန်စေရန် အကူအညီပေးသည့်ပညာရပ်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



## ဆွမ်းဆန်စိမ်း လောင်းလှူ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ (၈) ကြိမ်မြောက် ဝါတွင်းအရုဏ်ဆွမ်း စုပေါင်းအလှူတော် အောင်ပွဲအထိမ်းအမှတ်အဖြစ် သာသနာ့နွယ်ဝင် သီလရှင်အပါး ၄၅၀ အား စေတနာရှင် အလှူရှင်များက စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းစဉ်

ဓာတ်ပုံ-မင်းထက်

# တဝဂ္ဂုမြတ်စွာဘုရားဘုံဆွမ်းလောင်းအသင်း၏ (၁၄)ကြိမ်မြောက် ဓမ္မသဘင်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် လမ်း ၂၀ နှင့် ၈၂ လမ်းထောင့် ကိုယ်ပွားမန္တလေးသတင်းစာတိုက်အနီးရှိ တဝဂ္ဂုမြတ်စွာဘုရား ဘုံဆွမ်းလောင်းအသင်း၏ (၁၄)ကြိမ်မြောက် ဓမ္မသဘင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ညစဉ် ၇ နာရီတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓမ္မသဘင်ပွဲတော်၌ အောက်တိုဘာ ၂၄ ရက်တွင် ဒေါက်တာ အရှင်ဣန္ဒာစရိယ၊ ဓမ္မာစရိယ B.A. M.A Ph.D စာချဓမ္မကထိက သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာန စစ်ကိုင်းတောင်မှလည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် အရှင် တေဇာစာရ(ရှင်နေမင်း၊ ဉာဏ်ချစ်ကုန်း) နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတဓရသာသန ဓဇဓမ္မာစရိယ သာသနဟိတဓရကထိက ဆရာတော်ကလည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဦးလက္ခဏ (မြစကြာဆရာတော်)မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရန်ကင်းတောင် ခန့်ဝင်းတောရကျောင်း ဆရာတော်ကလည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ဓမ္မာစရိယဒေါက်တာ အရှင်ကုမာရ M.A Buddhism Ph.D ဝိနယဝိဒူ သာသနတက္ကသီလ မဟာဓမ္မာစရိယ သာသနသက္ကသီလ ဓမ္မပါရဂူ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးဆရာတော်ကလည်းကောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယုဇနဆီအုန်းစိုက်ခင်းဧရိယာအတွင်း တောဆင်ရိုင်းများ ဝင်ရောက်

**ကော့သောင်း အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နှင့် ထားဝယ်ခရိုင်အတွင်း ယုဇနဆီ အုန်းစိုက်ပျိုးရေးလုပ်ကွက်ရှိ ဆီအုန်းစိုက်ခင်းများတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆီအုန်းပင်များအား အောက်တိုဘာလအတွင်းက တောဆင်ရိုင်းအုပ်စုများ ဝင်ရောက်စားသောက် ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။



ဒေသခံများ၏ ပြောဆိုချက်အရ နိုင်ငံတော်၏စီမံချက်ဖြင့် ယခုဆီအုန်းစိုက်ပျိုးလုပ်ကိုင်နေသည့် နေရာများသည် ယခင်ကာလ အချိန်များက တနင်္သာရီတိုင်း၏ အဖိုးတန်ရှားပါး တောရိုင်းတိရစ္ဆာန်များ၏ စားကျက်နေရာများဖြစ်ခဲ့ကြောင်း၊ ဆီအုန်းစိုက်ပျိုးလုပ်ကိုင်မှုကြောင့် သဘာဝသစ်တောများကွယ်ပျောက်ကာ ဆီအုန်းစိုက်ခင်းများအဖြစ် ပြောင်းလဲလာပြီး မူလကရှိနေသည့် တောရိုင်းတိရစ္ဆာန်များဝေးရာသို့ ဆုတ်ခွာထွက်သွားခဲ့ကြရပြီး သဘာဝတောများ ရှားပါးလာသည့်အတွက် တောရိုင်းတိရစ္ဆာန်များ အစာရေစာရှားပါးပြတ်လပ်လာမှုများကြောင့် မိမိတို့၏ မူလကျက်စားရာနေရာဟောင်းများသို့ ပြန်လည်ဝင်ရောက်အစာရှာဖွေရာမှ ဆီအုန်းပင်များအား ဖျက်ဆီးစားသောက်ကြခြင်း ဖြစ်နိုင်ကြောင်း၊ ဆီအုန်းပင်၏ အညွန့်အဖူးများမှာ တောဆင်ရိုင်းများ လွန်စွာနှစ်ခြိုက်ကြကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းများ အန္တရာယ်ကို သတိပြုသွားလာလုပ်ကိုင်ကြရေး၊ တောရိုင်းတိရစ္ဆာန်များအား ရန်မူသတ်ဖြတ်ခြင်းများ မပြုလုပ်ကြရန် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများမှ တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းခွင်မှ အလုပ်သမားဝန်ထမ်းများအား သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး( ကော့သောင်း)**

## စိုက်ပျိုးရေးလုပ်ငန်းခွင်သုံး စက်ပစ္စည်းပြင်ဆင်ရေး ပံ့ပိုးကူညီ

**နောင်ချို အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း စက်မှုလယ်ယာဦးစီးဌာန လားရှိုးမြို့ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်၊ ကျောက်မဲခရိုင် စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်မိုး၊ စက်မှုလယ်ယာ နောင်ချိုမြို့နယ်တာဝန်ခံ ဦးဝင်းဌေးတို့သည် အောက်တိုဘာလ ဒုတိယပတ်က နောင်ချိုမြို့နယ် လုံရုံးကျေးရွာအုပ်စု၊ ကံကြီးကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေကြသော တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်တို့၏ လယ်ထွန်စက်ပြင်ဆင်ရေး၊ စက်ယန္တရားအပိုပစ္စည်းများ အခက်အခဲမရှိစေရေးအတွက် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၅၇။ | ကြည်ခင်သန့် | မိုးစက်နှင်းစက်နှင့်အတူ | ၁၇၀၀ | စိတ်ကူးချိုချို |
| ၅၈။ | မင်းသိခ် | ပုဏ္ဏားဘကွန်း | ၈၀၀၀ | မျက်ပွင့် |
| ၅၉။ | လက်ာရည်ကျော် | ပန်းမန် | ၂၅၀၀ | နန်းဒေဝီ |
| ၆၀။ | ဟိန်းလတ် | ရေထဲကလူ... လူထဲကရေ | ၃၅၀၀ | Momentuno |
| ၆၁။ | ဘုန်းသော်ခ | ခွေးလှေးယားစေ့နဲ့ သူ့အစွမ်းအပါအဝင် အခြားဆေးဖက်ဝင်အသီးအနှံများ | ၁၅၀၀ | |
| ၆၂။ | တင်တင်ဦး | သမိုင်းကတော့ ခွင့်လွှတ်မည်မဟုတ်ပါ | ၂၀၀၀ | အရှေ့နေခြည် |
| ၆၃။ | တင့်တယ် | ဖဲမွေ့ရာပေါ်ဝယ် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၆၄။ | စိုးလင်း | တစ်ဖက်လူ၏နှလုံးသားကို ဆုပ်ကိုင်နည်း | ၈၀၀၀ | စိတ်ကူးချိုချို |
| ၆၅။ | မောင်ရန်ပ | ရှီကျင်းပင်နှင့် တရုတ်တို့ရဲ့အိပ်မက် | ၁၅၀၀ | ဆန်းစသော်တာ |
| ၆၆။ | အောင်မိုး | ဒီဂျစ်တယ်အလွမ်းနှင့် အခြားအက်ဆေးများ | ၂၀၀၀ | |
| ၆၇။ | ဉာဉ(ချယ်ရီမြေ) | အစက်လုံးလေးထဲမှာနှင့် မဂ္ဂဇင်းရသစာတမ်းများ | ၂၈၀၀ | မျိုးဆက်သစ် |
| ၆၈။ | ရဲမြလွင် | ဗမာပြည်မှပေးစာများ | ၄၀၀၀ | |
| ၆၉။ | သရဝဏ်(ပြည်) | ကမ္ဘာပတ်၍ ကုလားထိုင်ရှာခြင်း | ၂၅၀၀ | စိတ်ကူးသစ် |
| ၇၀။ | ဦးဇော်မင်း(နတ်မောက်) | ဘိုးဘွားပိုင်မြေနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာပြဿနာများ | ၅၀၀၀ | Wisdim House |
| ၇၁။ | ဒေါက်တာစိုးလင်း (ရတနာပုံ) | အင်းစိန်ဒိုင်ယာရီ ၁၉၉၀-၉၅ | ၃၀၀၀ | မျိုးဆက်သစ် |
| ၇၂။ | စန်းလွင် | သူတို့ကိုးကွယ်ရာဘာသာကြီးများ | ၁၀၀၀၀ | ဘဝတက္ကသိုလ် |
| ၇၃။ | ကိုဝေဖြိုးအောင် (AIT Computer) | မိုဘိုင်းဖုန်း ဟာဒ်ဝဲပြုပြင်ခြင်းနည်းပညာ (I) | ၃၀၀၀ | AIT Computer |
| ၇၄။ | ကိုဝေဖြိုးအောင် (AIT Computer) | ကွန်ပျူတာအခြေခံအကြောင်း သိကောင်းစရာ (II) | ၃၀၀၀ | AIT Computer |
| ၇၅။ | ကိုဝေဖြိုးအောင် (AIT Computer) | Microsoft Word ၂၀၁၀ - ၂၀၁၆ | ၃၀၀၀ | AIT Computer |
| ၇၆။ | ကိုဝေဖြိုးအောင် (AIT Computer) | Microsoft Excel ၂၀၁၀ - ၂၀၁၆ | ၃၀၀၀ | AIT Computer |
| ၇၇။ | ဒေါက်တာအရှင်ဥတ္တမနန္ဒာ (Ph.D သီရိလင်္ကာ) | ဗုဒ္ဓဘာသာ(သို့)သားရဲတို့ကြားက တောမဲ့သားကောင် | ၅၀၀၀ | မျိုးဆက်သစ်စာပေ |

# မသန်ပေမယ့် စွမ်းတဲ့သူ

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

ရှေ့နေဝတ်ရုံအမည်း အဖြူရောင်နှစ်ခွလည်စည်းနှင့် ချိတ်လုံချည်အနီရဲရဲတို့ကို ဝတ်ဆင်ထားသည့် အမျိုးသမီးက သာမန်အတိုင်း လှုပ်ရှားသွားလာနေသည်။ အမျိုးသမီး၏လက်အတွင်းက အလူမီနီယံချိုင်းထောက် တစ်စုံကြောင့် မသန်စွမ်းသူတစ်ဦးမှန်း နီးကပ်မှသာ သိမြင်နိုင်သည်။ ခြေနှစ်ဖက် မသန်စွမ်းသည့် အမျိုးသမီးသည် ပူပူနွေးနွေး တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ပြီး ဘဝ၏နေ့ရက်များစွာကို အကျိုးရှိစွာ ဖြတ်သန်းနိုင်ဖို့အတွက် အားထုတ်နေရသည်ကို ဂုဏ်ယူနေကြောင်း သူ့မျက်လုံးများက သက်သေပြလျက်ရှိသည်။

အကြောင်းကြောင်းကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းနေကြသူများကို အခြားပုံမှန်လူများနည်းတူ နေထိုင်ရပ်တည်ရန်အတွက် တွန်းအားများစွာ လိုအပ်ပြီး အထူးသဖြင့် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းနှင့် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများက ဖေးမကူညီကြရန် လိုအပ်ကြောင်း၊ အားနည်းချက်ကို အတူ ရင်ဆိုင်ကျော်လွှားရင်း ဘဝအောင်မြင်မှုများကို အတိုင်းအတာတစ်ခုအထိ တက်လှမ်းရယူနိုင်ကြောင်းကို သက်သေပြကြသူများစွာ ရှိပါသည်။ ထိုအထဲတွင် တရားလွှတ်တော်ရှေ့နေ တစ်ဦးဖြစ်သူ မန္တလေးမြို့မှ မလှလှမိုးလည်း အပါအဝင်ဖြစ်သည်။

"အသက် တစ်နှစ်ခွဲမှာ နေမကောင်းဖြစ်တာ။ ဖြစ်ချင်တော့ အိမ်မှာ မိဘတွေက ဘုရားအနေကဇာ တင်ပွဲရှိတာနဲ့ အီနေမှာစိုးတယ်ဆိုပြီး ဆေးထိုးတာ။ ဆေးထိုးပြီးပြီးချင်း ဖြစ်တာ။ သူတို့ကတော့ ပိုလီယို ဗိုင်းရပ်စ် ဝင်တယ်ပေါ့လေ။ အဲဒီခေတ်က တိုင်တာတောတာလည်း မရှိကြဘူးလေ။ သိတတ်ကတည်းက အရုပ်ကြိုးပြတ်ဆိုတာ ကျွန်မမှ အစစ်ပဲ။ ဆရာဝန်တွေက ဒီကလေးအတွက် မျှော်လင့်ချက်သိပ်မထားနဲ့။ သူက သစ်ပင်လိုပဲ သေသွားပြီ။ သေပြီဆိုပေမယ့် ဟိုတစ်စဒီတစ်စနဲ့ သစ်ခြောက်ကနေ အတက်ကလေးတွေ ထွက်နိုင်တယ်။ ဒါပေမယ့်လည်း အများကြီးတော့ မျှော်လင့်လို့မရဘူးတဲ့"ဟု ငယ်ဘဝကို ပေါ့ပေါ့ပါးပါးနဲ့ မိတ်ဆက်ပြောပြသည်။

"ကျွန်မသဘောကတော့ မသန်စွမ်းတွေအတွက် လျှော့ပေါ့ပေးတာတွေကို သိပ်မမျှော်လင့်ဘူး။ ဘယ်သူ့ကိုမှ အားမကိုးချင်ဘူး။ အရှုံးမပေးချင်ဘူး။ ဥပမာစာမေးပွဲတစ်ခုကို လူကောင်းနဲ့တန်းတူ ဖြေရမယ်ဆိုရင် မသန်စွမ်းလို့ သူများထက် နည်းနည်းပိုပေးပါလို့ မတောင်းဆိုချင်ဘူး။ မသန်လို့ အခွင့်အရေး ပိုပေးရမယ်ဆိုတာကို မကြိုက်ဘူး။ တန်းတူဖြစ်အောင် ကြိုးစားချင်တယ်။ ဖြစ်နိုင်သမျှ လူကောင်းတွေနဲ့တန်းတူ ရင်ဆိုင်ချင်တယ်။ မသန်စွမ်းသူတွေအတွက် သွားလာမှု လွယ်ကူအောင် ပလက်ဖောင်းလိုအပ်ချက်တွေ ဖြည့်ပေးသင့်တယ်။ လိုအပ်တာထက်တော့ ပိုပြီးပေးဖို့တော့ မလိုပါဘူး။ နားလည်ပေးဖို့ပဲလိုပါတယ်။ မသန်တာနဲ့တော့ အရှုံးမပေးချင်ဘူး။ အရည်အချင်း ရှိရင်တော့ သန်သန်၊ မသန်သန် ပေးသင့်တယ်လို့ ထင်ပါတယ်"ဟု မလှလှမိုးက ပြောသည်။

အနှိမ်ခံရမည်ကိုစိုးရိမ်သည့် မိဘများက ကျောင်းစာကို အိမ်တွင်သာသင်ယူစေခဲ့သော်လည်း အသက် ၁၀နှစ် အရွယ်တွင် ကျောင်းတက်လိုသည့် ဆန္ဒကို ထိန်းမထားနိုင်တော့ပေ။ "သုံးတန်းအထိ အောင်မြင်ခဲ့ပေမယ့် လေးတန်းစတက်တော့ စိတ်ဓာတ်ကျစရာတွေ အများကြီးပဲ"ဟု ပြောပြပြီး ပညာတတ်လိုသည့် စိတ်အားထက်သန်မှုဖြင့် မြင်းခြံတစ်မြို့နယ်လုံးရှိ စတုတ္ထတန်းကျောင်းသားကျောင်းသူများအားလုံးမှ ဒုတိယဆုကို မလှလှမိုး ရရှိခဲ့ချိန်သည် ပထမဆုံးရည်မှန်းချက်ပြည့်ဝခဲ့သည့် နေ့တစ်ရက်ဖြစ်ကြောင်း ပြန်ပြောင်းပြောပြသည်။

"စာတော်မှန်းသိတော့ ဆရာ၊ ဆရာမတွေက လမ်းမလျှောက်နိုင်တဲ့ ကျွန်မကိုချီပြီး ပို့ရတယ်။ ကျွန်မကိုယ်တိုင်ကလည်း အားငယ်မနေဘဲ အများတန်းတူဖြစ်နိုင်ဖို့ တစ်ချိန်လုံး ကြိုးစားနေခဲ့တယ်"ဟု မလှလှမိုးက ပြောသည်။

မသန်စွမ်းဖြစ်မှုကြောင့် နှိမ့်ချခြင်းကို မကြုံခဲ့ရဖူးသော်လည်း မသန်စွမ်းသဖြင့် အများနည်းတူ လုပ်နိုင်မလား ဟူသည့် စောင့်ကြည့်မှုမျိုးကိုတော့ အခါခါကြုံခဲ့ရဖူးသည့် မလှလှမိုးသည် တက္ကသိုလ်ဝင်တန်းသို့ ရောက်သည့်အခါ ကျောင်းဆက်မတက်တော့ဘဲ မန္တလေးမြို့ ပန်းချီပန်းပုကျောင်းသို့ တက်



ရောက်ခွင့်ရရန် ကြိုးပမ်းခဲ့သည်။

"ပထမအကြိမ် ဝင်ခွင့်ဖြေတုန်းက ကျွန်မလည်း သူများတန်းတူတော့ ဖြေနိုင်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုထင်ထားပေမယ့် ဝင်ခွင့်မရဘူး။ ကျွန်မကို ချပစ်လိုက်တယ်။ အိမ်ကတော့ လက်လျှော့လိုက်တယ်။ ကျွန်မကတော့ နောက်နှစ်မှာ အိမ်ကမသိအောင် ဖောင်ခိုးတင်တယ်။ ပထမနဲ့ ဝင်ခွင့်ရခဲ့တယ်။ ငါတို့လို မသန်တဲ့ လူတွေဟာ ဖိနှိပ်ခံရတယ်။ ဒါကို တွန်းလှန်မယ်။ ခက်ခဲတယ်ဆိုပေမယ့် ရအောင်သင်ယူမယ်လို့ ပြင်ဆင်ခဲ့တယ်။ ရွေးချယ်သူတွေဘက်ကကြည့်ရင် ကျွန်မလို မသန်စွမ်းသူအတွက် အောက်ဒိုးတွေထွက်တဲ့အခါ မလွယ်ဘူးထင်လို့ ပယ်တယ်နဲ့ တူပါတယ်။ နောက်နှစ်ဝင်ဖြေတော့ ကျွန်မက အများကြီးပိုကြိုးစားထားတဲ့အတွက် သူတို့ယုံကြည်သွားတာဖြစ်မယ်"ဟု သူ့ဘဝ၏ စိန်ခေါ်မှုအပိုင်းအစများကို ပြောပြသည်။

သူငယ်ချင်းများ၏ စက်ဘီးနောက်တွင် လိုက်ပါရင်း အောက်ဒိုးထွက်ရသည့် မလှလှမိုးအတွက် ပန်းချီသင်ယူခွင့်သည် သာမန်လူများထက် ခက်ခဲခဲ့သည်။ သင်တန်းကာလသုံးနှစ်အတွင်း အခြေခံပန်းချီ၊ ရသပန်းချီ၊ သုတပန်းချီ၊ စီးပွားရေး ပန်းချီပညာရပ်များကို ကျောင်းအိပ်ကျောင်းစား သင်ယူခဲ့ပြီးနောက် ကျောင်းပြီးချိန်တွင် ပန်းချီပညာဖြင့် စတင် အသက်မွေးခဲ့သေးကြောင်း သိရသည်။

အလုပ်ရပြီး နောက်ပိုင်းတွင် ဆယ်တန်းအောင်ခြင်း၊ မအောင်ခြင်း၊ ဘွဲ့ရခြင်းမရခြင်းက မလှလှမိုးအတွက် အားငယ်မှုခံစားချက်ဖြစ်လာခဲ့ပြီး ပညာပြန်လည်တတ်မြောက်လိုစိတ်ပြင်းထန်လာခဲ့ပြန်သဖြင့် တက္ကသိုလ်ဝင်တန်းကို ပြန်လည်ဖြေဆိုရန် စိတ်ပိုင်းဖြတ်ခဲ့သည်။

အမျိုးသမီးရေးရာမှဖွင့်လှစ်သည့် ညကျောင်းကိုတက်ရင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ဥပဒေဘွဲ့ကို အဝေးသင်ပညာရေးဖြင့် ရတနာပုံတက္ကသိုလ်တွင် တက်ရောက်ခဲ့သည်။ အဝေးသင်တက္ကသိုလ် တက်ရောက်စဉ် စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်ကို တက်ရောက်ခဲ့ပြီး Level 3 ပြီးဆုံးခဲ့ပြီး အဝေးသင် ဥပဒေဘွဲ့ကိုလည်း ပြီးဆုံးအောင် သင်ယူနိုင်ခဲ့ကြောင်း သိရသည်။

"ဘွဲ့ရပြီးတော့ စာကြည့်တိုက်နဲ့ သုတပညာအတွက် စာတမ်းကို ရတနာပုံသတင်းစာအကြောင်း ရေးသားတင်သွင်းပြီး ခရက်ဒစ်နဲ့ အောင်မြင်ခဲ့ပါတယ်။ ပြီးတော့ Diploma business Law တစ်နှစ်တက်ခဲ့တယ်။ နောက်ထပ်လည်း Business International Law ကို အပတ်စဉ်(၁)မှာ တက်ရောက်ခွင့်ရလို့ တက်ခဲ့ပြန်တယ်။ ဘွဲ့ကလေးခုဖြစ်သွားခဲ့ပါတယ်။ အခြေအနေပေးရင်တော့ စာကြည့်တိုက်နဲ့ သုတပညာကို ဘွဲ့လွန်ဆက်တက်ဖို့ ရည်ရွယ်ထားတယ်"ဟု ပညာရေးအတွက် အချိန်ပေးကြိုးစားခဲ့ရပုံကို ပြောပြသည်။

ကျောင်းပြီးချိန်တွင် မန္တလေးမြို့တရားလွှတ်တော်ရှေ့နေဒေါ်ဥဥခင်ထံတွင် အလုပ်သင်ရှေ့နေအဖြစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ထံတွင် အထက်တန်းရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ ခုနစ်နှစ်တာကာလရှိခဲ့ပြီး ယခုရက်ပိုင်းအတွင်း တရားလွှတ်တော်ရှေ့နေအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

"အခက်အခဲက သွားလာရေးပါ။ ကျွန်မက လမ်းတအားမလျှောက်နိုင်ဘူး။ လူငှားရတယ်။ အလုပ်ရလာတော့ လခနဲ့ဆိုက်ကားငှားပြီး သွားရတယ်။ ကျောင်းတွေတက်တော့လည်း သွားလာရေးက အလွန်ခက်ခဲတယ်။ ကြိုးစားနေတဲ့အချိန်မှာ နှိမ့်ချတာမျိုးတော့မရှိဘဲ အားပေးကြပါတယ်။ အားပေးတယ်ဆိုပေမယ့် အခွင့်အရေးမယူခဲ့ပါဘူး။ လိုက်စရာရှိလိုက်၊ မလိုက်နိုင်ထိုင်နေရတာလည်း ရှိတာပေါ့။ သူများလိုတော့ နေရာတိုင်းမသွားနိုင်ဘူး။ ကိုယ်ဘယ်လိုမှမတတ်နိုင်ရင်တော့ ငြိမ်နေရတာတွေရှိတယ်"ဟု သူ့အကြောင်းကို ပြုံးလျက် ပြောပြသည်။

အမှုအမျိုးအစားပေါင်းများစွာကို လိုက်ပါဆောင်ရွက်နေခဲ့ပြီး တရားလွှတ်တော်ရှေ့နေ ဖြစ်လာသည့်အတွက် မူလရည်ရွယ်ထားသည့် ပရဟိတလုပ်ငန်းများစွာကိုလည်း ပိုမိုလုပ်ဆောင်လာနိုင်တော့မည်ဟု ရည်ရွယ်ထားပြီး မန္တလေးမြို့ရှိ ပရဟိတလုပ်ကိုင်သည့် ရှေ့နေအဖွဲ့အစည်းများဖြစ်သော MJA၊ ပြဟ္မစိုရ် စသည့်အဖွဲ့များနှင့် ပူးပေါင်းကာ ငွေကြေးမတတ်နိုင်သည့် အမှုသည်များအတွက် ယခင်ကထက်တိုးကာ အခမဲ့ကူညီပေးသွားရန် မျှော်လင့်ထားသည်။

"အမှုသည်တွေနဲ့ ဆက်ဆံတဲ့အခါမှာ ယုံကြည်မှုရအောင် အမြဲတည်ဆောက်ပါတယ်။သူတို့အတွက် အားကြိုး မာန်တက် လုပ်ဆောင်ပေးတဲ့အခါ သူတို့ဘက်ကလည်း မသန်စွမ်းဆိုတဲ့ အမြင်ထက် ရှေ့နေတစ်ယောက်ဆိုတဲ့ အမြင်ပဲ ကျန်ခဲ့တယ်။ တရားသူကြီးတွေနဲ့ ရှေ့နေအချင်းချင်းကလည်း ကျွန်မကို နှိမ့်ချခွဲခြားဆက်ဆံတာမျိုးမကြုံခဲ့ဖူးဘူး။ အမှုရင်ဆိုင်တဲ့အခါ "ငါ မတ်တပ်ရပ်နိုင်ပါ့မလား"ဆိုတဲ့အတွေးနဲ့ စိတ်ပူခဲ့ပေမယ့် အမှုလျှောက်လဲချိန်တိုင်း ဘယ်လောက်ကြာကြာ မတ်တတ်ရပ်နိုင်ခဲ့တယ်"ဟု မလှလှမိုးက သူ့နေ့စဉ်ဘဝကို ပြောပြသည်။

မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း မသန်သော်လည်း စွမ်းအားကြီးမားသည့် လုပ်ဆောင်ချက်များစွာကို အားထုတ်ဖော်ဆောင်နေသူများစွာ ပေါ်ထွက်နေပြီဖြစ်ရာ မလှလှမိုးကဲ့သို့ ဘဝကိုအရှုံးမပေးဘဲ ပေါ့ပေါ့ပါးပါးဖြင့် ဝါသနာပါရာ၊ စိတ်အားထက်သန်ရာဖြင့် နိုင်ငံကို တစ်ထောင့်တစ်နေရာမှ အားဖြည့်နေသူများကို ကူညီအားပေးကြရန် လိုအပ်ပါသည်။

"လူတိုင်းမှာ အခြေအနေအကြောင်းကြောင်းကြောင့် အားနည်းချက်တွေရှိနိုင်တယ်။ သေချာတာက လူတိုင်းမှာ အရည်အချင်းတွေ ရှိတယ်။ ဒါတွေကိုဖော်ထုတ်နိုင်မယ်ဆိုရင် ကိုယ့်အတွက်ရော၊ အများအတွက်ရော ဖြည့်ဆည်းနိုင်တဲ့သူ ဖြစ်လာမယ်လို့ ယုံကြည်တယ်"ဟု ပြောကြားသည့် မလှလှမိုး၏ အနာဂတ်ကတော့ တောက်ပမှုများဖြင့် ဆက်လက်ချီတက်သွားမည်မှာ အသေအချာပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

**မသန်စွမ်းဖြစ်မှုကြောင့် နှိမ့်ချခြင်းကို မကြုံခဲ့ရဖူးသော်လည်း မသန်စွမ်းသဖြင့် အများနည်းတူလုပ်နိုင်မလား ဟူသည့် စောင့်ကြည့်မှုမျိုးကိုတော့ အခါခါကြုံခဲ့ရဖူး . . .**

## မကွေးတံတားပေါ်၌ မိုးခိုနေစဉ် အခင်းကွန်ကရစ်ပြားကျွံကျပြီး ရောဝတီမြစ်ထဲပြုတ်ကျ

**မကွေး အောက်တိုဘာ ၁၇**

မကွေးတံတားပေါ်တွင် မိုးခိုနေစဉ် အခင်း ကွန်ကရစ်ပြားကျွံကျပြီး ရောဝတီမြစ်ထဲရှိ ရေလယ်တံတားတိုင်ပေါ်သို့ ပြုတ်ကျမှု အောက်တိုဘာ ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ပွင့်ဖြူမြို့ စေတဂူကျေးရွာနေ ရာဇာနှင့် မအိအိသွယ်တို့သည် ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာမှ မကွေးသို့ ပြန်လာစဉ် မင်းဘူးဘက်ကမ်းအရောက်တွင် မိုးများရွာသွန်းသဖြင့် မကွေးတံတားပေါ်တွင် မိုးခိုနေစဉ် အခင်းကွန်ကရစ် ပြားကျွံကျပြီး ရာဇာမှာ ရောဝတီမြစ်ထဲပြုတ်ကျခဲ့သည်။

အဆိုပါနှစ်ဦးအား မကွေးတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ Ambulance တစ်စီးတို့ဖြင့် ကယ်ဆယ်ခဲ့ပြီး မကွေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများနှင့် နတလစံပြကျေးရွာများကို နိုင်ငံတော်က ထောက်ပံ့ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆားနှင့် ပဲများအား သက်ဆိုင်ရာ တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းမှစ၍ ကျေးရွာအိမ်ထောင်စုအလိုက် လိုက်လံပေးအပ်ခဲ့ကြစဉ်။

(ခရိုင် ပြန်/ဆက်)

## ကလေးအချင်းချင်း ကစားရင်း တူမီးသေနတ်နှင့် ပစ်၍ ဒဏ်ရာရ

**ဖောင်းပြင် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် လွင်ကြီးအုပ်စု စပ်ထိုင်ရွာ ဦးအောင်သန်း၏ နေအိမ်တွင် အောက်တိုဘာ ၁၆ ရက် နေ့လည် ၂ နာရီခွဲက ကျော်မင်းဦး (၁၂)နှစ် (၅)တန်းကျောင်းသားနှင့် ဝင်းလွင်ဦး (၁၃)နှစ်တို့ အတူကစားနေစဉ် ကျော်မင်းဦးက ၎င်း၏ဖခင် ဦးအောင်သန်း(ပြည်သူ့စစ်)ကိုင်ဆောင်သော တူမီးသေနတ် အားယူဆောင်၍ ဝင်းလွင်ဦးအား စနောက် ကျီစယ်ပြီး ချိန်၍ပစ်လိုက်ရာ ဝင်းလွင်ဦး၏ဦးခေါင်းအားထိမှန်သဖြင့် (စိုးရိမ်ရ)ဒဏ်ရာရရှိသွားသဖြင့် ဖောင်းပြင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တောင်တက်ဘုရားဖူးယာဉ် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်



**ဘီးလင်း အောက်တိုဘာ ၁၇**
ဘီးလင်းမြို့နယ်၌ အောက်တိုဘာ ၁၆ ရက် ညနေ ၃ နာရီက ပိုင်ဒဝယ်ကျေးရွာအုပ်စု ကုသိန္နာရုံဘုရား တောင်ဆင်းလမ်း၌ ယာဉ်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း နောင်နောင်(၂၆ နှစ်) မောင်းနှင်သော ဟီးနိုးခြောက်ဘီးယာဉ်သည် ကုသိန္နာရုံဘုရားတောင်ပေါ်မှ ဘုရားဖူးခုနစ်ဦးကို တင်ဆောင်၍ တောင်အောက်သို့ ပြန်ဆင်းစဉ် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတောင်ကမ်းပါးယံကို တိုက်ပြီးယာဉ်မှာ ပက်လက်လန် တိမ်းမှောက်သွားခဲ့ရာ လိုက်ပါစီးနင်းလာသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးငါးဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိပြီး ဘီးလင်းဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ဖမ်းဆီးရမိရေးအတွက် ဘီးလင်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# အမြန်လမ်း၌ ယာဉ်နှင့်ဆိုင်ကယ်နှစ်စီးတိုက်မိ၊ အမျိုးသမီးနှစ်ဦးသေဆုံး

**မိတ္ထီလာ အောက်တိုဘာ ၁၇**
မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းအပိုင်၌ အောက်တိုဘာ ၁၆ ရက် ညနေက ခရီးသည်တင်မှန်လုံအမြန်ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးတိုက်မိရာ ဆိုင်ကယ်ပေါ်မှ အမျိုးသမီးနှစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့ မြင်သာရပ်နေ ယာဉ်မောင်း ခင်မောင်မြင့် (၂၆ နှစ်) မောင်းနှင်သည့် ပန်းတိုင်ခရီးသည်တင်ယာဉ်သည် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် အမြန်လမ်း မိုင်တိုင်အမှတ်(၂၉၇/၆) အရောက် မိတ္ထီလာမြို့နယ် ဖက်ကုန်းရွာနေ မမာမာ(၂၅ နှစ်)မောင်းနှင်ပြီး နောက်မှလိုက်ပါသူ ဝမ်းတွင်းမြို့နယ် အင်းရင်းကျေးရွာမှ မဝါဝါခိုင်(၂၁နှစ်)၊ ဖက်ကုန်းရွာမှ မယုမွန်(၂၇ နှစ်)တို့ သုံးဦးစီးလာသည့် ဆိုင်ကယ်နှင့် ဖက်ကုန်းရွာမှ ရန်နိုင်ဦး(၂၂နှစ်) မောင်းနှင်ပြီး နောက်မှ ဖက်ကုန်းရွာနေ မခင်ချိုနွယ်(၁၆နှစ်)တို့စီးလာသော ဆိုင်ကယ်တို့နှင့် တိုက်မိကြကြောင်း သိရသည်။



ထိုသို့ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် မမာမာ(၂၅ နှစ်)နှင့် ဆိုင်ကယ်နောက်မှ လိုက်လာသူ မယုမွန်(၂၇ နှစ်)တို့သည် ရရှိသောဒဏ်ရာများဖြင့် နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း၊ ထို့အပြင် ရန်နိုင်ဦး၊မဝါဝါခိုင်နှင့် မခင်ချိုနွယ်တို့တွင်လည်း ဒဏ်ရာများရရှိသဖြင့် မိတ္ထီလာဆေးရုံကြီးသို့ အတွင်းလူနာအဖြစ်တင်ပို့ထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ကသာမြို့နယ်၌ ဆိုင်ကယ်ခိုးယူသူအား ရဲတပ်ဖွဲ့မှ ဖမ်းဆီး

**ကသာ အောက်တိုဘာ ၁၇**
ကသာမြို့နယ် မိဿလင်အုပ်စု ပေါမမြိုင်ကျေးရွာ၌ ဆိုင်ကယ်ခိုးယူသူကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိဿလင်ကျေးရွာအုပ်စု ပေါမမြိုင်ကျေးရွာ၏အနောက်ဘက် နတ်တောင်ဘုရားပေါ်သို့ ကသာမြို့ ရပ်ကွက် (၁၀) မှ မောင်သားငယ်နှင့်အဖွဲ့ ဘုရားဖူးသွားစဉ် ဘုရားခြေရင်း၌ ထားရှိခဲ့သော CZI အမျိုးအစား ဆိုင်ကယ်ပျောက်ဆုံးနေသဖြင့် ရပ်မိရပ်ဖများနှင့်အတူ လိုက်လံရှာဖွေရာ ပေါမမြိုင်ကျေးရွာအတွင်းရှိ အောင်ကိုဖြိုး ကသာမြို့နယ်နေသူကို ဖမ်းဆီးရမိပြီး မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ချမ်းအေးသာစံမြို့နယ်၌ အမျိုးသမီးအလောင်းတွေ့ရှိ

**မန္တလေး အောက်တိုဘာ ၁၇**
မန္တလေး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၃၄ လမ်း ၅၃×၅၄ လမ်းကြား အကွက်အမှတ် (B-22) ပေ ၂၀၀ ပတ်လည်မြေကွက်လပ်အတွင်း၌ အမျိုးသမီးအလောင်းတစ်လောင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက တွေ့ရှိခဲ့ကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် ၃ မှုခင်းတပ်ဖွဲ့မှ ရဲမှူးစိုးခိုင်နှင့်တပ်ဖွဲ့ဝင်များ၊ ကန်ကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူအမျိုးသမီးသည် (၂၅ နှစ်)ခန့်ရှိပြီးခန္ဓာကိုယ်အနှံ့ ထိုးသွင်းဒဏ်ရာကိုးချက်နှင့် ၎င်း၏ ဝဲ/ယာ လက်ဖမိုးနှင့်လက်ဖျံတို့တွင် မူးယစ်ဆေးဝါးသုံးစွဲထားသည်ဟု ယူဆရသော ဆေးထိုးအပ်ရာများတွေ့ရှိရသည်။ အဆိုပါ သေဆုံးသူနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်နိုင်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**လှူအောင်(ကသာ)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**မဘိမ်း အောက်တိုဘာ ၁၇**
ရှမ်းပြည်နယ် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာအုပ်စု ခေါ်တောကျေးရွာ ဒေသအခေါ် ဘိုင်ဘင်ဆုံးဒေသ၌ ဘိန်းဖြူ ၂၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀ ဖမ်းဆီးရမိခဲ့သည်။ မဘိမ်းမြို့မရဲစခန်းမှ ရဲအုပ်ကျော်ဆန်းဝင်းနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမ်းဘိုကျေးရွာအုပ်စု ခေါ်တောကျေးရွာ ဒေသအခေါ် ဘိုင်ဘင်ဆုံးဒေသ၌ သတင်းအရ သိန်းထွန်း(ခ)ကတုံး၏ နေအိမ်ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဈေးဆိုင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀ ကာလတန်ဖိုးငွေကျပ် ၅၃၂၀၀၀၀ နှင့် ဘိန်းဖြူ ၂၄ ဂရမ် ကာလတန်ဖိုးငွေကျပ် ၄၃၂၀၀၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူသိန်းထွန်း (ခ)ကတုံး (၃၅နှစ်) စေတီကုန်းရပ်ကွက် ရွှေကူမြို့နယ် နေသူကို မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**( မြို့နယ်ပြန်/ဆက် )**

# ထီးချိုင့်မြို့နယ် ဂရိတ်ဝေါလ်သကြားစက်ရုံ ဂက်စ်အိုးပေါက်ကွဲ၊ တစ်ဦးသေဆုံး

**ကသာ အောက်တိုဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီးရှိ ဂရိတ်ဝေါလ်စက်ရုံ၌ အောက်တိုဘာ ၁၇ ရက်က ဂက်စ်အိုးပေါက်ကွဲခဲ့ရာ အမျိုးသားတစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့မွန်းလွဲ ၁ နာရီ ခွဲခန့်က ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ ဂရိတ်ဝေါလ် သကြားစက်ရုံကြိတ်စင်အလုပ်ဌာန၌ ဂက်စ်အိုးပေါက်၍ လူတစ်ဦးသေဆုံးသွားကြောင်း သတင်းအရ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဟိန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယင်းစက်ရုံရှိ အရှည်ငါးပေ၊ လုံးပတ်နှစ်ပေခွဲခန့်ရှိ နိုက်ထရိုဂျင်အိုးထဲမှ အရှည်နှစ်ပေ၊ လုံးပတ်နှစ်ပေခွဲခန့်ရှိ နိုက်ထရိုဂျင်အိုးထဲသို့ ထက်နိုင်ဝင်း (၂၀နှစ်) ပျဉ်းမနားမြို့နယ်နေသူသည် နိုက်ထရိုဂျင်များကို ပေါင်းကူးဖြည့်နေစဉ် အရှည်နှစ်ပေ၊ လုံးပတ်နှစ်ပေခွဲ နိုက်ထရိုဂျင်အိုး ပေါက်ကွဲမှုဖြစ်ပွားကာ ထက်နိုင်ဝင်း၏ဝမ်းဗိုက်ကို ထိမှန်သဖြင့် ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည်။ ၎င်းအနီးရှိ ကျော်ထင်မှာ အဆောက်အအုံရှိ မှန်ကွဲစများ ပြုတ်ကျသဖြင့် ပြတ်ရှဒဏ်ရာများရရှိသွားကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထီးချိုင့် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။
**လှူအောင် - ကသာ**


## ပျောက်ဆုံးကြောင်း
ဦးကျော်ဇေယျာဝင်း (၁၂/ဥကမ(နိုင်)၁၈၁၈၈၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-682469) မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၇၃၁၁၃၇၇၈၇

## အမည်ပြောင်း
ဘားအံမြို့၊ အထက(၁) တတိယတန်း(C)မှ ဦးထွန်းကိုအောင်၏သမီး မမိုးချမ်းမြေ့အား မကြယ်စင်ချမ်းမြေ့ဟု ပြောင်းလဲခေါ်ပါရန်။
**မကြယ်စင်ချမ်းမြေ့**

## ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြို့ဦးရိပ်မွန်၊ မြေကွက်အမှတ် ၈၃၀၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧက နှစ်၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးမြင့်ဆွေဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်(၃၀၄၆/၂၀၁၆)ရက်စွဲ ၁၃-၆-၂၀၁၆ တင်ပြ၍ ဒေါ်တင်တင်ရီ ၁၂/လမတ(နိုင်)၀၀၉၇၉၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 9D/4763 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း
သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က+ခ၊ ၃၃/က+ခ(မေခအိမ်ရာ)၊ မြေကွက်အမှတ် ၅၃/၃၈+၅၃/၃၉·B၊ဧရိယာ ၀ဒသမ ၀၄၁၅ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလီတန်လျံဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်(၄၇၇၇/၂၀၁၆)ရက်စွဲ (၁၉-၈-၁၆)တင်ပြ၍ ဦးညီထွေး ၁/ဗမန(ပြု)၀၀၀၀၈၀ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ်7F/9798 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း
သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က+ခ၊ ၃၃/က+ခ(မေခအိမ်ရာ)၊ မြေကွက်အမှတ် ၅၃/၃၉·A+၅၃/၄၀၊ ဧရိယာ ၀ဒသမ ၀၄၁၅ဧက နှစ်၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလီတန်လျံဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်(၄၇၇၆/၂၀၁၆)ရက်စွဲ(၁၉-၈-၁၆)တင်ပြ၍ ဦးဝင်းရွှေ(ခ)ကိုကျင်ဟုန် ၁/ဗမန(နိုင်)၀၅၇၃၉၆ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန**
**"သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)နှစ်နှစ်သင်တန်း" စာမေးပွဲစစ်ဆေးရန် နေ့ရက်ပြောင်းလဲသတ်မှတ်ခြင်းနှင့် စာစစ်ဌာနတိုးချဲ့သတ်မှတ်ခြင်း**

**ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်အစီအစဉ်**

၁။ **သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)နှစ်နှစ်သင်တန်း**
(က) ရက် - ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)
(ခ) နေရာ
စာစစ်ဌာန(၁) - သူနာပြုတက္ကသိုလ်(ရန်ကုန်)
စာစစ်ဌာန(၂) - သူနာပြုသင်တန်းကျောင်း(ရန်ကုန်)
စာစစ်ဌာန(၃) - ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်)

၂။ **အထူးပြုသူနာပြုဒီပလိုမာ(၉)လသင်တန်း**
(က) ရက် - ၂၄-၁၀-၂၀၁၆ရက်(တနင်္လာနေ့)ယခင်အစီအစဉ်အတိုင်း
(ခ) နေရာ - သူနာပြုတက္ကသိုလ်(ရန်ကုန်)

၃။ **စာမေးပွဲဖြေဆိုခွင့်ကတ်ထုတ်ယူရမည့်ရက်**
(က) ရက် - ၁၉-၁၀-၂၀၁၆ရက်နှင့် ၂၀-၁၀-၂၀၁၆ရက်
(ခ) နေရာ - သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်မည်ဖြစ်သည်။

**စုံစမ်းမေးမြန်းလိုပါက** - ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုဌာနစိတ် ရုံးအမှတ်(၄)၊ နေပြည်တော်
**(ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၁၈၊ ၈၁၉)**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးခဲ့ကြောင်းကြေညာခြင်း
မြင်းခြံမြို့၊ (၁၉)ရပ်ကွက်၊ အမှတ် ၂၀၈နေ ဒေါ်ဝင်းဝင်းဌေး(ဘ)ဦးသိန်းကျော် ၉/မခန(နိုင်)၀၀၆၀၂၈နှင့် မြင်းခြံမြို့၊ အမှတ် ၈၄/၁၆၊ စံပြတိုက်တန်းနေ ဦးဟန်ဇော်အောင်(ဘ)ဦးအောင်မြိုင် ၉/မခန(နိုင်)၀၆၈၅၅၂တို့သည် ၂၆-၈-၂၀၁၂ ရက်တွင် သားသမီး၊ ပစ္စည်းကိစ္စများ ဖြေရှင်းရန်မရှိဘဲ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြီးစီးခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးဟန်ဇော်အောင်၊ မဝင်းဝင်းဌေး**

## ဝန်ထမ်းအလိုရှိသည်
**(ပြည်တွင်း၌သာခန့်ထားရန်)**

| | | |
|---|---|---|
| ၁။ Cashier | မ | (၅) ဦး |
| ၂။ အရောင်းဝန်ထမ်း | မ | (၁၀) ဦး |
| ၃။ Marketing | ကျား/မ | (၁၀) ဦး |
| ၄။ ရောင်း/မောင်း | ကျား | (၅) ဦး |
| ၅။ အထွေထွေလုပ်သား | ကျား | (၁၀) ဦး |
| ၆။ ရုံးအကူ | ကျား | (၁၀) ဦး |

လစာကောင်းကောင်းပေးမည်။
အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။
လျှောက်ထားလိုသူများသည်ကာလာဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
**လျှောက်ထားရန်လိပ်စာ**
**အမှတ်(၂၄၄/၂၄၆)၊ ကုန်ဈေးတန်းလမ်း(အလယ်)**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၄၂၀၅၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၀ယ/၃၈၃၁၀ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၁၄/ပသရ(နိုင်)၀၀၀၁၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၈ယ/၇၄၃၆၉Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၁၄/လပတ(နိုင်)၁၇၇၈၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**



ချန်ပီယံဆုဖလားရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တာဝန်ရှိသူများက ဆုဖလားချီးမြှင့်စဉ်။ (အား/ကာ)

# ရန်ကုန်အသင်း သုံးနှစ်ဆက်ဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်း ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်အသင်းက ချင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင် ဇော်ထူးက ရန်ကုန်အတွက် ဂိုးစတင် သွင်းယူခဲ့သော်လည်း ချင်းအသင်းအတွက် ချေပဂိုးကို မိုးဇော်က သွင်းယူပေးခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် အပြန်အလှန်ကစားနိုင်ခဲ့ပြီး မျိုးဇင်ဦးက ရန်ကုန်အတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက အသာစီးမှုကစားသွားပြီး အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ဇော်ထူး၊ ချစ်ဦးမောင်နှင့် အောင်ဝင်းနိုင်တို့က သွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းသည် ချန်ပီယံဆုဖလားကို သုံးနှစ်ဆက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တတိယဆုရ မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ဒုတိယဆုရ ချင်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် လေးသိန်း၊ ပထမဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုများရရှိသော ဂိုးသမား ဆုရ- ကျော်လင်းဆွေ(မွန်)၊ နောက်တန်းဆုရ-ဇော်ထူး(ရန်ကုန်)၊ အလယ်တန်းဆုရ- သန်းအောင်(ချင်း)၊ ရှေ့တန်းဆုရ- နေရှိန်း(ရန်ကုန်) ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ - ကျော်လင်းထွန်း (ရန်ကုန်)တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်တို့က ဆုများချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပထမဆုရ ရန်ကုန်အသင်းအား ချန်ပီယံ ဆုဖလားနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# အား/ကာသိပ္ပံ(ရန်ကုန်)ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ် သင်တန်းကျောင်းမှ ထူးချွန်အားကစားသမားများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါထူးချွန်အားကစားသမားများသည် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၆ ခုနှစ် ငါးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ နေပြည်တော်၌ ကျင်းပခဲ့သော ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သော ဝန်ကြီးဌာနပေါင်းစုံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမရေကူး လူရွေးပွဲ၊ ၂၀၁၆ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုများစံချိန်သစ် တင်နိုင်ခဲ့သည့် အားကစားသမားများနှင့် ဩဂုတ်လအတွင်း အားကစားနည်း ၂၅ မျိုးမှ ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ခြင်းဖြစ်ရာ စုစုပေါင်း အားကစားသမား ၆၀ ရှိကြောင်း သိရသည်။

"သင်တန်းသား တစ်ဦးချင်းစီရဲ့ အားကစားအရည်အသွေးဟာ လေ့ကျင့်နေရုံနဲ့မပြီးဘဲ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နေမှသာ မိမိရဲ့အားကစားအရည်အသွေးတိုးတက်မှုကို သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲတွေများများ ယှဉ်ပြိုင်မှ အရည်အသွေးနဲ့ အတွေ့အကြုံကောင်းတွေကတစ်ဆင့် အောင်မြင်မှုတွေ ရရှိလာမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

အဆိုပါ အား/ကာသိပ္ပံမှ မလေးရှားနိုင်ငံ၌ ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ငါးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲများ၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခုစီဖြင့် စုစုပေါင်း ရွှေတံဆိပ်ဆုငါးဆု ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် နေပြည်တော်၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ကျင်းပခဲ့သော ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင်လည်း ဘော်လီဘောအားကစားနည်းမှ သင်တန်းသား သင်တန်းသူများက အသင်းလိုက်ကြေးတံဆိပ်ဆုနှင့်သင်တန်းသူတစ်ဦးက စပေးဘော အကောင်းဆုံးဆုကိုရရှိခဲ့ကြောင်း၊ ရန်ကုန်မြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပဏာမလူရွေးပွဲတွင် ရေကူး သင်တန်းသား သင်တန်းသူ ခြောက်ဦးက မီတာ ၅၀၊ မီတာ ၁၀၀ အလွတ်ကူး၊ ပက်လက်ကူး၊ လိပ်ပြာကူး၊ မီတာ ၂၀၀ ရင်ပေါင်တန်းနှင့်တစ်ဦးချင်း လေးမျိုးကူး၊ ပြိုင်ပွဲတွင် စံချိန်သစ်များ တင်နိုင်ခဲ့ကြောင်း သိရသည်။

တစ်ဖန်တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲတွင်လည်း ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘောလုံး၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူး စသည့်အားကစားနည်း ၁၀ နည်းမှ သင်တန်းသားသင်တန်းသူ ၁၉၃ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၇ ဆု၊ ငွေတံဆိပ် ၁၇ ဆုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်းဆုတံဆိပ် ၇၆ ဆုဆွတ်ခူးနိုင်ကြောင်း သိရသည်။

အား/ကာသိပ္ပံ(ရန်ကုန်)ကို ၁၉၉၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ကြောင်း ၁၉၉၇ ခုနှစ်က အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း၊ အားကစားနည်း ၂၅ နည်း သင်ကြားပေးလျက်ရှိကြောင်း၊ အား/ကာသိပ္ပံများကို ရန်ကုန်အပြင် မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များ၌လည်း ဖွင့်လှစ်ပေးထားကြောင်း၊ ရန်ကုန် အား/ ကာသိပ္ပံ၌ ကျောင်းသား ကျောင်းသူ ၇၀၀ အထိ လက်ခံကြောင်း၊ ငါးတန်းအရွယ်မှစပြီး ၁၀ တန်းအထိ လက်ခံကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**



အမြန်ရောင်းမည်

ရန်ကုန်မြို့တွင်းနှင့်နီးပြီး အနီးဝန်းကျင်တွင် ကန်ထရိုက်တိုက်များဆောက်လုပ်နေသော ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ဇောင်မေတ္တာလမ်း (အလယ်)ရှိ မြေ ပေ (၁၄×၅၀) နှင့် အိမ်။ (ညှိနှိုင်းဈေး)

Ph : 09 972725674

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4K/7093 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

**အမြန်ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မဈေးကြီး၊ မျက်နှာချင်းဆိုင်ရပ် ကွက်အနီး၊ ကိုယ်ပိုင်အမည်ပေါက်မြေ၊ အိမ်ရာကွက်များ ပေ၄၀×ပေ၆၀ တစ်ကွက်လျှင်ကျပ်သိန်း(၅၀)မှ သိန်း(၈၀)အတွင်း (ရေ၊ မီး၊ အရံသင့်)

**ဆက်သွယ်ရန်-**

**ဖုန်း-၀၉-၄၂၀၂၀၈၁၅၇**

**ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း**

ပြည်မြို့၊ အမှတ် ၁၄၂၀၊ ကသဲတန်းလမ်း၊ ဆံတော်ရပ်ကွက်မှ ဦးဝင်းမြင့် ၇/ပမန(နိုင်)၀၃၄၂၅၄ နှင့် အစ်မဖြစ်သူ ဒေါ်ခင်မြမြ ၇/ပမန(နိုင်)၀၃၂၄၉၆တို့က ပြည်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၉-၂၀၁၃ရက်တွင် စာချုပ်အမှတ် ၁၄၄/၂၀၁၃ဖြင့် ချုပ်ဆို၍ ဦးရဲသွင် ၇/ပမန(နိုင်)၀၇၉၀၅၂ အားပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ၁၇-၁၀-၂၀၁၆ရက်မှ စတင်၍ ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၇/ပမန(နိုင်)၀၃၄၂၅၄**

**ဒေါ်ခင်မြမြ ၇/ပမန(နိုင်)၀၃၂၄၉၆**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၂ယ/၅၈၉၇၀ HONDA WAVE -110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကိုကိုအောင် ၁၄/ပစလ(နိုင်)၀၅၂၄၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/ ၂၇၃၉၈ Jiaja-110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလှိုင် ၁၄/ကကန(နိုင်)၁၀၃၅၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ သမ္မတလမ်း၊ အကွက်အမှတ်(၆၁)၊ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၁၃၀-၁၃၁)၊ ဧရိယာ ၀ဒသမ၁၀ဧကရှိ ဂရန်မြေကို ဦးမောင်မောင်ဇော်အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ကျွန်ုပ်၏ မိတ်ဆွေက ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုး သူရလမ်း၊ အမှတ်(၁၂၁၅)၊ သုံးလွှာ၊ ဒုတိယထပ်၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူဖြစ်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချသူဒေါ်တင်မာရီ ၁၁/စတန(နိုင်)၀၁၃၉၉၀ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိခင်(LL.B)**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၇၈၃၄)**
**အမှတ်(၉/၁၁)၊ အခန်း(E/၁၀၃)၊ ပထမထပ်၊ ၃၆လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၄၁၉၁၄၈**

**အိမ်ခြံမြေရောင်းမည်**

**တောင်ဥက္ကလာပ/(၆)ရပ်ကွက် အကောင်းဆုံး၊ အသန့်ဆုံးနေရာ**

၁။ ပေ(၃၅×၆၀) မြေကွက်သီးသန့်၊ လျှပ်စစ်မီးသွယ်ပြီး နှစ်(၆၀)ဂရန်၊ ညှိနှိုင်းဈေး

၂။ ပေ(၄၅×၆၀) မြေကွက်၌ 1RC(1200 sqft)ရေမီးဖုန်း ကားဂိုဒေါင်/ နှစ်(၆၀)ဂရန် ညှိနှိုင်းဈေး

၃။ အထက်ပါမြေနှစ်ကွက်တွဲပေ(၈၀×၆၀)(အုတ်တံတိုင်းခတ်ပြီး)ကိုလည်း ရောင်းမည်။

**ဖုန်း-၀၉-၄၂၀၇၀၁၃၆၀**

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၆ ခုနှစ် တရားမအယူခံမှုအမှတ်-၁၉၅**

ဒေါ်ရှုကြည် **နှင့်** ဦးသိန်းထွန်းပါ ၃၅
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်လွင်)
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၅ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားမကြီးမှုအမှတ် ၁၃/၂၀၁၄ကို အယူခံမှု။

အယူခံတရားပြိုင်အမှတ်(၂၀)ဒေါ်သီရိမွန်၊ အမှတ်(၄၁)၊ ငါးလွှာ၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာ ၇ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကယားပြည်နယ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသော ကုမ္ပဏီများထံမှ FDAအသိအမှတ်ပြုဆေးဝါးများအား တင်သွင်းရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်စာရင်းနှင့် တင်သွင်းရမည့်ဆေးဝါးများ အသေးစိတ်စာရင်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လွိုင်ကော်မြို့သို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာ ရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၃-၂၁၀၈၆ သို့ဖြစ်စေ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁-၁၁-၂၀၁၆ရက်

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**




**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးငြိမ်း၏သမီး ဒေါ်အုန်းရီနှင့် ဒေါ်အုံးရီ ၁၂/သဃက(နိုင်) ၀၄၈၉၁၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အုန်းရီ(ခ)ဒေါ်အုံးရီ**

# မောင်တောမှ ရွှေ့ပြောင်းလာသော အိမ်ထောင်စုဝင်များအတွက် စားနပ်ရိက္ခာများ ထောက်ပံ့

**ဘူးသီးတောင် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အောက်တိုဘာ ၉ ရက်ကဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာလာသည့် ဒေသခံပြည်သူအချို့သည် ဘူးသီးတောင်မြို့နယ်သို့ရောက်ရှိလာရာ ဘူးသီးတောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ယာယီစခန်းဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာယီစခန်းတွင်ရောက်ရှိနေသော အိမ်ထောင်စုများအား အောက် တိုဘာ ၁၄ ရက် ညနေပိုင်းက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် ကော်မတီ ဝင်များက သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ယာယီစခန်းရှိ ပြောင်းရွှေ့အိမ်ထောင်စုများအတွက် တစ်ပတ်စာ ဆန်အိတ် ၅၀၊ ဆီငါး ပိဿာ၊ ဆား ငါးပိဿာနှင့် ပဲ ပိဿာ ၁၅၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာယီစခန်းတွင် အောက်တိုဘာ ၁၄ ရက်အထိ အိမ်ထောင်စု ၁၄၄ စုမှ ကျား ၁၁၈ ဦး၊ မ ၂၆၀ စုစုပေါင်း ၃၇၈ ဦး ရောက်ရှိနေကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

# ထိုင်းငါးဖမ်းလှေ နှစ်စင်းပေါ်၌ လူကုန်ကူးခံရသူ ၁၇ ဦးအား ကယ်ထုတ်

**အုန်းနွဲ့ အောက်တိုဘာ ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ သုံးရာကျော်အကွာတွင်ရှိသော ပက္ကျတ်ခ်ီရီခံနယ်မြေ အုန်းနွဲ့ ငါးဖမ်းလှေဆိပ်၌ ရောင်းစားခံနေရသော မြန်မာအလုပ်သမား ၁၇ ဦးအား ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့ DSI နှင့်အတူ MAT အဖွဲ့က အောက်တိုဘာ ၁၂ ရက်က ကယ်ထုတ်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောကြားသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက ထိုင်းအစိုးရလူကုန်ကူးမှု တိုက်ဖျက်ရေး အထူးစုံစမ်းရေး DSI နှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ထံသို့ မြန်မာအစိုးရ မြဝတီလူကုန်တား တပ်ဖွဲ့စိတ် ATTF မှ လူကုန်ကူးခံရသူ ခြောက်ဦးတို့၏ အမည်နှင့် အကြောင်းအရာများကို ရေးသား၍ အကူညီတောင်းခံလာခဲ့ခြင်းဖြစ်ပြီး အသက် ၁၇ နှစ်အရွယ် မြန်မာအလုပ်သမား ကိုဇညားထွန်းထံသို့ ဆက်သွယ်၍အရေးကြီးသည့်အချက်အလက်များကို အလျင်အမြန်ရယူနိုင်ခဲ့ကာ အပြည့်အစုံမရရှိမီ ဖုန်းအဆက်သွယ်ပြတ်သွားခဲ့ကြောင်း သိရသည်။

ထို့နောက် MAT အဖွဲ့က ရရှိသမျှသော အချက်အလက်များအား ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးဝင်းမောင်ထံသို့ သတင်းပေးပို့ခဲ့ပြီးနောက် ဘာသာပြန်ဆို၍ DSI မှ Chief of Prevention and Suppression မှ Div. 2 မှ Pol. Maj. Jatuporn Arunleaktawin ထံသို့ ချက်ချင်းအကြောင်းကြားခဲ့သည်။

အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းကတည်းက DSI နှင့် MAT အဖွဲ့တို့ သီးခြားစီခရီးထွက်ခဲ့ကြပြီး ပက္ကျတ်မြို့အဝင် လုံခြုံသည့်တစ်နေရာ၌ အဆိုပါ အလုပ်သမားများအား ကယ်ထုတ်နိုင်ရေးအတွက် အရေးပေါ်အစည်းအဝေးပြုလုပ်၍ အစီအမံများကို ချမှတ်ခဲ့ကြကာ ယင်းရက် နေ့လယ်ပိုင်း၌ စစ်ကြောင်းနှစ်ခုခွဲ၍ ဒေသခံရဲများနှင့်အတူ ငါးဖမ်းလှေ ပြန်မထွက်မီ ရှောင်တခင် ကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ကျူးကျော်တဲများတွင်နေထိုင်သည့် ကိုဇညားထွန်းက "ကျွန်တော်တို့ကို မော်လမြိုင်မှာ ငါးရွေးရမယ်၊ ငါးလှန်းရမယ်။ ပုစွန်တွေ အခွံချွတ်ရမယ်၊ ရေခဲရိုက်ရမယ်၊ တစ်လကို သုံးသိန်းအနည်းဆုံးရမယ်ဆိုပြီး ပွဲစားကခေါ်လာတာပါ။ ညဘက်တွေမှာ ကားနဲ့လာရတာဖြစ်ပြီး ထိုင်းက ငါးဖမ်းလှေပေါ်ကိုရောက်လာတာတောင် မော်လမြိုင် ရောက်တာလို့ ထင်မှတ်နေခဲ့တယ်။ လှေပေါ်မှာ ပိုက်ဆရာရိုက်တာကိုခံရသလို ကမ်းကိုရောက်ရင် ငါးတွေ ငပိတွေချရတယ်။ ပြီးရင်ရေခဲတင်ရတယ်။ ပြီးတာနဲ့ ပွဲစားမ အခန်းမှာ သော့ပိတ်ထားပါတယ်။ ပြန်မထွက်ခင် MAT အဖွဲ့က လာရောက်ကယ်နိုင်ခဲ့လို့ ကျွန်တော်တို့ လွတ်မြောက်လာခဲ့တာပါ" ဟု ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများအရေး ကိစ္စရပ်များအား အစဉ်တစိုက် ဆောင်ရွက်လျက်ရှိနေသည့် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "အသက် ၁၅ နှစ်အရွယ် တစ်ယောက်၊ ၁၇ နှစ်အရွယ်က လေးယောက် အခိုင်းခံနေရတာပါ၊ ကျွန်ပြုခံနေရတာက မြန်မာတိုင်းရင်းသား အမျိုးသမီးတစ်ဦးပါ။ အလုပ်သမားတိုင်းမှာ ပန်းရောင်ဘတ်ကတ် လုပ်ထားပါတယ်။ ပန်းရောင်ဘတ်ကတ် လုပ်ထားတာနဲ့ လူကုန်ကူးခံရတာ ဘာမှမဆိုင်ပါဘူး။ ဒါ့အပြင် ဒီလောက်ငယ်တဲ့ကလေး ငါးယောက်ကို အသက် ၁၈ နှစ်ပြည့်ပြီး အလုပ်လုပ်ခွင့် ပန်းရောင်ဘတ်ကတ် လုပ်ပေးထားတာဟာလည်း သက်ဆိုင်ရာဌာနရဲ့ မရိုးသားမှုကို ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ကလေးတွေကို မြန်မာပြည်ကို အမြန်ဆုံးပြန်ပို့ပေးနိုင်ဖို့နဲ့ အမှုကိုအမြန်ဆုံး စစ်ဆေးပေးဖို့ DSI ကို မေတ္တာရပ်ခံခဲ့ပါတယ်။ အလုပ်သမားတွေကိုသော့ပိတ်ကျွန်ပြု နေတဲ့မြန်မာတိုင်းရင်းသူ အမျိုးသမီးနဲ့ အလုပ်သမားတွေ ကိုရိုက်နှက်တဲ့ မြန်မာတိုင်းရင်းသား ပိုက်ဆရာတို့ကို အရေးယူပေးဖို့ပါ ထိုင်းနိုင်ငံတာဝန်ရှိသူများကို တောင်းဆိုခဲ့ပါတယ်"ဟုပြောသည်။

လူကုန်ကူးခံခဲ့ရသူများ၏ ထွက်ဆိုချက်အတိမ်အနက်ပေါ်မူတည်၍ ဆုံးဖြတ်သည့် ထိုင်းအစိုးရ လူကုန်ကူးမှုဥပဒေအရ ကယ်ထုတ်လာသည့် မြန်မာ အလုပ်သမား ၁၇ ယောက်အနက်၊ လူကုန်ကူးမှု မြောက်သူ ၁၀ယောက်ဖြစ်ပြီး မိမိသဘောနှင့် လာရောက် အလုပ်လုပ်ကိုင်သည်ဟု ဆိုသည့် မွန်လူငယ်လေးယောက်တို့မှာ ငါးဖမ်းလှေပေါ်သို့ပြန်သွားခဲ့ကြကာ သုံးယောက်မှာ အမှုဖွင့်ရာတွင် ပါဝင်ရန်ဆန္ဒမရှိသဖြင့် MAT ဗန်ကောက်ရုံးသို့ ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။ မွန်လူမျိုးလူငယ်တစ်ဦးကို မိဘရှိသည့် မဟာချိုင်မြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့မှ ကိုကျော်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့မှ ကိုဇင်မင်းတို့ကို အောက်တိုဘာ ၁၃ ရက်က မြဝတီလူကုန်တားတပ်ဖွဲ့စိတ်သို့ ပြန်လည်ပို့ဆောင်ရန်စီစဉ်ခဲ့ကြောင်း MAT အဖွဲ့က ပြောသည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် ထိုင်းအစိုးရလူကုန်ကူးမှု တိုက်ဖျက်ရေး အထူးတပ်ဖွဲ့များ၊ မြန်မာအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ နှင့် မြန်မာသံရုံး၏ အကူညီတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် လူကုန်ကူးမှုပေါင်း ၂၇ ကြိမ် အောင်မြင်မှုတွင် လူကုန်ကူးခံရသူပေါင်း ၃၄၃ ဦး ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးဂိုဏ်းသားပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association inThailand) မှ သိရသည်။



**သတင်း - စိုးဝင်း (SP)**
**ဓာတ်ပုံ - MAT**

## မှုခင်းသတင်းတိုများ

### ဘီလူးချောင်းအတွင်း ရေဆင်းချိုးရာမှရေနစ်သေဆုံး

ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်အတွင်း ဘီလူးချောင်းထဲတွင် အောက်တိုဘာ ၁၀ ရက်က ကလေးငယ်တစ်ဦး ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ရေနစ်သေဆုံးသူမှာ လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နေ မောင်ကျော်မင်းစိုး(၁၁ နှစ်)ဖြစ်ပြီး အဆိုပါနေ့ညနေ ၃ နာရီခန့်ကသူငယ်ချင်း ငါးဦးတို့နှင့်အတူ မိုင်းလုံးရပ်ကွက်အတွင်း ရေတင်စက်အနီးရှိ ဘီလူးချောင်း ရေချိုးဆိပ်တွင် ရေဆင်းချိုးကြစဉ် မောင်ကျော်မင်းစိုးမှာ ရေနောက်မျောပါ ပျောက်ဆုံးသွားခဲ့သည်။ ယင်းနေ့တွင် ရပ်ကွက်နေပြည်သူများက ဘီလူးချောင်း တစ်လျှောက် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရဘဲ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် အခင်းဖြစ်နေရာအနီးရှိ ငါးဖမ်းပိုက်ကွန်တွင်ငြိတွယ်ကာ ပေါလောပေါ်နေသော အလောင်းကိုပြန်လည်တွေ့ရှိခဲ့ကြသည်။

အဆိုပါဖြစ်စဉ် နှင့်စပ်လျဉ်း၍ လွိုင်ကော်မြို့မရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

### ပါဝါအိပ်ဇောတပ် ဆိုင်ကယ်များဖမ်းဆီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ပါဝါအိပ်ဇောများတပ်ဆင်ကာမောင်းနှင်နေကြသော ဆိုင်ကယ်များအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့မှ သီတင်းကျွတ်ပွဲတော်ကာလအတွင်း အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေမည့် ဆူပူကျယ်လောင်စွာ မောင်းနှင်လျက်ရှိသော ပါဝါအိပ်ဇောများတပ်ဆင်ထားသည့် ဆိုင်ကယ်များအား ယာဉ်ထိမ်းတပ်ဖွဲ့စု (၁၀၆) ကသာမှ ဒုရဲမှူး ရန်နိုင်ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ကအရေးယူဆောင်ရွက်ကာ ယင်းပါဝါအိပ်ဇောများကို ကသာမြို့ ကျောက်တိုင်ကွင်းကြီး၌ လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက် နှစ်ဦးသေဆုံး

**အင်းတော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာနှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက်က ရွှေဘို-မြစ်ကြီးနားကားလမ်း ကျောင်းကုန်းကျေးရွာအနီး ဝဏ္ဏအောင်စီးနင်းလာသော ဆိုင်ကယ်သည် ယာဉ်ကြောမှားကာ သစ်လွင်ဦး မောင်းလာသော ဆိုင်ကယ်နှင့်မျက်နှာချင်းဆိုင်တိုက်မိကြရာ သစ်လွင်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဝဏ္ဏအောင်မှာ အင်းတော်ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးသွားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိထားပြီးအမှတ်(၉)နယ်မြေရဲစခန်းမှ ပို့ကုန်/သွင်းကုန်ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက်က ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်(၅၃၆၄)နေ ဦးစိုင်းသိန်းဦးက ၎င်းပိုင်ဆိုင်သော မော်တော်ယာဉ်နှင့် ယာဉ်အမျိုးအစား၊ အရောင်၊ နံပါတ်တူယာဉ်တစ်စီးအား ဝဏ္ဏသိဒ္ဓိရပ်ကွက်တိုက်(၅၃၃၇)ရှေ့တွင် တွေ့ရှိကြောင်း ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်သတင်းပေးချက်အရ အဆိုပါရဲတပ်ဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစိုင်းသိန်းဦး ကားနှင့်တိုက်အမှတ်(၅၃၃၇)နေ ဦးတင်ထူးပိုင်ဆိုင်သော ယာဉ်နှင့် အမျိုးအစား၊ အရောင်၊ ယာဉ်အမှတ်များ တစ်ထပ်တည်းတူညီနေသည်ကိုတွေ့ရှိရပြီး ဦးတင်ထူးအား မေးမြန်းရာ ယင်းယာဉ်နှင့်ပတ်သက်သည့် အထောက်အထားပြသနိုင်ခြင်းမရှိဘဲလိုင်စင်မဲ့ ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ထိုသို့တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်အား လက်ဝယ်ထားရှိအသုံးပြုသူ တင်ထူး(၂၅နှစ်) ဝဏ္ဏသိဒ္ဓိရပ်ကွက်နေသူအား အမှတ်(၉) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၁၄)**

### တရားမဝင်ကျွန်းခွဲသားများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်ရဲစခန်း၏မြောက်ဘက် ၂၅မိုင်ခန့် စကားကုန်းကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာအနီး ညွှန့်လွင်၏ ယာခင်းထဲ၌ အောက်တိုဘာ ၁၅ရက်က တရားမဝင်သစ်များစုဆောင်းထားကြောင်းသတင်းအရပူးပေါင်းအဖွဲ့မှဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသား ၂၁၁ ချောင်း (၃ ဒသမ ၅၁၀၂ )တန်အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကျွန်းခွဲသားများစုဆောင်းထားသူ ညွှန့်လွင် (၃၅ နှစ်) ရွှေပြည်သာကျေးရွာ ကသာမြို့နယ်နေသူအား အရေးယူပေးပါရန် တောအုပ်ဘိုသိန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကသာမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မောရှမ်းမြေက ဝါကျွတ်ချိန်အလှ

**စိုင်း(သီပေါ) ✻**

သီတင်းဝါလ ကျွတ်ချိန်ရောက်လျှင် ဒေသခံ တိုင်းရင်းသားများသည် သီတင်းကျွတ်ပွဲတော် ကျင်းပရန် "ချိန်ဆန်ပွတ်"(ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင် လှူဒါန်းပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ ဘုန်းတော်ကြီးကျောင်း၌ ပူဇော်ကန်တော့ရန် မိမိတို့၏ ကောက်စောကောက်ဦး စပါးများကို ဝါကျွတ်ကာလအမီ လှူဒါန်းနိုင်ရန် ကြိုတင်ရိတ်သိမ်း ပြင်ဆင်ထားကြသည်။

တောင်ယာထဲတွင် စိုက်ပျိုးထားသော ငှက်ပျောသီး၊ လိမ္မော်သီး၊ မြေပဲနှင့် ကန်စွန်းဥများကိုလည်း ကြိုတင်ဆွတ်ခူးတူးဖော်ထားကြသည်။ ချိန်ဆန်ပွတ်(ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင်များကို မိမိနေအိမ်၏ ဥပစာအပြင် အရှေ့ဘက်ကြမ်းပြင် ထိပ်ဆုံးတွင် ဝါးတိုင်လေးတိုင်စိုက်ထူပြီး ဝရန်တာထိပ်လက်လှမ်းမီရုံနေရာတွင် လေးထောင့်စင်တစ်ခုဖြင့် ပြုလုပ်လေ့ရှိပြီး တစ်ပင်တိုင်ပြုလုပ်သည်လည်းရှိသည်။

ဘုရားကျောင်းဆောင်ကို ဝါးနှီးများဖြင့် ကျောင်းဆောင်ပုံသဏ္ဌာန်ရက်လုပ်ပြီး ဆေးဆိုးခြင်း၊ ဘုံအဆင့်ဆင့်ရှိ ပြာသာဒ်ဆောင်ပုံအတိုင်း ပြုလုပ်ပြီး ရှမ်းစက္ကူ(မိုင်းကိုင်စက္ကူ)များဖြင့် ဖုံးအုပ်ပုံဖော်ကာ ဆေးရောင်ခြယ်သခြင်းအပြင် ရွှေရောင်ငွေရောင်စက္ကူများဖြင့် ပန်းဆွဲကြာယပ်တို့နှင့် သပ်ရပ်စွာ ပြုလုပ်ကြသည်။ လေးပင်တိုင်စင်ထိပ်၌ သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေအချိန်တွင် သင်ပုတ်စင်ဘုရားကျောင်းဆောင်တင်ထားရသည်။ ဘုရားကျောင်းဆောင်များမှာ အရွယ်အစား ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်ထားပြီး အကြိုဈေးနေ့များတွင် ရောင်းချလေ့ရှိသည်။

အချို့လည်း "ချိန်ဆန်ပွတ်" ဆောက်လုပ်သည့် နေရာကိုအိမ်ဝင်းအတွင်း သီးသန့်နေရာ၌ ဆောက်လုပ်ပြီး အောက်ခြေမှအပေါ်အထိ စင်အဆင့်ဆင့် ဆောက်လုပ်ကြသည်။ ခြံဝင်းမှ ဘုရားစင်အဝင်ဝအထိသွားရာ လမ်းတွင်လည်း ရှင်းလင်း၍ သဲခင်း ထားပြီး မီးကြာ၊ အလင်းတိုင်ဘေး တစ်ဖက်တစ်ချက် စိုက်ထူနိုင်ရန် တိုင်များ၊ တန်းများ စိုက်ထူထား ကြသည်။ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများနှင့် စပါးပင်၊ ကြံပင်၊ ငှက်ပျောပင်၊ ချင်းပင်၊ ပန်းပင်များကို သင်ပုတ်စင် ဘုရားကျောင်းဆောင်၏ လေးထောင့်ပတ်လည်တိုင်တွင် လှပစွာ ချည်နှောင်စိုက်ထူထားသည်။ သင်ပုတ်စင်၏ ဘေးသုံးဖက်နှင့် အဝင်ဝ မီးကြာ ထွန်းညှိမည့် လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရာဇမတ်ကာ၍ ထားရှိသည်။ စင်၏အောက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကန်စွန်းဥ၊ ကြံချောင်း၊ မြေပဲ၊ မုန့်မျိုး စုံစသည်များကို တွဲလောင်းချိတ်ဆွဲထားကြသည်။



**ချိန်ဆန်ပွတ်(ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင်တွင် ငှက်ပျောသီး၊ လိမ္မော်သီး၊ မြေပဲ၊ ကန်စွန်းဥနှင့် သစ်သီးဝလံများ ခြံထွက်ပစ္စည်းများကို တင်လှူပူဇော်ထားစဉ်**

စင်ပေါ်ရှိ ဘုရားကျောင်းဆောင်ရှေ့တွင် အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်း၊ ဆေး၊ လက်ဖက်များပါသော ဘုရားပွဲတစ်ခုလည်း ပြင်ဆင်၍ တင်ထားကြသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက် အဖိတ်နေ့ ညတွင် ပန်း၊ ရေချမ်း၊ ဆီမီးခွက်၊ အမွှေး တိုင်များဖြင့် အကြိုညအဖြစ် စတင်လှူဒါန်းပူဇော်ကြသည်။

အဆိုပါ ညနေတွင် နံနက်မိုးသောက် ချိန်ဘုရားဆွမ်းတော်တင်ရန်အတွက် သီးနှံယိုအမျိုးမျိုး၊ မုန့်အမျိုးမျိုးတို့ဖြင့် ကြိုတင်စီမံပြုလုပ်ထားပေသည်။ မိမိခြံအတွင်းမှ ထွက်ရှိသော သစ်သီးဝလံ၊ ပန်းမျိုးစုံများကိုလည်း ပတ်ဝန်းကျင် အိမ်နီးနားချင်းသို့သွားရောက် လှူဒါန်းကြသည်။ ကြိုတင်ပြင်ဆင်မှုများအတွက် အိမ်တိုင်းလိုလိုပင် ကိုယ်စီ အလုပ်များနေကြသည်။ ထိုညနေပိုင်းမှာပင် ဘိုးဘွားမိဘများကို သွားရောက် ကန်တော့ကြသည်လည်း ရှိပေသည်။ အချို့လည်း လပြည့်နေ့ နံနက်ပိုင်းတွင် ကန်တော့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အချို ၊ အချဉ် ၊ ယိုမျိုးစုံ၊ မုန့်မျိုးစုံတို့ကို ဘုရားကျောင်းဆောင်အတွင်းတွင်တင်ထားပြီး တာဝတိံသာနတ်ပြည်မှ လူပြည်သို့သက်ဆင်းတော်မူမည်ဖြစ်သော မြတ်စွာဘုရားကို ရည်မှန်းကာ "ချိန်ဆန်ပွတ်"အတွင်းသို့ ကြွရောက် သီတင်းသုံးတော်မူပါရန် ပင့်ဖိတ်လျှောက်ထား ရှိခိုးလျက် လှူဖွယ်ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်း ပူဇော်မှုပြုကြပေသည်။ ကလေးသူငယ်များကလည်း မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများ ပစ်ဖောက်ကြသည်။ နံနက်မိုးလင်းသောအခါ ရဟန်း ၊ သံဃာတော်များအား ပူဇော်ကန်တော့ရန်နှင့် ဥပုသ်သီတင်းသီလ ဆောက်တည်ရန် မိသားစုများ စုစည်းပြီး ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြသည်။

သီတင်းကျွတ်လပြည့် ညတွင် ဘုရားကျောင်းဆောင် ပတ်လည်နှင့် အဝင်လမ်းတစ်ဖက်တစ်ချက်၌ ပျားဖယောင်းကို ပြုလုပ်ထားသော ဆီးမီးခွက်များဖြင့် မီးကြာများပေါ်တွင်တင်ကာ ထိန်ထိန်လင်းနေအောင် မီးပူဇော် လှူဒါန်းကြသည်။ ထိုသို့ ချိန်ဆန်ပွတ်(သင်ပုတ်စင်) ကျောင်းထားရှိကာ ပူဇော်လှူဒါန်းခြင်းကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက် အထိ ထားရှိ ပူဇော်လေ့ရှိကြသည်။

သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့ညတွင် အိမ်မကြီးအဝင်တံခါး၊ အိမ်ဝင်းခြံအတွင်းပေါက်၊ အိမ်လှေကား၊ အိမ်တွင်းရှိ အဝတ်အထည် သေတ္တာ၊ ရွှေငွေ သေတ္တာ ၊ မီးဖို၊ ဆန်အိုး၊ ရေတွင်း၊ စပါးကျီစသည့်နေရာများတွင် ဆီမီးထွန်းညှိပူဇော်ကြ သည်။ သက်ဆိုင်ရာ အစောင့်အရှောက် များကို ပူဇော်ခြင်းဖြစ်ပြီး လာဘ်လာဘရွှင်အောင် ဥစ္စာပစ္စည်း၊ ရွှေငွေရတနာပစ္စည်းများတိုးပွားလာအောင် ထွန်းညှိပသခြင်း ဖြစ်သည်ဟု အယူအဆရှိကြသည်။

လယ်မြေ၊ ယာမြေ ၊ စပါးခင်း၊ သီးနှံခင်းများတွင်လည်း မီးကြာတစ်တိုင်စိုက်ထူပြီး ထွန်းညှိပသထားကြသည်။

အဆိုပါနေ့ညဘက်တွင် ကျေးရွာ/ရပ်ကွက်အလိုက် စုပေါင်းပြီး မီးကြာပဒေသာများ၊ ရောင်စုံမီးပုံးများပြုလုပ်လျက် "တိန်းဟိန်" ခေါ် မီးထောင်ပြည့်ပူဇော်ပွဲများ ကျင်းပကြပေသည်။

ရပ်ရွာအတွင်း စီတန်းလှည့်လည် ပြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက် လှူဒါန်းပူဇော်ကြသည်။ စီတန်းလှည့်လည်ရာတွင် ရှမ်းအိုးစည် ဗုံမောင်းတီးမှုတ်၍ တိုးနယား အက၊ ကန္နရာအက၊ ဓားသိုင်း၊ လှံသိုင်းအကများလည်း ကပြဖျော်ဖြေကြသည်။ သီတင်းကျွတ်လပြည့်နေ့ နောက်ပိုင်းတွင် ရပ်ဝေးဒေသရှိ ဘိုးဘွားမိဘများရှိရာသို့ ညအိပ်ညနေ သွားရောက် ကန်တော့ကြသည့် အစဉ်အလာရှိသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ ရာသီအလိုက်ပွဲများကို ကြည့်ခြင်းအားဖြင့် တစ်မူးရလို့ တစ်ပဲလှူ ၊ ဒို့ရှမ်း တောင်သူတူနိုင်ရိုးလား ဆိုရိုးစကားအတိုင်း အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်နိုင်သည်။ မိဘဘိုးဘွားအစဉ်အလာကောင်းများကို သားသမီးမြေးမြစ်များက ဆက်ခံပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ ပျောက်ကွယ်မသွားအောင် မျက်ခြည်အပြတ်မခံဘဲ ထာဝရထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြရပါသည်။

---

# မြေပဲဆီဈေးကျသော်လည်း မြေပဲဆန်ဈေးကျသည့်နှုန်းနှင့် တစ်ပြေးညီမကျ ဈေးမြင့်နေဆဲ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြို့လယ်ရှိ အရောင်းစင်တာ ကုန်တိုက်ကြီးများတွင် ပြည်တွင်းထွက် ကိုယ်ပိုင်အမှတ်တံဆိပ်ကပ် မြေပဲဆီဈေးနှုန်းများ အောက်တိုဘာလဆန်းမှစ၍ ဈေးကျလာမှုရှိသည်ဟု ယင်းကုန်တိုက်များသို့ ဈေးဝယ်ရောက်ရှိခဲ့သည့် မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက်နေ ဦးဖိုးဇော်က ပြောသည်။

တစ်ပိဿာဘူးဖြင့် ထည့်ထားသော မြေပဲဆီဈေးနှုန်းမှာ အောက်တိုဘာ ၁၂ ရက်တွင် ကိုယ်ပိုင်အမှတ်တံဆိပ်ပေါ်မူတည်၍ ငွေကျပ် ၄၄၅၀ မှ ၅၄၅၀ အတွင်း သုံးပိဿာဘူးတစ်ဘူးလျှင် ငွေကျပ် ၁၃၃၀၀ မှ ၁၄၅၀၀ အတွင်း၊ တစ်လီတာ ဆီဘူးတစ်ဘူးလျှင် ငွေကျပ် ၂၆၅၀ မှ ၃၁၀၀ အတွင်း ရှိသည်။ (ဆုံဆီ)ဆိုလျှင် တစ်ပိဿာ ငွေကျပ် ၈၀၀၀ အထက်ရှိသည်ဟုသိရသည်။

စက်တင်ဘာလ မြေပဲဆန်ဈေးနှုန်းအရ မြေပဲဆီတစ်ပိဿာတန်ဖိုးမှာ ငွေကျပ် ၃၀၀၀ ခန့်သာရှိနိုင်သော်လည်း ဈေးကွက်တွင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း ရှိနေဆဲဖြစ်သည်။

မြေပဲလုံးဆန်သည် ဆီဆန်ထက် ဈေးမြင့်မှုရှိသည်။ ပြင်ပအပို့နည်းသောနှစ်များတွင်မူ လုံးဆန်နှင့် ဆီဆန်ဈေး ကွာဟမှုနည်းတတ်သည်။ ပြည်တွင်းစားသုံးမှုအနေဖြင့် လူတစ်ဦး တစ်နှစ်လျှင် စားသုံးဆီအလေးချိန် ၁၀ ကီလိုဂရမ် ၆ ပိဿာဝန်းကျင်ရှိရာ ပြည်တွင်းစားသုံးမှုအတွက် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၆ သိန်းဝန်းကျင်ရှိပြီး လုပ်ငန်းသုံးနှင့် စားသောက်ဆိုင်သုံးစွဲမှုအတွက် တစ်နှစ်လိုအပ်ချက်မှာ တန်ချိန်နှစ်သိန်းငါးသောင်းရှိသည်။ ပြည်တွင်းထုတ်လုပ်နိုင်သည့်စားသုံးဆီတန်ချိန်မှာ ၅၅၀၀၀၀ ဖြစ်၍ တစ်နှစ်လျှင် ပြည်ပမှစားအုန်းဆီတန်ချိန် သုံးသိန်းဝန်းကျင် တင်သွင်းနေရသည် ဟု ဆီအသင်း၏သတင်းထုတ်ပြန်မှုအရ သိရသည်။

ပြည်တွင်းတွင် ဆီစက်ပေါင်း ၃၅၀၀ ခန့်ရှိရာ ရှစ်နာရီတွင် ဆီ ၀ ဒသမ ၅ တန်ထွက်စက်ရုံ ၂၅၀၀ ခန့်၊ ၂ ဒသမ ၂၅ တန်ထွက် စက်ရုံအလတ်စား ၈၀၀ ခန့် ၊ ၁၂ တန်တွင် အကြီးစား စက်ရုံ ၂၀၀ ခန့်ရှိသည်။ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ်ကာလတရားဝင်မှတ်ပုံတင်မှုအရ SME အဆင့်ရှိ ဆီစက်ပေါင်း ၇၀၀ ဝန်းကျင်ရှိသည်။ ယင်းဒေသကြီးရှိ ဆီစက်များ၏ အချိန်ပြည့်၊ နာရီ ၊ ရက်ပြည့်၊ လပြည့် တစ်နှစ်ပတ်လုံးလျှင် ဆီတန်ချိန် ငါးသိန်းဝန်းကျင်ရနိုင်သည်ဟု စားသုံးဆီလုပ်ငန်းဆိုင်ရာ စာတမ်းများတွင် ဖော်ပြချက်အရသိရသည်။

ဆီထွက်မြေပဲ-နှမ်း ကုန်ကြမ်းများ ပြည်တွင်းတွင် ဆီကြိတ်ခွဲမှုထက် ဈေးနှုန်းပိုရရှိသော နယ်စပ်ပြည်ပဒေသများသို့ တင်ပို့လာခြင်း မြေပဲဆီထက် ဈေးနှုန်းများစွာသက်သာသော ပြည်ပမှတင်သွင်းသည့်စားအုန်းဆီအပေါ် စားသုံးမှုများပြားခြင်းများ ကြုံတွေ့ရသဖြင့် ဆီစက်အများစု လည်ပတ်နိုင်ခြင်းမရှိသည်က များလာသည်။ ထို့ပြင် အနံ့သွင်း မြေပဲဆီအသွင်တူ ရောင်းချခြင်းများလည်း များပြားလာသဖြင့် စားသုံးဆီပြည်တွင်းရောင်းချနေမှုအပေါ် သက်ဆိုင်ရာမှ ဈေးကွက်များတွင်အရည်အသွေး စစ်ဆေးမှုများရှိလာသည်ကို မြင်တွေ့လာရသည်။

အများပြည်သူကျန်းမာရေးနှင့် ပိုမိုသင့်လျော်သည့် မြေပဲဆီဝယ်ယူရာတွင် အရောအနှောများအသွင်တူမှုများ မြင်တွေ့ရာ စားသုံးသူများအနေဖြင့် စားသုံးဆီဈေးနှုန်းပေါ်မူတည်၍ ဆုံးဖြတ်ဝေခွဲ၍ မရဘဲ ရှိသည်။ ယခုလပိုင်းများတွင် အိမ်တွင်းကိုယ်ပိုင်မြေပဲဆန်ကြိတ်ခွဲ၍ မြေပဲဆီထုတ်လုပ်နိုင်သည့် အသေးစားစက်များ အရောင်းမြှင့်တင်မှုများ လမ်းမတော်မြို့နယ်တွင် မြင်တွေ့လာရသည်။

ပြည်တွင်းဆီစက်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်၊ စက်စွမ်းအားများနှင့် ကြိတ်ခွဲမှု အရည်အသွေးမြှင့်တင်ရေး၊ ဆီထွက်နှုန်းပိုမိုလာရေးစသည့်နည်းပညာပိုင်းဆိုင်ရာကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ပြောင်းလဲခြင်းဖြင့် မြေပဲဆီဈေးနှုန်းကို ကုန်ကြမ်း မြေပဲ၊ ဆန်ဈေးနှုန်းကျဆင်းမှုအပြင် ထပ်မံဈေးလျှော့ချနိုင်လာမည့် မြေပဲဆီဈေးနှုန်းသက်သာသော ဘရာဇီးနိုင်ငံ မြေပဲဆီဈေးနှုန်းများနှင့် ပြည်တွင်း မြေပဲဆီဈေးနှုန်းများကွာဟမှုများရာမှ ကျည်းမြောင်းသွားနိုင်မည်ဟု ဦးစောက ဆီလုပ်ငန်းနှင့်ပတ်သက်သည့်အတွေ့အကြုံများအရ သုံးသပ်ပြောကြားလာသည်။

**ခင်ဆိုင်**

---



**မြိတ်ခရိုင် မီးသတ်ဦးစီးဌာနနှင့် လေကြောင်းညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၄ ရက်က မြိတ်လေဆိပ်အတွင်း လေယာဉ်ပြေးလမ်းပေါ်တွင် လေယာဉ်ပုံသဏ္ဌာန်ပြုလုပ်၍ မီးငြိမ်းသတ်ယာဉ်များဖြင့် လေယာဉ်မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်**

ခိုင်ထူး( ပြန်/ဆက်)

---

# မေ့ကျန်ခဲ့သောပစ္စည်းကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အောက်တိုဘာ ၁၃ ရက်က ကျောပိုးအိတ်တစ်လုံးကို ပိုင်ရှင်ဖြစ်သူက မေ့ကျန်ခဲ့ရာမှ ရဲတပ်ဖွဲ့ဝင်များကတွေ့ရှိပြီး ပိုင်ရှင်ထံ အကြောင်းကြားကာ စိစစ်၍ ပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း သိရသည်။

လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒုရဲအုပ်အောင်ကျော်ထွန်း ဦးဆောင်သော လှည့်ကင်းအဖွဲ့သည် အောက်တိုဘာလဒုတိယပတ်ကလှည့်ကင်းဆောင်ရွက်စဉ် ပြည်ပဆိုက်ရောက်ဆောင် ဝင်ပေါက်ဂိတ်အမှတ်(၆)အနီး ပစ္စည်းတင်တွန်းလှည်းပေါ်၌ အစိမ်း ရောင်ကျောပိုးအိတ်တစ်လုံးကို တွေ့ရှိသဖြင့် အိတ်အတွင်းပါရှိသော ဖုန်းနံပါတ်အတိုင်း ပိုင်ရှင်ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာမှ ပိုင်ရှင်က လာရောက်၍ အိတ်အတွင်းရှိ ပစ္စည်းများကို မှန်ကန်အောင်ပြောဆိုနိုင်သဖြင့် ပိုင်ရှင်ထံပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောပိုးအိတ်၌ လက်ပ်တော့တစ်လုံး၊ ipad တစ်လုံး၊ HTC ဖုန်းတစ်လုံး (စုစုပေါင်းတန်ဖိုး ကျပ် ၁၀ သိန်းခန့်)ပါဝင်ခဲ့ကြောင်း သိရသည်။**ထင်ပေါ်ဝင်း(ကမာရွတ်)**

---

# မူလတန်းအဆင့် ပန်းချီပြိုင်

**စစ်ကိုင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်အတွင်း၌ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုပေးပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများအပြင် ပြိုင်ပွဲဝင်တိုင်းကို နှစ်သိမ့်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**အောင်မင်း(စစ်ကိုင်း)**

# ရှင်အဇ္ဇဂေါဏဂူဘုရား

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံသည် ကမ္ဘာ့အလယ်တွင် ထင်ရှားလှသည့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခုဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဦးဆောင်လျက် ပုဂံအား ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ ပုဂံတွင် ရှေးဟောင်းယဉ်ကျေးမှု ဒြပ်ရှိရုပ်ဝတ္ထုပစ္စည်းများအဖြစ် စေတီပုထိုးများ များစွာကျန်ရှိနေရာ ထင်ရှားသောစေတီပုထိုးများ၏ နောက်ခံသမိုင်းများသည် ခိုင်မာသော အထောက်အထားများ၊ မခိုင်မာသော နှုတ်ပြောများဖြင့် ရောယှက်လျက်ရှိပေသည်။

ပုဂံသမိုင်းကြောင်းကို ကျောက်စာများ၊ နံရံပန်းချီများ၊ ကမ္ပည်းစာများကို အဓိကထား၍ ဖော်ထုတ်ခဲ့ကြသည်။ သို့သော်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် ဒဏ္ဍာရီပုံပြင်များသည် နားထောင်သူများအား စွဲလမ်းနှစ်ခြိုက်စေသဖြင့် စေတီပုထိုးများနှင့်ပတ်သက်၍ အစဉ်အဆက်ပြောဆိုခဲ့ကြသည့် နှုတ်ပြောရာဇဝင်များကို လူအများ လက်ခံထားကြပေသည်။

ပုဂံရှိ စေတီပုထိုး ၂၀၀၀ ကျော်အနက် နှုတ်ပြောရာဇဝင်များနှင့်ရောယှက်ကာ ထင်ရှားသည့် သာသနိကအဆောက်အအုံများတွင် ရှင်အဇ္ဇဂေါဏဘုရားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရှင်အဇ္ဇဂေါဏဘုရားသို့ ညောင်ဦးလေယာဉ်ကွင်းလမ်းခွဲမှ အနောက်ဘက်သို့ မင်းနန်းသူဘုရားသုံးဆူလမ်းအတိုင်း သွားရောက်နိုင်သည်။ ရှင်အဇ္ဇဂေါဏဘုရားတည်ရှိသည့် ဝိနည်းမိုရ်ဘုရားစု အရှေ့ကုန်းနေရာသည် ညောင်ဦးမြို့၏ တောင်ဘက်ဖြစ်သည်။

ရှင်အဇ္ဇဂေါဏဘုရားကို ကာရံထားသည့်တံတိုင်းကို ထူထဲမြင့်မားစွာ တည်ဆောက်ထားသဖြင့် လမ်းပေါ်မှကြည့်လျှင် စေတီတော်၏အပေါ်ပိုင်းကိုသာ မြင်ကြရသည်။ ဂူဘုရား၏အထက် ကွန်းတောင်ပေါ်မှစေတီသည် ၁၉၆၆ ခုနှစ်တွင် ပြုလုပ်ထီးတင်ထားခဲ့သည့် ခေတ်လက်ရာဖြစ်သည်။

ဘုရားဝင်းထဲ၌ ရှင်အဇ္ဇဂေါဏဘုရားနှင့်မြောက်ဘက်တွင် ရှင်အဇ္ဇဂေါဏအုတ်ကျောင်းတို့ ရှိသည်။ အုတ်ကျောင်းသည် လေးထောင့်စပ်စပ် ထူထူမြင့်မြင့်ဖြစ်ပြီး ပုံသဏ္ဌာန်က ထူးခြားနေသည်။ ရှင်အဇ္ဇဂေါဏဘုရားကို အရှေ့ဘက်သို့မျက်နှာမူ၍ အုတ်ခုံအမြင့်ပေါ်တွင်တည်ထားသဖြင့် မဟာရာမ်တံတိုင်းအထက်သို့ရောက်နေကာ မြင့်မားသောတံတိုင်းအပြင်မှ စေတီတော်အပေါ်ပိုင်းအဆောက်အအုံကို မြင်ရသည်။ ဝိနည်းမိုရ်ဘုရားစု အနီးတစ်ဝိုက်တွင် တံတိုင်းမြင့်ကာရံထားသော စေတီဝင်းသည် ရှင်အဇ္ဇဂေါဏတစ်ဆူသာရှိပြီး အနောက်ဘက်ရှိ ဝိနည်းမိုရ်ဘုရား၊ တောင်ဘက်မှ နန္ဒမညာဘုရား၊ ဇံသီးဘုရားများကို ရှင်အဇ္ဇဂေါဏစေတီကဲ့သို့ပင် အောက်ခံအမြင့်တွင် တည်ထားကြသည်။ ပုဂံတွင် ရွှေဂူကြီးစေတီနှင့် မီးမလောင်ကျောင်းတို့သည်လည်း အောက်ခံအုတ်ခုံအမြင့်တွင်တည်ထားသည့် အဆောက်အအုံများဖြစ်ကြသည်။

ရှင်အဇ္ဇဂေါဏဘုရား၏ အောက်ခံခုံလေးဖက်တွင် အရံစေတီများတည်ထားကာ ပစ္စယံအထက်တွင် စေတီအထွတ်တင်ထားသည်။ အတွင်းတွင် ဗုဒ္ဓရုပ်ပွားတော်ကို နောက်ဘက်တွင်ကပ်ထားပြီး စေတီလိုဏ်ကို ထောက်တိုင်(မဏ္ဍိုင်)မပါဘဲ တည်ထားသဖြင့် ခေါင်မိုးက ကျယ်ပြန့်နေသည်။ အမိုးခုံးနှင့် နံရံတွင် ဗုဒ္ဓရုပ်ပွားတော်ပုံလေးများကို အပြည့်ဆွဲထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စုစုပေါင်း သမ္ဗုဒ္ဓေဘုရားပေါင်း ၅၂၂၀၂၈ ဆူရေးဆွဲထားကြောင်း သိရှိရပြီး စေတီတော်အတွင်းနံရံများတွင် ဗုဒ္ဓဝင်နံရံဆေးရေးပန်းချီများကို တွေ့ကြရသည်။ အတွင်းပိုင်းက မှောင်နေသော်လည်း လျှပ်စစ်မီးထွန်းထားသဖြင့် ကောင်းစွာမြင်နိုင်ကြသည်။

လူပြောများသည့် ရှင်အဇ္ဇဂေါဏ ဘုရားသမိုင်းကို ဘုရားလာဖူးကြသူများက စိတ်ဝင်တစားရှိကြပေသည်။ ပုဂံဘုရင် သေဉ်လည်ကြောင် လက်ထက်တွင် ပုဂံ၌ လောကီရေးရာ အဂ္ဂိရတ်ဖိုထိုးခြင်းအလုပ်ကိုသာ တစိုက်မတ်မတ်လုပ်ကိုင်နေသည့် ရှင်မထီးဆိုသူ ရှိခဲ့သည်။ သေဉ်လည်ကြောင်မင်းသည် ရွှေဖြစ်ငွေဖြစ်လမ်းကိုလိုက်နေသော ရှင်မထီးအား အဂ္ဂိရတ်ထိုးရာတွင် ခတ်လုံးကျွေးရန် လိုအပ်သည့် ရွှေများကို ဘုရင့်ဘဏ္ဍာတိုက်မှ ထုတ်ပေးခဲ့သည်။ ခတ်လုံးပေါက်လျှင် ပုဂံတစ်ပြည်လုံးချမ်းသာမည်ဆိုသည့် ရှင်မထီး၏စကားကိုယုံကြည်သော သေဉ်လည်ကြောင်သည် ရှင်မထီးက ခတ်လုံးမပေါက်ပါက သူ့မျက်လုံးနှစ်လုံးကိုထိုးဖောက်ရန် ကတိပေးခဲ့သည်ကိုယုံစားလျက် ရွှေများကိုထုတ်ပေးခဲ့ရာ ဘဏ္ဍာတော်သုံးပုံနှစ်ပုံကုန်သည်အထိ ထူးခြားမှုမရှိခဲ့ပါချေ။

တစ်ရက်တွင် ရှင်မထီးသည် နန်းတော်သို့ကြွ၍ မိမိ၏ ရွှေဖြစ်လမ်းသည် နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်သောကြောင့် ခတ်လုံးကို တစ်ကြိမ်သာ ရွှေကျွေးရန်လိုတော့ကြောင်းနှင့် ခတ်လုံးမပေါက်ပါက မိမိမျက်လုံးနှစ်လုံးကို ထိုးဖောက်ခံမည်ဖြစ်ကြောင်း သေဉ်လည်ကြောင်မင်းအား လျှောက်ထားခဲ့သည်။ သေဉ်လည်ကြောင်မင်းသည် ရှင်မထီး၏ ရဲဝံ့သောလျှောက်ထားချက်ကြောင့် ဘုရင့်ဘဏ္ဍာတော်တိုက်မှ နောက်ဆုံးကျန်ရှိနေသောရွှေများကို ထုတ်ပေးခဲ့သည်။

ရှင်မထီးသည် နေ့ရောညပါဖိုထိုးလျက် ခတ်လုံးအား ရွှေများအဆက်မပြတ်ကျွေးခဲ့ရာ တစ်ညတွင် အဂ္ဂိရတ်ဖိုအတွင်း ရဲရဲတောက်နေသောမီးသွေးများထဲ၌ ကွမ်းသီးလုံးခန့်အရွယ်ရှိသော ခတ်လုံးသည် ရဲရဲနီနေရာမှ ရွှေဖြစ်လာပြီး ပြိုးပြိုးပြက်ပြက်လင်းလက်နေသည်ကို မြင်လိုက်ရသဖြင့် မိမိရည်ရွယ်ချက်ပေါက်မြောက်ပြီဖြစ်ကြောင်း သိရှိခဲ့သည်ဟု ဆိုကြ

> **ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာထင်အောင်က ထိုအကြောင်းအရာများသည် ပါးစပ်ရာဇဝင်သာဖြစ်ကြောင်း ရေးသားခဲ့သည်။ လူအများက ထိုဘုရားကို ရှင်အဇ္ဇဂေါဏ တည်ခဲ့သည်ဟု ယူဆကြသော်လည်း စင်စစ်တွင် စေတီတော်သည် အများထင်ကြသကဲ့သို့ ရှင်အဇ္ဇဂေါဏအမည်ရှိ လောကီလုပ်ရပ်ပုဂ္ဂိုလ်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိကြောင်း ဦးဗိုကေက ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည်**

သည်။ ရှင်မထီး ခတ်လုံးအောင်သွားသည့်သတင်းကို ကြားသိရသော သေဉ်လည်ကြောင်မင်းသည် ရှင်မထီးကျောင်းသို့ ရောက်လာခဲ့ချိန်တွင် ရှင်မထီးက ခတ်လုံးပွင့်ရန်အတွက် ဆေးရည်စိမ်ရန်သာကျန်ရှိတော့ကြောင်း လျှောက်ထားခဲ့သဖြင့် သေဉ်လည်ကြောင်မင်းက စောင့်ကြည့်ခဲ့သည်။

ရှင်မထီးသည် ပေထုပ်ကို ဖွင့်ကာဖတ်ရှုနေစဉ် တပည့်လင်မယားအား ရွှေရောင်ဝင်းနေသော ခတ်လုံးကို ယွန်းကလပ်တစ်ခုပေါ်တွင် တင်ထားစေခဲ့သည်။ ရှင်မထီးသည် ခတ်ဆေးရည်အမည်ကို ပေထုပ်မှ ဖတ်ရှုပြီးသည်နှင့် တပည့်ဖြစ်သူ သော်တာအား ကျောင်းအောက်ရှိရှောက်ပင်မှ အကြီးဆုံးရှောက်သီးတစ်လုံး သွားခူးခိုင်းလိုက်သည်။ ရှင်မထီးသည် ရှောက်သီးကိုထက်ခြမ်းခွဲ၍ အရည်များကို ယွန်းခွက်တစ်ခုအတွင်းသို့ ညှစ်ထည့်စေပြီး ကလပ်ပေါ်မှ ရွှေရောင်ဝင်းနေသည့် ခတ်လုံးကို ရှောက်ရည်များထည့်ထားသည့်ယွန်းခွက်အတွင်းသို့ ချထားလိုက်သည်။ ဘုရင်နှင့်တကွ အားလုံးသောသူများသည် ရှင်မထီးလုပ်ကိုင်နေသည်ကို ကြည့်နေကြစဉ် ရွှေရောင်ဝင်းနေသည့် ခတ်လုံးသည် အရောင်များ တဖြည်းဖြည်းမှေးမှိန်သွားခဲ့သည်။ ရှင်မထီးသည် ခတ်လုံးပျက်သွားကြောင်း သိရှိလိုက်ချိန်တွင် မျက်လုံးနှစ်လုံးအား သေဉ်လည်ကြောင်မင်း၏သန်လျက်ဖြင့် ထိုးဖောက်ခြင်းကို ခံလိုက်ရပေသည်။

အနားတွင်ရပ်နေသော ကျော်စွာနှင့် သော်တာလင်မယားသည် ဘုရင်က ရှင်မထီးမျက်လုံးများကို ထိုးဖောက်လိုက်သည်နှင့် ကြောက်လန့်ကာ ကျောင်းမှထွက်ပြေးခဲ့ကြရာ ရဲမက်များက လိုက်လံဖမ်းဆီး၍ နှစ်ယောက်လုံးကို သတ်ခဲ့ကြသည်။ သေဉ်လည်ကြောင်မင်းလည်း ရှင်မထီးကျောင်းမှ ဒေါသတကြီး ထွက်ခွာသွားခဲ့သည်။

ရှင်မထီးသည် မိမိကိုယ်တိုင်လည်း မျက်စိအဖောက်ခံရ၊ တပည့်လင်မယားလည်း အသတ်ခံလိုက်ရသဖြင့် စိတ်ပျက်အားငယ်ကာ ကိုရင်ငယ်တစ်ပါးအား ခတ်လုံးကို ကျောင်းတိုက်ကုဋီ(ရဟန်းတို့ ကိုယ်လက်သန့်စင်ခန်း)ထဲသို့ ပစ်ချစေခဲ့သည်။ ကိုရင်ငယ်သည် ခတ်လုံးကို ကုဋီအတွင်းသို့ပစ်လိုက်သည်နှင့် တွင်းထဲမှ တောက်ပနေသော ရွှေရောင်အလင်းတန်းများပေါ်ထွက်လာသဖြင့် ရှင်မထီးအား ကုဋီမီးလောင်နေကြောင်း လျှောက်ထားခဲ့သည်။ ရှင်မထီးသည် ကိုရင်၏ လျှောက်ထားချက်များကို ကြားလိုက်သည်နှင့် ကိုရင်အား ခတ်လုံးကို ကုဋီထဲမှ ပြန်ဆယ်ယူစေခဲ့သည်။ ခတ်လုံးကို ကျွေးရန် ချဉ်နှင့်မစင်မှားခဲ့သည်ဟုဆိုခြင်းကို လူအများက သဘောကျကြသည်။

ရှင်မထီးသည် ကပ္ပိယကို စျေးသို့လွှတ်၍ မျက်လုံးနှစ်လုံးဝယ်ယူစေခဲ့ရာ ကပ္ပိယက ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးဝယ်ယူပြီး ကျောင်းသို့ပြန်လာခဲ့သည်။ ရှင်မထီးသည် ကပ္ပိယပေးသောမျက်လုံးနှစ်လုံးကို မိမိ၏ မျက်လုံးပေါက်နှစ်ခုအတွင်းသို့ထည့်လိုက်သည်နှင့် မျက်စိအမြင်များပြန်လည်ကောင်းမွန်သွားခဲ့သည်။ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်ဖြစ်နေသည့် ရှင်မထီးသည် ထိုအချိန်မှစ၍ ရှင်အဇ္ဇဂေါဏဟု အမည်တွင်ခဲ့သည်။ (ပါဠိဘာသာအရ အဇ္ဇသည် ဆိတ်၊ ဂေါဏသည် နွားဖြစ်သည်။) ရှင်အဇ္ဇဂေါဏ၏ ခတ်လုံးကြောင့် ပုဂံတွင် မုဆိုးမပင် ဘုရားတည်နိုင်သည်ဟု ပြောစမှတ်တွင်ခဲ့သည်။

ရှင်အဇ္ဇဂေါဏရာဇဝင်ကို အများသိကြပြီးဖြစ်ပါ၏။ စိတ်ဝင်စားဖွယ်ကောင်းသည့် ယင်းဇာတ်ကြောင်းနှင့် ပတ် သက်သည့် ခိုင်မာသော အထောက်အထားများကို မတွေ့ရှိရပါ ချေ။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာထင်အောင်က ထိုအကြောင်းအရာများသည် ပါးစပ်ရာဇဝင်သာဖြစ်ကြောင်း ရေးသားခဲ့သည်။ လူအများက ထိုဘုရားကို ရှင်အဇ္ဇဂေါဏတည်ခဲ့သည်ဟု ယူဆကြသော်လည်း စင်စစ်တွင် စေတီတော်သည် အများထင်ကြသကဲ့သို့ ရှင်အဇ္ဇဂေါဏအမည်ရှိ လောကီလုပ်ရပ်ပုဂ္ဂိုလ်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိကြောင်း ဦးဗိုကေက ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည်။

ကျောက်စာဝန်တော်စိန်ခိုသည် ဖွားစောရွာသူကြီးဦးထွန်းဦးနှင့်အတူ ပုဂံရှိ ရှေးဟောင်းအဆောက်အအုံ စေတီပုထိုးများကို လိုက်လံကြည့်ရှုကာ အမည်မရှိသေးသော ဂူဘုရားများကို အမည်ပေးခဲ့သည်။ တော်စိန်ခိုနှင့် ဦးထွန်းဦးတို့သည် ဤဂူဘုရားဝင်းအတွင်းသို့ ရောက်ရှိခဲ့စဉ် အုတ်ကျောင်းကြီးအတွင်းမှ အဂ္ဂိရတ်ထိုးရာတွင် သုံးစွဲလေ့ရှိသည့် လုံကွဲများကို တွေ့ရှိခဲ့ကြသည်။ ဦးထွန်းဦးက လုံကွဲများကိုကြည့်၍ ပုဂံခေတ်က အဂ္ဂိရတ်ဆရာ ရှင်အဇ္ဇဂေါဏနေထိုင်ခဲ့သည့်နေရာများ ဖြစ်မည်လောဟု ပြောဆိုရာမှ အဇ္ဇဂေါဏဘုရားဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးသွေးစများကို ကာဗွန် ၁၄ နည်းပညာဖြင့် ခတ်ခွဲကြည့်ပါက ယင်းတို့၏သက်တမ်းကို အနီးစပ်ဆုံး သိရှိနိုင်မည်ဖြစ်သည်။

ပညာရှင်များက ပုဂံနယ်မြေ၏ ထင်ရှားသောဘုရားတစ်ဆူဖြစ်သည့် ရှင်အဇ္ဇဂေါဏဘုရားအား ခေတ်အပိုင်းအခြားအရ အေဒီ ၁၂ ရာစု နောက်ပိုင်းလက်ရာဟု ယူဆကြပြီး လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကျော်က တည်ထားခဲ့သော ဂူဘုရားတစ်ဆူဟု သတ်မှတ်ကြသည်။

ရှင်အဇ္ဇဂေါဏဟု အမည်ရှိနေသည့် ဂူဘုရားနှင့် အုတ်ကျောင်း၏ အလှူရှင်သည် ပုဂံခေတ် ကျစွာမင်း(ခရစ်နှစ် ၁၂၃၅-၁၂၅၁)လက်ထက်က အမတ်မဟာသမန်းနှင့် ဇနီးဖြစ်သည်။ သက္ကရာဇ် ၅၉၉ ခုနှစ်ပါသော ကောင်းမှုရှင်တို့၏ အလှူမှတ်တမ်း ကမ္ပည်းကျောက်စာမှာ ဂူဘုရား၏ အုတ်ခုံကျောက်လှေကား အရှေ့တောင်ဘက်တွင် ကျောက်စာဂူနှင့် တည်ရှိခဲ့ကြောင်း၊ ယခုအခါ ထိုကျောက်စာဂူ ပျက်စီးသွားပြီဖြစ်၍ ကျောက်စာကို ဂူဘုရားအတွင်း ရွှေ့ပြောင်းစိုက်ထူထားကြောင်း၊ ယင်းကျောက်စာနှင့် မြောက်ဘက်ခပ်လှမ်းလှမ်းမှ ထိလုကုန်းဂူငယ်အတွင်းရှိကျောက်စာအရ ထိုနေရာသည် မဟာသမန်းကြီးကျောင်းနေရာဖြစ်ကြောင်း၊ ဂူအတွင်းတစ်နေရာတွင် မဟာသမန်းနှင့်မယားဟု ရေးသားထားကြောင်း ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ဖတ်ရှုနိုင်ကြပေသည်။

ရှင်အဇ္ဇဂေါဏဘုရားသည် ပုဂံရှိ အခြားသောစေတီပုထိုးများကဲ့သို့ပင် ဖူးမြော်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကာ ဘုရားမြောက်ဘက် အုတ်တိုက်ကြီးအတွင်းရှိ ရှင်မထီးခတ်ခန်းသို့ အဓိဋ္ဌာန်ဝင်သူများ လာရောက်လေ့ရှိကြသည်။ ရှင်မထီး ခတ်ခန်းအတွင်း၌ မြတ်စွာဘုရားရှင်ရုပ်ပွားတော်ကို ဖူးတွေ့ကြရသကဲ့သို့ ခေတ်လက်ရာ ရှင်မထီးရုပ်ထု၊ ရက္ခန်းစင်တောင်ဆရာတော်၊ ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်ရုပ်ထုတို့ကို တွေ့ကြရသည်။

ရှင်အဇ္ဇဂေါဏဘုရား၏မြောက်ဘက်ရှိ အုတ်တိုက်သည် တိုက်မကို မဏ္ဍိုင်ပြုထားပြီး အရှေ့ဘက်၊ မြောက်ဘက်နှင့် တောင်ဘက်တို့တွင် ဝင်ပေါက်တစ်ပေါက်စီ ပြုလုပ်ထားသည်။ တိုက်မ၏ အပြင်လေးဘက်လုံးတွင် ပတ်လမ်းများရှိပြီး အချို့နေရာများတွင် လေးပေထုသည့်အုတ်တိုက်နံရံများ ပြိုပျက်နေသည်ကိုတွေ့ရသည်။ အုတ်တိုက်ကို သုံးပေမြင့်သော အောက်ခံအုတ်ခုံပေါ်တွင် တည်ထားသည်။ မုခ်ပေါက်များရှိသော အရှေ့မြောက်နှင့် တောင်ဘက်တို့တွင် ဘုရားခုံပေါ်သို့ တက်ရောက်ရန် အုတ်လှေကားတစ်စင်းစီရှိသည်။

အုတ်ကျောင်းသည်လည်း ဂူဘုရားကဲ့သို့ပင် အရှေ့အရပ်သို့ မျက်နှာမူထားပြီး အုတ်ကျောင်း၏ အရှေ့မျက်နှာစာကို ဓမ္မသာလာဆောင်ပုံစံ တည်ဆောက်ထားသည်မှာ ထူးခြားနေသည်။ ယင်းနေရာသည် တရားဟောရာ၊ အလှူအတန်းပြုလုပ်ရာ၊ ရဟန်းရှင်လူများစုဝေးရာ၊ ဘာသာရေးအခမ်းအနားများ ပြုလုပ်ခဲ့ရာ နေရာတစ်ခုဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ပေသည်။

ပုဂံဒေသရှိ စေတီပုထိုးများအနက် စိတ်ဝင်စားဖွယ် ရှေးဟောင်း ဒဏ္ဍာရီများနှင့်ဆက်နွှယ်နေသည့် ရှင်အဇ္ဇဂေါဏဘုရားကို ဖူးမြော်ကြည့်ရှုနေစဉ် ရာဇဝင်ထဲမှ ရှင်မထီး၊ သေဉ်လည်ကြောင်နှင့် ကျော်စွာ၊ သော်တာတို့၏ စိတ်ဝင်စားဖွယ် ဇာတ်လမ်းကို မည်သူက ဇာတ်ကွက်ဆင် တီထွင်ခဲ့သည်ကို ကျွန်တော်စိတ်ဝင်စားမိခဲ့ပါသည်။ ။

**ကိုးကား**

**ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)**

Folk Elements in Burmese Buddhism (Maung Htin Aung)


ရှင်အဇ္ဇဂေါဏဘုရားဝင်း


ရှင်အဇ္ဇဂေါဏ အုတ်တိုက်

# ကြိုးဖုန်းလိုင်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးရန် ဒေသခံများဆန္ဒရှိနေ

**သုဝဏ္ဏဝတီမြို့ အောက်တိုဘာ ၁၇**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း အသုံးပြုနေသော တယ်လီဖုန်း(ကြိုးဖုန်း)လိုင်းများမှာ ဆက်သွယ်ရေးမကောင်းသဖြင့် သုံးစွဲသူ ပြည်သူများအတွက် အဆင်မပြေဘဲ တာဝန်ရှိသူများအနေဖြင့် ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံများ ဆန္ဒရှိနေကြကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့တယ်လီဖုန်းလိုင်းမှာ မြန်မာဆက်သွယ်ရေးလုပ်ငန်း(သိမ်ဆိပ်)နှင့် JO ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ သိမ်ဆိပ်ဆက်သွယ်ရေးရုံး၌ TWD.06 အမျိုးအစားစက်ကို အသုံးပြုထားပြီး တယ်လီဖုန်းအလုံးရေ တစ်ထောင်ခန့် အသုံးပြုနိုင်ကြောင်း၊ ယခုလက်ရှိတွင် တယ်လီဖုန်းအလုံးရေ ၈၃၃ လုံး တပ်ဆင်အသုံးပြုနေကြောင်း၊ ကြိုးဖုန်းလိုင်းများကို ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းက စတင်တပ်ဆင်အသုံးပြုခဲ့ပြီး နာဂစ်မုန်တိုင်းဒဏ်ကြောင့် တိုင်အချို့ ပြိုလဲပျက်စီးခဲ့သည့်အပြင် နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ကောင်းမွန်လာရန်အတွက် Overhead ကေဘယ်ကြိုးများကို အသစ်ပြန်လည်တပ်ဆင်ရန် လိုအပ်နေကြောင်း သိမ်ဆိပ်ဆက်သွယ်ရေးရုံးမှ စက်ခန်းတာဝန်ရှိသူ ဦးသန်းလွင်က ပြောသည်။

ဆက်သွယ်ရေးကြိုးများသည် ပြည်တွင်းထုတ်များဖြစ်၍ မိုးဒဏ်လေဒဏ်များကြောင့် ယိုယွင်းမှုများရှိနေကြောင်း၊ မိုးတွင်းအချိန်တွင် ရေဝင်၍ လိုင်းပူးလိုက်၊ နေပူလျှင် ပြန်ကောင်းလိုက်ဖြစ်နေပြီး ဆက်သွယ်ရေးပြတ်တောက်မှုများကြောင့်လည်းကောင်း၊ ကြိုးအဆက်များ၍လည်းကောင်း သုဝဏ္ဏဝတီမြို့တွင်း၊ တောင်ကြားလိုင်း၊ ဘူတာလိုင်း၊ မိုးကောင်းလိုင်းနှင့် ဝင်းပလိုင်းများတွင် နေ့စဉ် အနည်းဆုံး တယ်လီဖုန်း သုံးလုံးကို ပြင်ဆင်ပေးနေရကြောင်း၊ တောင်ကြားရပ်ကွက်နှင့် ဝင်းပကျေးရွာများသို့ ဆက်သွယ်ထားသော လိုင်းများသည် ပျက်စီးမှုများကြောင်း သိမ်ဆိပ်ဆက်သွယ်ရေးရုံးမှ လိုင်းမင်းတစ်ဦးထံမှ သိရသည်။



အဆိုပါ တယ်လီဖုန်း(ကြိုးဖုန်း)လိုင်းများကို စတင်တပ်ဆင်ခဲ့စဉ်က တယ်လီဖုန်းတစ်လုံးလျှင် ကျပ်ကိုးသိန်းခွဲခန့် ကုန်ကျခဲ့ကြောင်း၊ ယခုအခါ ဆက်သွယ်ရေးမကောင်းမွန်ခြင်းကြောင့် ဖုန်းလိုင်းများအပေါ် ပြည်သူများ ယုံကြည်မှုလျော့နည်းနေကြောင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာစေရေးအတွက် ကေဘယ်ကြိုးများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်ခြင်းအပါအဝင် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ လိုလားနေကြကြောင်း ဖုန်းလိုင်းတပ်ဆင်အသုံးပြုနေသော ဝင်းပကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**ခွန်(ဝင်းပ)**

# အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၁၇**
အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (White Cane Day)အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မကွေးမြို့၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ပြီး တောင်တွင်းလမ်းနှင့် သုခိတာလမ်းထောင့်၌ ကျင်းပခဲ့သည့် ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြမည့်သူများအား အားပေးစကားပြောကြားကာ လမ်းလျှောက်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။



လမ်းလျှောက်ပွဲကို မကွေးမြို့ တောင်တွင်းလမ်းမှ စတင်ကာ အထက(၁)လမ်း-ဗိုလ်ချုပ်လမ်း-ပြည်တော်သာလမ်းမှ အမှတ်(၁၀)အလယ်တန်းကျောင်းခွဲ (ကန်သာ)သို့ ပြန်လည်ဝင်ရောက် လျှောက်လှမ်းခဲ့ကာ အမြင်အာရုံချို့တဲ့သူများ၊ မသန်စွမ်းသူများနှင့် ဝိုင်းရံသူများနှင့်အတူ ဝန်ကြီး ဦးနေမျိုးကျော်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်နွဲ့နှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ ဖန်ခါးမြေအဖွဲ့၊ TLMM အဖွဲ့နှင့် DPDO မသန်စွမ်းအဖွဲ့တို့မှ အဖွဲ့ဝင်များ စုစုပေါင်း ၈၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မသန်စွမ်းအမျိုးအစား လေးမျိုးဖြစ်သည့် အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူများအား ခွဲခြားပစ်ပယ်ဆက်ဆံခြင်း ကင်းဝေးစေရန်၊ မသန်စွမ်းသူများအနေဖြင့် လူ့အသိုင်းအဝိုင်းတွင် အများနည်းတူ ပါဝင်နိုင်စေရန်၊ မသန်စွမ်းသူများအနေဖြင့် ဥပဒေအရအခွင့်အရေးများ ရရှိစေရန်နှင့် ပညာသင်ယူနိုင်ခွင့်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရပိုင်ခွင့်နှင့် အမှီအခိုကင်းစွာ ရပ်တည်နိုင်ခွင့် စသည့်အခွင့်အရေးများ ရရှိစေရန် ရည်ရွယ်ကာ အသိပညာပေးသည့်အနေဖြင့် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ညောင်လေးပင်မြို့နယ်တွင် သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**ညောင်လေးပင် အောက်တိုဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက ဦးဆောင်၍ သက်တမ်းလွန်ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အောက်တိုဘာ ၁၄ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

စားသုံးသူပြည်သူများအနေဖြင့် သက်တမ်းလွန်ဆေးဝါးများကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ညောင်လေးပင်မြို့နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမျိုးအောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးရဲအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ ဆိုင်ပိုင်ရှင်များက လာရောက်ပူးပေါင်းပါဝင်ပြီး မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ ဆေးဆိုင် ၁၃ ဆိုင်သို့ အကြောင်းကြားရာ သက်တမ်းလွန်ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများကို ဖျက်ဆီးရန် ဆေးဆိုင် ၁၁ ဆိုင်က မိမိတို့သဘောဆန္ဒအလျောက် လာရောက်ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## သတင်းတိုများ

### ဘူးသီးတောင်၊ မောင်တောတွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် တန်ဖိုးငွေကျပ် ၁၇၄ သိန်းခွဲခန့်ရှိ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို စေတနာရှင်များက အောက်တိုဘာ ၁၄ ရက်က လာရောက် လှူဒါန်းခဲ့ရာ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)မှ ဒုတိယဗိုလ်မှူးကြီးစိုးရွှေတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့အတူ မောင်တောမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအတွက် တန်ဖိုး ကျပ်တစ်သိန်းခန့်ရှိ မာမီးခေါက်ဆွဲခြောက်ဖာ ၂၀ နှင့် ရေသန့်ဘူး ၂၅၂ ဘူးကိုလည်း မောင်တောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းနှင့် အလှူရှင်များက မောင်တောမြို့ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး နိုင်ဝင်းထံ အောက်တိုဘာ ၁၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

### မူခင်းပညာပေးပြခန်းယာဉ်များဖြင့် မူခင်းကျဆင်းရေး ပညာပေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးများက မူခင်းပညာပေးပြခန်းယာဉ်များဖြင့် ပြည်သူများအား မူခင်းကျဆင်းရေး လှည့်လည်ပြသပညာပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူနှင့် ပြည်သူ ၁၆၀၀ ခန့်ကိုလည်းကောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့များ၌ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူ ၁၄၀၀ နီးပါးကိုလည်းကောင်း လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## မှုခင်းသတင်းများ

### တရားမဝင်သစ်စက်လုပ်ကိုင်သူအား အမှုဖွင့်အရေးယူထား

စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာ သင်းတွဲရပ်ကွက်နေ ဦးထိန်ဝင်း၏နေအိမ် သစ်စက်ဝန်းအတွင်း တရားမဝင်သစ်စက်လုပ်ကိုင်နေကြောင်း သတင်းအရ ဆားတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၁၄ ရက်က သွားရောက်ရှာဖွေခဲ့ရာ တရားမဝင်အင်သစ်ခွဲသား ၃၂၈ ချောင်း၊ ကျွန်းသစ်ခွဲသားအချောင်း ၂၀ (စုစုပေါင်းအလေးချိန် ၃ ဒသမ ၆၉၆ တန်)နှင့်အတူ သစ်စက်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ဦးထိန်ဝင်းအား ဆားတောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

### နှစ်လုံးထီလောင်းကစားလုပ်သူအား ဖမ်းဆီးအရေးယူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့အမှတ်(၁)ရပ်ကွက်နေ ဦးမြင့်ရွှေ၏ ရွှေနဂါးလက်ဖက်ရည်ဆိုင်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကန့်ဘလူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အောက်တိုဘာ ၁၃ ရက်က သွားရောက်ဖမ်းဆီးခဲ့ရာ ဆိုင်ရှင် ဦးမြင့်ရွှေထံမှ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေ ကျပ် ၆၂၀၀ ကို တွေ့ရှိဖမ်းဆီးမိခဲ့သဖြင့် ကန့်ဘလူမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

### ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်အရေးယူထား

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၁၄ ရက်က မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် တောတွင်းအုပ်စု အမှတ်(၉၂)ခြေလျင်တပ်ရင်း လမ်းဆုံအနီး၌ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာနေ အောင်သူရစိုး (၂၃ နှစ်)အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထားတစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်းမရှိသည့်အတွက် ၎င်းအား ပန်းတောင်းမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

### ဝိုင်းမော်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ဝိုင်းမော်မြို့ ရပ်ကွက်(၁)သိမ်ကြီးစုရပ်နေ ထွန်းတင်၏ နေအိမ်သို့ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များက သတင်းအရ အောက်တိုဘာ ၁၄ ရက်က ဝင်ရောက်ရှာဖွေရာ နေအိမ်၌ ထွန်းတင်နှင့်အတူ ရိုးဖ ဆိုသူအား တွေ့ရှိရပြီး ထွန်းတင် ဝတ်ဆင်ထားသည့် အင်္ကျီယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၁ ဂရမ်တို့ကို ဖမ်းဆီးရမိသဖြင့် ထွန်းတင်(၆၄ နှစ်)နှင့် ရိုးဖ(၅၈ နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။
**ကိုရဲ**

# ပွင့်လင်းရာသီတွင် ရှမ်းအိုးစည်ဝယ်ယူသူများပြား၍ အိုးစည်လုပ်ငန်းများ လက်မလည်

**နမ့်ခမ်း အောက်တိုဘာ ၁၇**

သီတင်းကျွတ် ပွင့်လင်းရာသီရောက်ရှိလာသည်နှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့ရွာများ၌ ဘုရားပွဲ၊ ကထိန်ပွဲ၊ ရှင်ပြုပွဲနှင့် အခြားသော ရှမ်းရိုးရာပွဲများကို နေရာဒေသအနှံ့တွင် ကျင်းပလေ့ရှိကြရာ ဓလေ့ထုံးစံအရ ရှမ်းအိုးစည်ကိုတီး၍ ရိုးရာပွဲများကို ဆင်နွှဲလေ့ရှိသဖြင့် ရှမ်းအိုးစည်ဝယ်ယူမှု များလာပြီး နမ့်ခမ်းမြို့မှ ရှမ်းအိုးစည် ပြုလုပ်ရောင်းချသူများအနေဖြင့် လက်မလည်အောင် ပြုလုပ်နေရကြောင်း သိရသည်။

"လာဝယ်တဲ့သူကတော့ များတယ်။ အလုပ်သမားတွေက မနိုင်တော့ အများကြီး လက်မခံရဲဘူး။ လိုသလောက် မလုပ်ပေးနိုင်တော့ နိုင်သလောက်ပဲ လုပ်ရောင်းတော့တယ်။ အခုလို ပွဲများလာတဲ့အချိန်ရောက်ရင် အသစ်လာဝယ်တဲ့သူတွေ၊ အဟောင်းပြန်လာပြင်တဲ့သူတွေနဲ့ တော်တော်လုပ်ရပါတယ်"ဟု နမ့်ခမ်းမြို့ အမှတ်(၅)ရပ်ကွက်မှ ရှမ်းအိုးစည် လုပ်ကိုင်ရောင်းချနေသူတစ်ဦးက ပြောသည်။

ရိုးရာပွဲများအတွက် ရှမ်းအိုးစည် ဝယ်ယူသူများအနေဖြင့် အိုးစည်အပြင် မောင်းတွဲ၊ လင်းကွင်းများကိုလည်း အစုံလိုက်ဝယ်ယူကြကြောင်း၊ ရှမ်းပြည်နယ်ရှိ မြို့ပေါ်ရပ်ကွက်တိုင်းနှင့် ကျေးရွာတိုင်းတွင် အိုးစည်၊ မောင်းတွဲ၊ လင်းကွင်းတစ်စုံစီ ထားရှိကြပြီး သီတင်းကျွတ် ပွင့်လင်းရာသီရောက်ရှိလာသည်နှင့် အိုးစည်အဟောင်းများကို ရှမ်းအိုးစည်လုပ်ငန်းများတွင် သားရေပြန်ကျက်ခြင်း၊ မောင်းများကွဲနေလျှင် အသစ်လဲလှယ်ခြင်း၊ အိုးစည်၊မောင်း၊ လင်းကွင်းအစုံလိုက် အသံပြန်လည်စစ်ဆေးပြီး အသံကိုက်ညှိခြင်းတို့ကို ဆောင်ရွက်ကြကြောင်း၊ အချို့ရပ်ကွက်၊ ကျေးရွာများတွင် မိမိတို့၏ ရပ်ရွာပိုင် ရှမ်းအိုးစည်အစုံလိုက် ဟောင်းသွားပြီး ပြန်လည်ပြုပြင်၍ အဆင်မပြေပါက အသစ်တစ်စုံကို အစုံလိုက် ဝယ်ယူကြကြောင်း သိရသည်။

နမ့်ခမ်းမြို့မှ ရှမ်းအိုးစည်လုပ်ငန်းများတွင် လုပ်ကိုင်ရောင်းချသည့်အိုးစည်မှာ မောဝ်ရှမ်းတို့၏ ရိုးရာအိုးစည်ဖြစ်ပြီး ယခုအချိန်တွင် ရောင်းချနေသောအိုးစည်များကို နမ့်ခမ်းမြို့နယ်နှင့် ရှမ်းပြည်နယ်အတွင်း မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲမြို့နယ်များသာမက ကချင်ပြည်နယ် ဗန်းမော်၊ မိုးကောင်း၊ နမ္မတီး၊ မိုးညှင်းမြို့နယ်များနှင့် တရုတ်နိုင်ငံနယ်စပ် မန်စီ၊ ရွှေလီ၊ ဝမ်တိန် ဒေသများမှပါ လာရောက်ဝယ်ယူနေကြသဖြင့် ယခုရက်ပိုင်းတွင် ရှမ်းအိုးစည်လုပ်ကိုင်သူများအနေဖြင့် နေ့စဉ်လုပ်ကိုင်နေရပြီး ဈေးနှုန်းများတွင် လာရောက်ဝယ်ယူသူပိုများကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



## သတင်းတိုများ

### ဂျိုက်သိုးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံ၌ အသက် တစ်နှစ်မှ ၁၈ နှစ်အထိ ကလေးနှင့် လူငယ်များအား ဂျိုက်သိုးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဌာနက အောက်တိုဘာ ၁၂ ရက်က အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးရာသို့ ၅၈ ဦး လာရောက်ထိုးနှံခဲ့ကြကြောင်းနှင့် ကျန်းမာရေးဌာနမှထုတ်ဝေသည့် ကာကွယ်ဆေးအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ကလေးမိဘများထံ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သူနာပြုဆရာမ ဒေါ်လိန်းကီးရောင်ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ဝါကျွတ်ခြင်းပွဲတော် ရေကြည်မြို့၌ကျင်းပ

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့၌ (၈)ကြိမ်မြောက် ဝါကျွတ်ခြင်းပွဲတော်ကို အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ကာ ခြင်းပွဲတော်သို့ အသုတ်မြို့နေ ဒေသခံခြင်းဝါသနာရှင်များအပြင် ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ပုသိမ်မြို့တို့မှ ဝါသနာရှင်များလာရောက်၍ ခြင်းအလှခတ်ကစားခဲ့ကြကြောင်း သိရသည်။ အသုတ်မြို့ဝါကျွတ်ခြင်းပွဲတော်ကို နှစ်စဉ် ကျင်းပလျက်ရှိရာ ယခုဆိုလျှင် (၈)ကြိမ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ယခုနှစ် ခြင်းပွဲတော်ကို အသုတ်မြို့ခံ ဒေါက်တာချစ်သန်းက ဦးဆောင်ကျင်းပကာ မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင်မှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ချင်းတိုင်းရင်းသားတို့၏ရိုးရာ ခွာဒိုပွဲတော်ကို ကလေးမြို့၌ စည်ကားစွာကျင်းပ

**ကလေး အောက်တိုဘာ ၁၇**

မြန်မာတို့၏ သီတင်းကျွတ်ရာသီအချိန်တွင် ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသားတို့၏ရိုးရာ ခွာဒိုပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဂါလိလဲဘုရားကျောင်း ဂါလိလဲခန်းမဆောင်ကြီး၌ အောက်တိုဘာ ၁၅ ရက် ညပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပွဲတော်ဖွင့်ပွဲတွင် ရိုးရာပျားအုံဖွပ်အဖွဲ့များနှင့် လူငယ်မောင်မယ်များက ပျားအုံကို မြို့တွင်း ပိုလ်ချုပ်လမ်းမအတိုင်း မီးထွန်းရင်း သယ်ဆောင်လာကြပြီး ပွဲတော်ကျင်းပမည့်ခန်းမဆောင်သို့ ဝင်ရောက်ကြကာ ရိုးရာပျားအုံဖွပ်အကဖြင့် ခွာဒိုပွဲတော်ကို ဖွင့်လှစ်သည်။ ထို့နောက် ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက ယခုကဲ့သို့ ချင်းရိုးရာ ခွာဒိုပွဲတော်တွင် ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခွင့်ရရှိ၍ ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားပြီး ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ဦးဂင့်ခန့်ပေါင်က ပျားအုံဖွပ်ခြင်းနှင့် ပျားအုံနိမိတ်ဖတ်ခြင်း ဓလေ့အကြောင်း ရှင်းလင်းပြောကြားကာ ဇိုမီးလုပျိုဖြူ မကျိန်ဒွန့်ဇမ်းက ရိုးရာခွာဒိုပွဲတော်ကျင်းပခြင်း၏ နောက်ခံသမိုင်းကြောင်းကို အသေးစိတ် ရှင်းလင်းဖတ်ကြားသည်။



ခွာဒိုပွဲတော်သည် ချင်းတိုင်းရင်းသား ဇိုမီးမျိုးနွယ်စုများ တောင်ပေါ်ဒေသကို စတင်ပြောင်းရွှေ့အခြေချနေထိုင်သည့် ကျိမ်နွဲဒေသမှ အေဒီ ၁၄ ရာစုခန့်ကစတင်၍ကျင်းပခဲ့သည့် အလွန်မွန်မြတ်သော ပွဲတော်ဖြစ်ကြောင်း၊ ယခုနှစ် ချင်းတိုင်းရင်းသား ဇိုမီးမျိုးနွယ်စုတို့၏ရိုးရာ ခွာဒိုပွဲတော်ကို ဇိုမီးမျိုးနွယ်စုများနေထိုင်ရာ ပြည်တွင်းပြည်ပနှင့် မြို့ပြ၊ ကျေးလက်ဒေသအသီးသီးတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပသကဲ့သို့ ကလေးမြို့တွင်လည်း အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပွဲတော်တွင် ရိုးရာအကပဒေသာ၊ စင်တင်တေးဂီတနှင့် တေးသရုပ်ဖော် အကများ၊ ဇိုမီးလုပျိုဖြူတို့၏ ရိုးရာဝတ်စားဆင်ယင်မှု အလှပြပွဲများ၊ ရပ်နီးရပ်ဝေးမှ ကြွရောက်ချီးမြှင့်ကြသော အထူးဧည့်သည့် ပုဂ္ဂိုလ်ကြီးများက ရိုးရာခွာဒိုပွဲအကြောင်း ဟောပြောသည့်အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆင်းကတ်မှတ်ပုံတင်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မိုင်းဖြတ် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ ဆင်းကတ်သုံးစွဲသူ ပြည်သူများအတွက် ဆင်းကတ်မှတ်ပုံတင်များကို အောက်တိုဘာ ၁၅ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်မြို့ အမှတ်(၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ရေးပြကွင်းသို့ ကွင်းဆင်း၍ ဆင်းကတ်မှတ်ပုံတင်များ အခမဲ့ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပေါ် ပိုမိုယုံကြည်စိတ်ချစွာ သုံးစွဲလာစေရန် ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ရပ်ကွက်နှင့် ကျေးရွာများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးအေးမင်းကြိုင်က ပြောကြားသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**




# တီဘီရောဂါအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာများ ပညာပေး ဆွေးနွေးဟောပြောပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးက ဆေးယဉ်ပါးတီဘီရောဂါ(MDR-TB)အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက တီဘီရောဂါနှင့် တီဘီရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ တီဘီရောဂါလက္ခဏာများနှင့် ရောဂါကုထုံးများအကြောင်းကိုလည်းကောင်း၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန္ဒာရွှေက ဇီကာပိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောကြသည်။

"တီဘီရောဂါဆိုတာ အသက်အန္တရာယ်ကိုတော့ ထိခိုက်နိုင်တယ်။ စနစ်တကျ သတ်မှတ်ထားသော ကုထုံးအတိုင်း ကုသမယ်ဆိုရင်တော့ ပျောက်ကင်းအောင်ကုသနိုင်ပါတယ်။ ဒါကြောင့်လည်း အခုလို အသိပညာပေးဆွေးနွေးပွဲတွေကို ရပ်ကွက်ကျေးရွာများအရောက် ပြုလုပ်ပေးနေခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးက ပြောသည်။ ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

# ရထားပေါ်မေ့ကျန်ခဲ့သော နိုင်ငံခြားသူ၏ ကင်မရာအား ရထားရဲတပ်ဖွဲ့ဝင်များ ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်ဘူတာရထားရဲစခန်း၌ အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ရထားပေါ်မေ့ကျန်ခဲ့သော နိုင်ငံခြားသူ၏ ကင်မရာအား ပြန်လည်အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ် RBE လမင်း(၆) ရထားသည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မင်္ဂလာဒုံဘူတာမှ အင်းစိန်ဘူတာသို့ မောင်းနှင်လာစဉ် ရထားလုံခြုံရေးတာဝန်ကျ တပ်ခွဲ (၁၄) တပ်စု (၂) အင်းစိန်မှ ရဲဒုတပ်ကြပ် သီဟစိုးနှင့် အဖွဲ့မှူးခင်းကျဆင်းရေးလိုက်ပါဆောင်ရွက်သည့် အင်းစိန်ဘူတာရထားရဲစခန်းမှ ရဲဒုတပ်ကြပ် ကျော်မင်းဦးတို့က တွဲလျှောက်စစ်ဆေးစဉ် ရထားတွဲအမှတ် (၂) ရှိ ထိုင်ခုံပေါ်တွင် Canon အမျိုးအစား Digital Elph ကင်မရာ အသေးတစ်လုံးတွေ့ရှိ၍ ပိုင်ရှင်ကိုစုံစမ်းရာ နိုင်ငံခြားသူတစ်ဦးထိုင်စီးခဲ့ကြောင်းနှင့် လှည်းတန်းဘူတာတွင်ဆင်းသွားကြောင်း ထိုင်ခုံအနီးရှိခရီးသည်များကပြော၍ သိရသည်။ထို့နောက် ဆက်လက်စုံစမ်းခဲ့ရာ ကင်မရာပိုင်ရှင်မှာ ဆွီဒင်နိုင်ငံသူ BRITTEVALEN (NORDISKA) ကုမ္ပဏီမန်နေဂျာဖြစ်ကာ Golden Butterfly Hotel ၌ တည်းခိုနေထိုင်သူဖြစ်ကြောင်း၊ ၎င်းနိုင်ငံခြားသူ မေ့ကျန်ရစ်ခဲ့ကြောင်း ပြောပြ၍သိရှိရပြီး ၎င်းကို တပ်ခွဲမှူး ဒုရဲမှူး စိုးမိုးလွင်၊ ရထားလုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အင်းစိန်ဘူတာ(အထူးတန်း) ရုံပိုင်ကြီး ဦးမင်းမင်းဦးတို့က ကင်မရာအားပြန်လည် အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| ၁။ | ဗိုလ်ကြီးစည်သူ(ငြိမ်း)-ဒေါက်တာဝင်းပပနိုင် မိသားစုကောင်းမှု၊ အမှတ်(၂၁/A)၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ် | ၁၂၀၀၀၀ိ/- |
| ၂။ | ဦးအောင်မြင့်ထွန်း-ဒေါ်တင်သန္တာခိုင် မိသားစုကောင်းမှု၊ Star City သန်လျင် | ၄၈၂၀၀၀ိ/- |
| ၃။ | ကမ္ဘာအေးလမ်းလျှောက်အဖွဲ့ဝင်များကောင်းမှု | ၄၆၀၀၀၀ိ/- |
| ၄။ | မြန်မာ့အာမခံအဖွဲ့ ဝန်ထမ်းများကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၅။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်သာနု (၁)နှစ်ပြည့်အားရည်စူး၍ ဦးလှသိန်း-ဒေါက်တာမဥ္ဇူ၊ ဦးဇင်အောင်ဖြူ၊ ဦးနိုင်သိန်းဖြူ-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်မေအောင်ဖြူ၊ ဒေါ်အေးအေးဖြူ မိသားစုကောင်းမှု | ၁၃၀၀၀၀ိ/- |
| ၆။ | ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နု၊ သမီး-မဖြိုးအိခိုင်(ပန်းသဇင်သက်န်းတိုက်)၊ မိသားစုကောင်းမှု၊ အမှတ် ၅၁၊ C.I မြေညီထပ်၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ် | ၂၅၁၀၀၀ိ/- |
| ၇။ | ဦးထွန်းရီ-ဒေါ်ဖွားကြိုင်တို့အားရည်စူး၍ ဒေါ်ခင်ဝင်း၊ ဒေါ်လှစိန် မိသားစုကောင်းမှု | ၃၀၀၀၀၀ိ/- |
| ၈။ | ဒေါက်တာကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ သမီး-မနန်းရတနာသိန်း (၂၅)နှစ်ပြည့်မွေးနေ့အလှူ | ၂၂၂၀၀၀ိ/- |
| ၉။ | ကွယ်လွန်သူ ဦးဘမူအားရည်စူး၍ ဒေါ်တင်တင်ဆွေ မိသားစုကောင်းမှု အမှတ် ၁၀၊ ဥယျာဉ်လမ်း၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ် | ၂၉၅၀၀၀ိ/- |
| ၁၀။ | ဒေါ်အေးအေးမြင့်-ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု၊ အမှတ် ၅၇၊ ၈လမ်း၊ လမ်းမတော်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၁။ | ဦးမြင့်-ဒေါ်တင်စိန်တို့အားရည်စူး၍ ဦးစိန်ဝင်း-ဒေါ်တင်တင်ရီမြင့်မိသားစုကောင်းမှု၊ အမှတ် ၁၀၁၄၊ အင်းဝ ၉လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၂။ | အဘွားဒေါ်ခင်လှမေကောင်းမှု၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ် | ၁၁၀၀၀၀ိ/- |
| ၁၃။ | ဦးသန့်ဇင်-ဒေါက်တာခင်ကြူကြူမိသားစု ကောင်းမှု၊ ရွှေဂုံတိုင်တာဝါ၊ ဗဟန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၄။ | မိခင်ကြီးဒေါ်ခင်မြိုင်အားရည်စူး၍ ဒေါက်တာကံစိန်-ဒေါ်ခင်လဲ့ဖြူ မိသားစုကောင်းမှု၊ အမှတ် ၅၁၀၊ ပင်လုံထိပ်ထားကွန်ဒို၊ ပြည်လမ်း၊ ဒဂုံမြို့နယ် | ၅၀၀၀၀၀ိ/- |
| ၁၅။ | လေယာဉ်မှူးကြီး၊ အထွေထွေမန်နေဂျာ ဗိုလ်မှူးဖုန်းမောင်(ငြိမ်း) မြန်မာ့လေကြောင်း (၃)နှစ်ပြည့်အားရည်စူး၍ ဇနီးဒေါ်ခင်မြင့်မြင့်စိမ်းနှင့် သားသမီးမြေးတစ်စုကောင်းမှု၊ အမှတ် ၁၀၃၂၊ ဗိုလ်ဖိုးစောလမ်း၊ (၂၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၃၂၀၀၀၀ိ/- |
| ၁၆။ | ဒေါ်တင်တင်စန်းနှင့် ဓမ္မမိတ်ဆွေများကောင်းမှု၊ ခရေလမ်း၊ ပုလဲ(၃) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၁၇။ | ဦးမောင်မောင်-ဒေါ်မြညွန့် အားရည်စူး၍ ဦးမျိုးသန်း-ဒေါ်ဥမ္မာငြိမ်း မိသားစုနှင့် သားသမီးမြေးတစ်စုကောင်းမှု၊ အမှတ် ၆၇၊ တဖောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် | ၃၀၀၀၀၀ိ/- |
| ၁၈။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်အောင်နှင့် မိခင်ကြီးဒေါ်တင်တင်ဦးတို့အားရည်စူး၍ ဒေါက်တာဒေါ်မြတ်သန္တာနှင့် ကျန်ရစ်သူမိသားစုကောင်းမှု၊ အမှတ် ၉၇/၄၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် | ၃၃၀၀၀၀ိ/- |
| ၁၉။ | ဒေါ်သိန်းတင်၏ (၈၆)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ အမှတ် ၅၄၊ သစ်တောလမ်း၊ အလုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၀။ | မမင်းသီရိမွန် (၂၆)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ အမှတ် ၄၄၉၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် | ၂၁၀၀၀၀ိ/- |
| ၂၁။ | ကွယ်လွန်သူဖခင် ဦးကျော်ခိုင်နှင့် မိခင် ဒေါ်ဦးတို့အားရည်စူး၍ သမီး-ဒေါ်ခင်သန်းဌေး (သူနာပြုအုပ်-ငြိမ်း)နှင့် ဒေါ်ခင်အေးငြိမ်း ကောင်းမှု၊ အမှတ် ၂၁၄၊ (၂)လမ်း၊ ကာယရပ်ကွက်၊ ပုလဲအိမ်ရာ၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၂။ | ကွယ်လွန်သူ ဒေါက်တာဦးသန်းထွဋ်အားရည်စူး၍ ဒေါက်တာတင်တင်အောင် မိသားစုကောင်းမှု၊ အမှတ် ၁၃၂၊ ရေကူးရွာမ၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ၅၀၀၀၀၀ိ/- |
| ၂၃။ | မကြည်ကြည်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၂၄။ | O.T.S (၇၆)၊ သီဟတပ်ခွဲ၊ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆွမ်းဆက်ကပ်ခြင်း | ၃၈၅၀၀၀ိ/- |
| ၂၅။ | ဦးဦးဘာ-ဒေါ်ရင်ရင်သန်းတို့အားရည်စူး၍ မိသားစုကောင်းမှု၊ အမှတ် ၁၂၊ ခ-၅၊ ကန်လမ်း၊ တံတားဖြူ(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ် | ၃၅၀၀၀၀ိ/- |
| ၂၆။ | ဦးကျော်လင်း-ဒေါ်စန္ဒာလွင် မိသားစုကောင်းမှု၊ ဦးကျော်လင်းမွေးနေ့ကောင်းမှု၊ အမှတ် ၅၆၅၊ လုပ်သားလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၂၇၃၀၀၀ိ/- |
| ၂၇။ | ဦးကူးပေါင်း-ဒေါ်မြင့်မြင့်သန်း၊ သား-သီဟသက်ဇော်၊ သမီး-မဖြိုးစုစုစံမိသားစုကောင်းမှု၊ အမှတ် ၇၅၅၊ ဇာဂ ၁၈လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၈။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒု-ဥက္ကဋ္ဌ ဘဒ္ဒန္တဒေါက်တာပညာနန္ဒ (လှိုင်လင်) ဆရာတော်ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၂၉။ | ဗိုလ်ချုပ်ဇေယျာကျော်ထင်ဝင်းသန်း(ငြိမ်း)-ဇနီး ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)တို့၏ (၃၇)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အလှူတော် | ၁၅၀၀၀၀ိ/- |
| ၃၀။ | ဦးအီကျုံး-ဒေါ်လွှမ်တို့အားရည်စူး၍ ကိုးသန်းဝေ-မဌေးဌေး မိသားစုကောင်းမှု၊ သက္ကလကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၁၀၀၀၀၀ိ/- |
| ၃၁။ | ဦးတင်ဝေ-ဒေါ်အေးသန်း (ရွှေစကြာကုမ္ပဏီ)၊ သား-မောင်ကောင်းစည်သူမွေးနေ့ကောင်းမှု | ၂၈၀၀၀၀ိ/- |
| ၃၂။ | ဦးသန့်ဇင်ဝင်း-ဒေါ်ဇာလီဝင်း၊ သား-ကောင်းထက်သန့်ဇင်၊ ထူးမြတ်သန့်ဇင် မိသားစုကောင်းမှု၊ (၉)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၇၄၁၈၀၀၀ိ/- |

ဆက်သွယ်ရန်ဖုန်းများ - ၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| ၁။ | ဦးနှင်းစိန်-ဒေါ်မြငြိမ်း (အောင်သိန်း-သစ်ဆိုင်) မိသားစု၊ အမှတ် (၃၀) စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂။ | ကမ္ဘာအေး လမ်းလျှောက်အဖွဲ့ဝင်များကောင်းမှု | ၃၀၀၀၀၀ိ/- |
| ၃။ | ကွယ်လွန်သူ ဒေါ်လှလှဝင်းအားရည်စူး၍ ဦးလှရွှေနှင့် သားသမီးမြေးမြစ်တစ်စုကောင်းမှု၊ အမှတ် (၆၈)၊ လိပ်ကန်လမ်း၊ ကြည်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၄။ | ကွယ်လွန်သူ ဒေါ်ငွေရင်အားရည်စူး၍ ဦးလှရွှေနှင့် သားသမီးမြေးမြစ်တစ်စုကောင်းမှု၊ အမှတ် (၆၈)၊ လိပ်ကန်လမ်း၊ ကြည်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၅။ | ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နု၊ သမီး မဖြိုးအိခိုင်မိသားစုကောင်းမှု၊ ပန်းသဇင်သက်န်းတိုက်၊ တိုက် ၅၊ C.I၊ မြေညီထပ်၊ ရေတာရှည်လမ်း၊ ဗဟန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၆။ | ဇနီး-ဒေါ်ခင်ခင်အေး (၆)နှစ်ပြည့်အားရည်စူး၍ ဗိုလ်မှူးကြီးလှမြင့် (လေ-ငြိမ်း)၊ သမီး-မအေးသီတာမြင့်၊ သား-မောင်ထွန်းနိုင်မြင့်-မကလျာအောင်၊ မြေး-မကြည်ဖြူနှင်းခိုင်မိသားစုကောင်းမှု၊ အမှတ် (S.4)၊ ရွှေသစ်ခွလမ်း၊ ရွှေပိတောက်ရိပ်မွန်၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၇။ | ဦးလှဝင်း-ဒေါ်တင်အုန်းမိသားစုကောင်းမှု၊ အမှတ် ၁၃၂၊ (ခ/၅)လမ်း၊ မြို့သစ်၊ အင်းစိန်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၈။ | ဦးသောင်း-ဒေါ်မြင့်မြင့်သန်းမိသားစု၊ အမှတ် ၁၁၇၊ (ခ/၅)လမ်း၊ မြို့သစ်၊ အင်းစိန်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၉။ | ဒေါက်တာကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ သမီး-မနန်းရတနာသိန်းမိသားစု၊ အမှတ် ၁၄၀၊ စိန်ရတီလမ်း၊ရတနာကျွန်းရိပ်သာ၊မြောက်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၀။ | ကွယ်လွန်သူ ဦးဘမူအားရည်စူး၍ ဒေါ်တင်တင်ဆွေမိသားစု၊ အမှတ်(၁၀)၊ ဥယျာဉ်လမ်း၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၁။ | ဦးမြင့်-ဒေါ်တင်စိန်တို့အားရည်စူး၍ ဦးစိန်ဝင်း-ဒေါ်တင်တင်ရီမိသားစုကောင်းမှု၊ အမှတ် ၁၀၁၄၊ အင်းဝ ၉လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၂။ | ဦးလှငွေနှင့်သမီးထွေး-မကြူကြူထွေးတို့အားရည်စူး၍ ဒေါ်တင်အုံးမိသားစုကောင်းမှု၊ ခရေလမ်း၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၃။ | ဗိုလ်ကြီးတင်အေး-ဒေါ်သန်းမြင့်မိသားစုကောင်းမှု၊ အမှတ် ၅၇၁၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၄။ | ဦးမြင့်စိုး- ဒေါ်မြင့်မြင့်စွမ်မိသားစုကောင်းမှု၊ အမှတ် ၁၅၆၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၅။ | ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဦးသန်းဇော်လှိုင်-ဒေါ်ကြည်ဝင်းမိသားစုကောင်းမှု၊ အမှတ် ၅၉၇၊ ခရေလမ်းသွယ်၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၆။ | ဒေါ်ဌေးဌေး(ခ)ဒေါ်ကြည်ကြည်ညွန့်ကောင်းမှု၊ အမှတ် ၁၀၉၅၊ အင်ကြင်းလမ်း၊ မြရတနာမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၇။ | ကွယ်လွန်သူ ဗိုလ်ကြီးကျော်မြ(ငြိမ်း)နှင့် ဦးထွန်းလှိုင်တို့အားရည်စူး၍ ဒေါ်ဖွားစိန်မိသားစု ကောင်းမှု၊ အမှတ် ၃၃/ခ၊ စံပယ်ခြံ ၂လမ်း၊ (၁) ရပ်ကွက်၊ လှိုင်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၈။ | ဖခင်ကြီး-ဦးသန်းဖေနှင့်မိခင်ကြီး-ဒေါ်မြရီ၊ ဖခင်ကြီး-ဦးမောင်ကြည်နှင့်မိခင်ကြီး-ဒေါ်ရင်ကြည် တို့အားရည်စူး၍ ဗိုလ်ချုပ်ဇေယျာကျော်ထင်ဝင်းသန်း(ငြိမ်း)နှင့် ဇနီး-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း) သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၁၉။ | ဦးမောင်မောင်-ဒေါ်မြညွန့်တို့အားရည်စူး၍ ဦးမျိုးသန်း-ဒေါ်ဥမ္မာငြိမ်း မိသားစုနှင့် သားသမီးမြေးတစ်စုကောင်းမှု၊ အမှတ် ၆၇၊ တဖောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် | ၁၀၀၀၀၀၀ိ/- |
| ၂၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးတင်အောင်-မိခင်ကြီး ဒေါ်တင်တင်ဦးတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု၊ အမှတ် ၉၇/၄၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၁။ | (၃-၁၀-၂၀၀၈)ရက်တွင် ကွယ်လွန်သွားသော သမီးလေး ခင်ဥမ္မာရှိန် (ဓာတုဗေဒအရာရှိ၊ ရေနံချက်စက်ရုံ)၏ (၈)နှစ်ပြည့်အားရည်စူး၍ (ဦးဟုတ်ရှိန်)-ဒေါ်ခင်စမ်းနှင့်ကျန်ရစ်သူမိသားစုကောင်းမှု၊ အမှတ် ၃၇၊ စိတ္တသုခလမ်း၊(၇)ရပ်ကွက်၊လှိုင်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၂။ | ဦးသောင်းခင်-ဒေါ်ကြည်ဌေးမိသားစုကောင်းမှု၊ လှည်းဘူးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၁၀၀၀၀၀ိ/- |
| ၂၃။ | ဦးတင်ဖြိုးအားရည်စူး၍ဒေါ်သိန်းတင်မိသားစုကောင်းမှု၊ အမှတ် ၅၄၊ သစ်တောလမ်း၊ အလုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၄။ | ဦးထိန်ဝင်း၏ (၆၅)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ ဦးထိန်ဝင်း-ဒေါ်နွဲ့နွဲ့သင်း မိသားစုကောင်းမှု၊ အမှတ် ၃၂၀/A၊ ကံ့ကော်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၅။ | ခမည်းတော် ဦးတိလောကအားအမှူးထား၍ မယ်တော်ကြီးဒေါ်တင်လှ (ခ) ဒေါ်သိန်းလှနှင့် ကိုဖြိုးဝေဟန်-မဆုဒါလီ မိသားစုကောင်းမှု၊ တိုက် ၂၊ အခန်း ၃၊ မရမ်းကုန်းရဲစခန်းဝင်း၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၆။ | ဦးဦးဘာ-ဒေါ်ရင်ရင်သန်းတို့အား ရည်စူး၍ မိသားစုကောင်းမှု၊ အမှတ် ၁၂၊ (ခ-၅)ကန်လမ်း၊တံတားဖြူ(၁၀)ရပ်ကွက်၊လှိုင်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၇။ | ဒု-ဗိုလ်မှူးကြီးအောင်ပြည့်(ငြိမ်း)-ဒေါ်ခင်မြမူ မိသားစုကောင်းမှု၊ အမှတ် ၁၂၊ သုနန္ဒာလမ်းမကြီး၊ (ဆ)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂၈။ | ဗိုလ်မှူးကျော်စိန်ဝင်း(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန-ဇနီး ဒေါ်မိုးမိုး၊ သမီး-မဝင်းပပရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၄၂၅၀၀၀၀ိ/- |

ဆက်သွယ်ရန်ဖုန်းများ - ၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## တေဇ(၁၉) ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားဖိတ်ကြားလွှာ

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)၏ ကျောင်းဆင်းနှစ်ပတ်လည်နေ့ နှစ်ဆယ့်လေးနှစ်ပြည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများအားလုံး ပါဝင်တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) **သံဃာတော်များ ဆွမ်းကပ်လှူခြင်း** ။ ၂၂-၁၀-၂၀၁၆ ရက် (စနေနေ့) နံနက် ၁၀း၀၀နာရီ၊ သီလရက္ခိတကျောင်း၊ ငွေဆောင်၊ ပုသိမ်မြို့နယ်။

(ခ) **ညစာစားပွဲ** ။ ၂၂-၁၀-၂၀၁၆ ရက်(စနေနေ့)၊ ညနေ ၆း၀၀နာရီ Blue Ocean Hotel မြက်ခင်းပြင်၊ ငွေဆောင်၊ ပုသိမ်မြို့နယ်

၂၁-၁၀-၂၀၁၆ရက် နေ့လယ်တွင် ရန်ကုန်မှငွေဆောင်သို့ မော်တော်ယာဉ်ဖြင့် စုပေါင်းပို့ဆောင်နိုင်ရေးနှင့် ငွေဆောင်တွင် နေရာစီစဉ်ပေးနိုင်ရေးအတွက် တက်ရောက်မည့်သူများမှ ကြိုတင်ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | | | |
|---|---|---|---|
| **ဟန်သိန်း** | **ဖုန်း-၀၉-၂၅၄၁၀၇၀၁၂** | **မိုးအောင်** | **ဖုန်း-၀၉-၄၃၀၇၃၆၅၁** |
| **မင်းဦးကြိုင်** | **ဖုန်း-၀၉-၅၀၃၅၁၄၃** | **သန်းဗိုလ်** | **ဖုန်း-၀၉-၂၅၀၁၀၇၉၈၄** |
| **စိုးထွန်း** | **ဖုန်း-၀၉-၂၅၁၀၇၄၃၀၃** | **မန်းခိုင်** | **ဖုန်း-၀၉-၄၂၁၁၆၆၁၁၉** |

## တတိယအကြိမ် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီး အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို ၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၅-၁၂-၂၀၁၆) ရက် (တနင်္ဂနွေနေ့)တွင် တတိယအကြိမ်မြောက် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အထကတွင် ပညာသင်ယူခဲ့ကြဖူးသူအားလုံး ပူဇော်ပွဲတက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်နိုင်ပါရန် ခင်မင်လေးစားစွာ နှိုးဆော်အပ်ပါသည်။

(ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် အလှူရှင်များအားလုံး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

| | |
|---|---|
| **ဦးလှငွေ** | **ဖုန်း-၀၉-၇၉၆၄၈၅၅၈၉** |
| **ဦးစိုးနိုင်** | **ဖုန်း-၀၉-၇၉၇၉၃၄၈၇၀** |
| **ဦးဇော်ထွန်းအောင်** | **ဖုန်း-၀၉-၇၉၆၄၃၆၇၀၀** |
| **ဦးနေလင်းစိုး** | **ဖုန်း-၀၉-၇၉၈၉၅၈၄၀၀** |
| **ဦးတိုးနေလွင်မောင်** | **ဖုန်း-၀၉-၇၈၇၅၂၈၇၂၂** |

## ဦးစောထွန်းလှ ၁၀/သထန(နိုင်)၁၂၉၂၅၉ နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၃၅နေ ဦးစောထွန်းလှ (ယခုနေရပ်လိပ်စာမသိ)သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်သိန်း ၁၂/ရကန(နိုင်)၀၅၇၈၅၂ထံမှ ငွေကျပ်-၃၀၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးထောင်တိတိ)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းစုများအား လေလံရောင်းချမည့်အနက်မှ အမှတ်စဉ် (၂၅)လှိုင်မြို့နယ်၊ ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံ၊ အမှတ်စဉ်(၂၉)၊ လမ်းမတော်မြို့နယ်ရှိ ရေခဲစက်ရုံ၊ စက်ရုံခွဲ (၂)နှင့် အမှတ်စဉ်(၁၀၀) စံပြရုပ်ရှင်ရုံဟူသည့် လုပ်ငန်း(၃)ခုအား ဦးအောင်သိန်း အမည်ဖြင့် လေလံဆွဲဝယ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဟု ဝန်ခံကတိပြု ပြောကြားပြီး ရယူသွားခဲ့ပါသည်။

သို့သော်လည်း အဆိုပါ လုပ်ငန်း(၃)ခုနှင့်ပတ်သက်၍ ဦးအောင်သိန်း အမည်ဖြင့် လေလံဆွဲဝယ်ယူခွင့်ရှိအောင် ဦးစောထွန်းလှမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အပြင် ဦးအောင်သိန်းထံမှ ရယူထားသည့်ငွေများအားလည်း ယနေ့အချိန်အထိ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါ။

ထို့ပြင် ဦးစောထွန်းလှသည် (၂၁-၉-၂၀၁၄) ရက်တွင် နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ချုပ်ဆို၍ ငွေ-၅၀၀၀၀၀၀၀ိ/-(ကျပ်သိန်းငါးထောင်တိတိ)ကို ဦးအောင်သိန်းထံမှ လက်ခံရယူသွားခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်သိန်းထံမှ ဦးစောထွန်းလှ လိမ်လည်ရယူသွားသည့်ငွေစုစုပေါင်း ငွေ- ၈၀၀၀၀၀၀၀ိ/-(ကျပ်သိန်းရှစ်ထောင်တိတိ)အား ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ဦးအောင်သိန်းထံသို့ မပျက်မကွက် ပြန်လည်ပေးအပ်ရန် အကြောင်းကြားတောင်းဆိုလိုက်ပါသည်။ ပျက်ကွက်လိုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းသူ (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၉၃)**

**ဦးသန်းလှိုင် (LL.B, D.B.L, D.I.L, D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၆)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ မြေကွက်အမှတ် ပစ(B) ၂၁၇၉၊ ၀ ဒသမ ၁၁၀၈ဧက နှစ် ၃၀ မြေငှားစာချုပ်မြေကွက်၏ မြေငှားဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်စာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒု-အရာခံဗိုလ်လှဦး ၉/ကဆန(နိုင်)၀၂၇၁၃၁ (ဘ) ဦးချို့မှ ပျောက်ဆုံးကြောင်း ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေငှားဂရန်စာချုပ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဌေးဝင်းနှင့် အများသိစေရန်ကြော်ငြာ

ကျွန်မ ဒေါ်ခင်မာဇော် ၈/ပဖန(နိုင်)၀၀၁၅၂၂မှ ဦးဌေးဝင်း ၁၂/မဂဒ(နိုင်)၀၉၉၆၀၇ နှင့် အများသိစေရန်ကြော်ငြာအပ်ပါသည်။ ကျွန်မဒေါ်ခင်မာဇော်အနေဖြင့် ဦးဌေးဝင်းနှင့်အတူ ပေါင်းသင်းနေထိုင်စဉ်ကာလကပင် တင်ရှိနေသည့်ကြွေးမြီများကို ဦးဌေးဝင်းအိမ်မှဆင်းသွားပြီး ကျွန်မအား စွန့်ပစ်သွားခဲ့သည့် ၃-၃-၂၀၁၅ ရက်နောက်ပိုင်းမှစတင်၍ ကျွန်မကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဖြေရှင်းခဲ့ပါသည်။ တင်ရှိနေသောကြွေးမြီများမှာ လောင်းကစားကြွေးများမဟုတ်သည်ကိုလည်း ဦးဌေးဝင်း အသိပင်ဖြစ်ပါသည်။ ဦးဌေးဝင်းအား လာရောက်ဖြေရှင်းပေးပါရန် သတင်းစာမှ အကြိမ်ကြိမ်ထည့်သွင်းအကြောင်းကြားသော်လည်း လာရောက်ခြင်းမရှိဘဲ ခင်ပွန်းတစ်ယောက်၏ ဝတ္တရားပျက်ကွက်လျက်ရှောင်တိမ်းနေပါသည်။ သို့ဖြစ်ပါ၍ ယခုသတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ကျွန်မထံသို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် ဆက်သွယ်အကြောင်းကြားခြင်းမရှိပါက တင်ရှိနေသည့်ကြွေးမြီများကို ကျွန်မမိသားစု၏ ဂုဏ်သိက္ခာအတွက် ကျွန်မ၏လက်ဝယ်ရှိပစ္စည်းများအား ထုခွဲရောင်းချ၍ ပေးဆပ်သွားမည်ဖြစ်ပါသည်။ နောက်နောင်မှ ကျွန်မ၏စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကန့်ကွက်ခြင်း၊ တားဆီးခြင်း၊ နှောင့်ယှက်ခြင်းများမပြုလုပ်ရန် ဦးဌေးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဇော်**
**၈/ပဖန(နိုင်)၀၀၁၅၂၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေးဒရဲမြို့နယ်၊ တော်ချိုက်ကျေးရွာအုပ်စု တော်ပေါင်စိန် ကျေးရွာနေ ဦးဘိုးကြိုင်၏သား ဦးဖိုးထောင်(ခ)ဦးလှတင် ၁၄/ဒဒရ(နိုင်)၁၃၇၆၀၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3445 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၁၁၄၈ Koiser 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန်ထွန်း ၉/မထလ(နိုင်)၁၈၃၂၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9217 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/9855 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၉၇၀၇ Yinxiang-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ဝင်း ၉/ထဝန(နိုင်)၁၃၈၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ဃ/၆၂၀၉၀ Kenbo-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၉/တသန(နိုင်)၁၁၃၁၄၆က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၄၀၉၆ Shayan-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ညိုကြည် ၉/မထလ(နိုင်)၀၈၇၉၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် (၁၃၅ᵃ)၊ ဧရိယာ ၀ဒသမ၀၈၀ဧကရှိ ဦးသိန်းဇော်- ဒေါ်ခိုင်ခိုင်ဝင်း အမည်ပေါက် နှစ်(၃၀) အငှားဂရန် မြေကွက်အား ဦးသိန်းဇော်-ဒေါ်ခိုင်ခိုင်ဝင်း၊ ၉/တကန(နိုင်)၀၀၅၅၅၉၊ ၉/တကန(နိုင်) ၀၀၃၉၂၄၊ (ဘ) ဦးအောင်ထွန်း၊ ဦးညွန့်မောင်မှ ဦးသိန်းဇော်-ဒေါ်ခိုင်ခိုင်ဝင်း အမည်ပေါက် နှစ် (၃၀) အငှားဂရန်မူရင်းများတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ရန်မြေပုံ၊ ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဧယ/၉၁၁၉၉ Honda Dream 125, M/Cယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်လွင် ၅/မရန(နိုင်)၀၀၀၃၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ဂိုဒေါင်အကျယ်ငှားရန်ရှိသည်

ဂိုဒေါင်အလျား ၂၃၅ ပေ, အနံ ၄၀၆ ပေ
ရုံးခန်း အလျား ၇၈ ပေ, အနံ ၅၂ ပေ
91458 Sqft

ရုံးခန်းအတွင်း

| | |
|---|---|
| ရေပူရေအေးစက် | ၃ လုံး |
| အဲယားကွန်း | ၁၂ လုံး |
| ဘိုထိုင် | ၅ လုံး |
| ရှိုးရှိုး | ၂ လုံး |
| အစည်းအဝေးခန်း | ၁ ခန်း |
| ဧည့်ခန်း | ၁ ခန်း |
| အခန်း | ၆ ခန်း |
| မီးဖိုခန်း | ၁ ခန်း |
| မီးစက် | ၁ လုံး |
| ရေမော်တာ | ၃ လုံး |
| အလုပ်သမားတန်းလျား | ၄ ခန်း |
| အလုပ်သမားအိမ်သာ | ၄ ခန်း |
| ဂိတ်တဲ | ၁ လုံး |
| 315 KVA | ၁ လုံး |
| ရေစင် | ၁ လုံး |

ဈေးနှုန်း (1 Sqft) ၃၆၀/-
နေရာ-ရွှေလင်ဗန်းစက်မှုဇုန်၊ မီးသတ်ကန်လမ်း၊(မီးသတ်ရုံးအနီး)
စုံစမ်းရန် - ၀၉ ၉၃၁၈၂၀၀၁
၀၉ ၅၀၀၅၁၁၀၊ ၀၉ ၅၀၆၀၂၃၁

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာစီမံကိန်းရှိ တိုက်အမှတ် ၂၊ အခန်းအမှတ် (၀၀၂) ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးညွန့် (ကွယ်လွန်) ၁၂/ပဘတ(နိုင်)၀၁၆၆၁၂ ၏ဇနီးဖြစ်သူ ဒေါ်တင်မိုးသက် ၈/ပခက(နိုင်)၀၆၇၆၅၂ က အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မဇင်မာနွယ် ၁၃/ကမန(နိုင်)၀၆၃၉၂၂ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

၄-၁၀-၂၀၁၆ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၈ တွင် ဖော်ပြထားသည့် မဇင်မာနွယ်၏ ကြေညာမှုအပေါ် ဦးဘုန်းဩခန့် ၉/မသန(နိုင်)၀၈၆၁၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

၁။ မဇင်မာနွယ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့်တို့သည် တရားဝင်အကြင်လင်မယားဖြစ်သည့်အတွက်အပိုဒ်(၁)ပါဖော်ပြချက်ကို ငြင်းဆိုရန်မရှိပါ။

၂။ အပိုဒ်(၂) (က)(ခ)(ဂ)(ဃ) ပါ ပစ္စည်းရပ်များအားလုံးသည် လင်မယားလက်ထက်ပွားပစ္စည်းဖြစ်သည်မှာ မှန်ပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့်သည် မဇင်မာနွယ် စွပ်စွဲသကဲ့သို့ အခြားအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေးဖောက်ပြန်နေ ဆိုခြင်းမဟုတ်မမှန်ပါ။ ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့် ကျန်းမာရေးမကောင်းသည်မှာ မဇင်မာနွယ်အသိဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့်မှာ မဇင်မာနွယ်နှင့် စကားများခြင်းမဟုတ်ဘဲ ၁၂-၁၀-၂၀၁၆ ရက်မှ ၁၄-၁၀-၂၀၁၆ ရက်အထိ ဗန်ကောက်ဆေးရုံကြီးသို့ ခါးရောဂါအတွက် ဆေးကုသသွားခဲ့ပါသည်။ ထို့နောက် မန္တလေးလေယာဉ်ဖြင့်ပြန်လာရာ ၄င်းနေ့ ၁၄-၁၀-၂၀၁၆ ရက်ညမှာပင် နမိုးနီးယားရောဂါဖြင့် မန္တလေး၌ ဆေးရုံတက်ခဲ့ရပါသည်။ ၁၄-၁၀-၂၀၁၆ ရက်မှ ၂၉-၁၀-၂၀၁၆ ရက်အထိ ဆေးရုံတက်ခဲ့ရပါသည်။ ဆေးရုံမှဆင်းပြီး လမ်းလုံးဝမလျှောက်နိုင်သဖြင့် ဇနီးရှိရာရန်ကုန်မြို့သို့ မပြန်နိုင်ဘဲ မိဘအိမ်တွင်နေပြီး ဆက်လက်ဆေးကုသမှုခံယူဆဲဖြစ်ပါသည်။ မဇင်မာနွယ် အနေဖြင့်လည်း ကျွန်တော်လမ်းမလျှောက်နိုင်သည့် အခြေအနေကို မျက်မြင်သိရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှာ ကျန်းမာရေးမကောင်းသောကြောင့်သာ မန္တလေးမြို့ မိခင်နေအိမ်တွင် နေထိုင်ခြင်းဖြစ်ပါကြောင်း အပိုဒ်(၃)ကို ပြန်လည်ရှင်းလင်းပါသည်။

၄။ မဇင်မာနွယ် စွပ်စွဲသကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့်မှာ အိမ်ထောင်ရေးဖောက်ပြန်ခြင်းမရှိ၍ အပိုဒ်(၂)(က)(ခ)(ဂ)(ဃ)ပါ ပစ္စည်းရပ်များကို မဇင်မာနွယ်နှင့် ဦးဘုန်းဩခန့်တို့ နှစ်ဦးအတူ ပူးတွဲပိုင်ဆိုင်ကြောင်း အပိုဒ်(၄)ကို ပြန်လည်ရှင်းလင်းပါသည်။

၅။ မဇင်မာနွယ်အနေဖြင့် လင်မယားကွာရှင်းပေးပါရန် တောင်းဆိုလာပါက ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဩခန့်မှ သဘောတူလက်ခံပါကြောင်းနှင့် အပိုဒ်(၂)(က)(ခ)(ဂ)(ဃ)ပါ ပစ္စည်းရပ်များသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သည့်အတွက် ထက်ဝက်စီ ခွဲဝေယူကြမည်ဖြစ်ပါကြောင်း မဇင်မာနွယ်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဘုန်းဩခန့်**
**၉/မသန(နိုင်)၀၈၆၁၅၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းဦး LL.B (ရတနာပုံ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၇)**
**၂၅လမ်း၊ ၈၉×၉၀လမ်းကြား၊ ၈၉လမ်းအနီး၊ အကွက် ၁၉၉၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၃၁၇၁၈၆၀၊ ၀၉-၄၀၂၆၅၇၈၄၂၊ ၀၉-၉၇၃၁၆၅၄၄၀**

**ဒေါ်စိုးစိုးဝင်း (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၅၇၄၅)**

## ဝန်ထမ်းအမြန်အလိုရှိသည်

ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်
**Project Engineer (B.E Civil) M/F (1) Post** အလိုရှိသည်။

- လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်ဖြစ်ရမည်။
- လစာညှိနှိုင်းပေးမည်။ (မျှော်မှန်းလစာတင်ပြနိုင်သည်။)
- အကျင့်စာရိတ္တ ကောင်းမွန်ရမည်။

အလုပ်လျှောက်ထားလိုသူများသည် threeswallows.ygn@gmail.com သို့ ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ ပညာရေးထောက်ခံချက်၊ အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း CV Form ပေးပို့လျှောက်ထားနိုင်ပါသည်။

**Three Swallows Construction Co.,Ltd.**
**Yangon**
**Website: threeswallowsconstruction.com**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၂၉၇၈)၊ ဦးအောင်မင်းထွဋ် ၇/ရကန(နိုင်)၀၀၁၁၅၉၊ အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၉၀/၂၀၁၁ (၃၀-၆-၂၀၁၁)ဖြင့် ဦးအောင်မင်းထွဋ်၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးဘူဒီးဆာဂါရ် ၉/ပဥလ(နိုင်)၀၀၀၈၀၂ (ဘ)ဦးဒီလာရမ်းမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၄၃-သီရိနန္ဒာ)၊ ဦးပိုင်အမှတ် ၇၄၊ ဧရိယာ ၀ ဒသမ ၀၆၈ဧကရှိမြေကွက်ကို ဒေါ်နန်းရီရီချိုမှ မြေငှားစာချုပ်အသစ်ခွင့်ပြုပေးပါရန်တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် ဒေါ်အေးမြင့်မှ ဦးထွန်းရွှေ- ဒေါ်သန်းမြင့်ထံသို့ (၁၅-၁-၁၉၉၈)ရက်တွင် အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ပြီး ဦးထွန်းရွှေမှ လက်ရှိနံကပ်နှစ်ထပ်အဆောက်အအုံဆောက်လုပ်နေထိုင် အကျိုးခံစားလျက်ရှိကြောင်း တရားရုံးတွင် ကျမ်းကျိန်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်ပြီး သမီး ဒေါ်နန်းရီရီချိုထံသို့ (၁၉-၅-၂၀၁၅)ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် (၁၃၇/၂၀၁၅) ဖြင့် တရားဝင်မှတ်ပုံတင်၍ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ချုပ်ဆိုထားသော စာချုပ် (မိတ္တူ/မူရင်း)များတင်ပြကာ ဒေါ်နန်းရီရီချိုမှ မြေငှားစာချုပ်အသစ်လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၇၉၈) ဦးသိန်းဝင်း ၉/လဝန(နိုင်)၀၄၀၂၇၆ အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၃၅/၂၀၁၁ (၂၂-၇-၂၀၁၁) ဖြင့် ဦးသိန်းဝင်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးနာရာယန် ၁၃/ရစန(နိုင်)၀၆၅၄၉၆ (ဘ)ဦးမနီရမ်းရှားမားမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၀၈ရပ်ကွက်၊ ဦးဖိုးလှိုင်လမ်း၊ အမှတ် ၅၅၉၊ ပေ၄၀×ပေ၆၀ အကျယ်အဝန်းရှိ မြေချပါမစ်၌ ဦးအေးသောင်းအမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် တစ်ဆင့်ဝယ်ယူထားသူများဖြစ်ကြသော ဒေါ်မြင့်မြင့်သန်း ၁၂/ဥကတ(နိုင်)၀၂၅၇၁၄နှင့် ၄င်း၏သားဖြစ်သူ ဦးသန့်ဇင် ၁၂/ဥကတ(နိုင်)၀၂၇၄၈၃ ကိုင်ဆောင်ထားသူတို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါက်တာဝင်းဝင်းမာ ၉/ကပတ(နိုင်)၀၃၂၁၉၉ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထား၍ ကျွန်ုပ်မိတ်ဆွေကလည်း အဆိုပါမြေကွက်ရောင်းဖိုးငွေများအတွက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ(သို့မဟုတ်)ရောင်းသူများ၌ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိကြောင်းကို ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက် သူမရှိပါက အထက်ပါမြေကွက်ကို ဆက်လက်၍ ဥပဒေနှင့်အညီ တရားဝင်အရောင်းအဝယ်စာချုပ်ပြီးဆုံးသည်အထိ ချုပ်ဆိုဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးစိုးဝင်းအောင်**
LL.B,CBL,DBL
WIPO, D.L.P(Switzerland)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၂၇)**
**အမှတ်(၁၀၇၀)၊ ကမ္ဘောဇ(၃)လမ်း၊ (၁၃၃)ရပ်ကွက်**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၃၁၂၁၀၆၈**

## သွာနုတ္တသမီးဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးမြဟန် ၁၂/ဥကမ(နိုင်)၀၆၇၁၁၆နှင့်ဇနီး ဖြစ်သူ ဒေါ်စန်းတင့် ၁၂/ဥကမ(နိုင်)၀၆၇၇၅၀တို့၏ဒုတိယသမီးဖြစ်သူ မစန်းစန်းမြင့်(ခ)မိစိုး ၁၂/ ဥကမ(နိုင်)၁၇၆၂၄၇သည် မိဘများ၏ဆိုဆုံးမမှုများကို နာခံမှုမရှိခြင်း၊ မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းစေပြီး ခွင့်မလွှတ်နိုင်သည့် လူမှုရေးကိစ္စရပ်များစွာကို အကြိမ်ကြိမ် လုပ်ဆောင်ပြီး ၁၂-၁၀-၂၀၁၆ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မိဘများမှ သမီးဖြစ်သူ မစန်းစန်းမြင့်(ခ)မိစိုးအား မိမိတို့၏ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပြီး သွာနုတ္တသမီးဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ (၄င်း၏ဆောင်ရွက်မှုကိစ္စအဝဝနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။)

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွှင်မာဦး** (LL.B, DBL)
**အထက်တန်းရှေ့နေ(စဉ်-၂၉၈၃၇)**
**အမှတ် ၄၀၉၊ သုနန္ဒာ ၁၀လမ်း၊ (ဆ)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
### ဒေါ်သေး
### အသက်(၉၅)နှစ်

အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏မိခင်သည် ၇-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်နှင့် ဇနီး ဒေါ်အေးအေးထွန်း**

## ဒေါက်တာဒေါ်စန်းရီ (ဗန်းမော်)
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး(ငြိမ်း)၊ (ဆမ-၁၇၄၄)
### အသက်(၈၀)

ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးညွန့်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၁၀(က)၊ သီရိဇေယျာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ(ဦးထင်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ (ဦးညွန့်ထင်)၏ဇနီး၊ (ဦးတင်မောင်)၊ (ဦးခင်အောင်)-ဒေါ်နွဲ့ရီ၊ (ဦးတင်မောင်သန်း)-ဒေါ်စန်းကြည်၊ (ဗိုလ်မှူးကြီးစောလွင်-ဒေါ်မြမြစိန်)-ဒေါ်ဝင်းဝင်းမြင့်တို့၏ညီမ၊ ဦးလှရွှေ-ဒေါ်နီနီစိုးတို့၏အစ်မ၊ ဦးသူရ-ဒေါ်ကြူကြူသိန်း၊ ဒေါက်တာအောင်မျိုးသန့်-ဒေါက်တာမြတ်လေး၊ ဦးဉာဏ်သာ-ဒေါ်မြတ်မွန်တို့၏မိခင်၊ မမေဆန်းအောင်၊ မမြတ်မဋ္ဌချင်၊မနှင်းလပြည့်သူရတို့၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၂၃နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### A.ဦးဟာမြိဒ်(ခ)ဒေါက်တာဦးဖေအောင်သန်း
### (ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ မန္တလေးတက္ကသိုလ်)
### အသက်(၅၇)နှစ်

ပျဉ်းမနားမြို့နေ(ဟာဂျီ သခင်ဦးသန်းဖေ-ဒေါ်ဖွားရှင်)တို့၏သား၊ ရန်ကုန်မြို့နေ ဟာဂျီဦးစိုးမင်း-ဟာဂျီမဒေါ်ခင်မာလာတို့၏သားသမက်၊ မောင်စိုးကိုကိုအောင်၊ မစိုးကလျာအောင်တို့၏ဖခင်၊ ဒေါ်ခင်စိုးဦး၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်များနှင့် မန္တလေးတက္ကသိုလ်မိသားစု**

## ဒေါ်ရီရီလှ
### ရွှေမြင့်မိုရ် စိန်ရွှေရတနာရောင်းဝယ်ရေး
### အသက်(၅၆)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ မောင်ခင်လမ်း၊ အမှတ် ၁၀/၄၄နေ (ဦးထွန်းလှ)(အငြိမ်းစားတိုက်ပိုင်ကြီး)-ဒေါ်စောရွှေတို့၏သမီး၊ ဦးခင်မောင်ဇော်(တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဦးအုန်းကျော်(ဦးစီးအရာရှိ) လဝက၊ ပေါင်းတည်မြို့-ဒေါ်ဝါဝါမြင့်(အလပြ၊ ငြိမ်း)၊ ဒေါ်သီတာထွန်း(လ/ထညွှန်မှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)တို့၏အစ်မ၊ ဦးမင်းထက်စံ(SAE)ကျေးလက်ဦးစီးဌာန၊ ဒေါ်အိသန္တာကျော်(ဒု-လဝကမှူး)၊ မသက်ထားကျော်(စိုက်ပျိုးရေး)တို့၏အဒေါ်၊ မဆုယမင်းထက်၏အဘွားသည် ၁၆-၁၀-၂၀၁၆ရက် အိန္ဒိယနိုင်ငံ ဒေသစံတော်ချိန် ည ၁၀း၁၀နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းသန်းမြင့်
### အသက်(၆၆)နှစ်

မကွေးမြို့၊ အမှတ် ၂၁၅၊ ပြည်တော်သာလမ်း၊ ရွာသစ်ရပ်နေ ဦးအောင်ခိုင်(ရွှေသရဖူရွှေဆိုင်)၏ ချစ်လှစွာသောဇနီး၊ ကိုနေဝင်း-မနှင်းအေးခိုင်(ရွှေလဝန်း ရွှေဆိုင်နှင့်ပါဝါစတိုး)၊ ကိုသက်ခိုင်ဦး - မထက်ထက်လှိုင် (ပြည့်စုံလျှံ ဆောက်လုပ်ရေးကုမ္ပဏီ)တို့၏ မိခင်၊ မခိုင်သဇ္ဈာဦး(B.E-Civil)၊ မောင်စိုးဝေယံဝင်း(B.Tech 4th Year)၊ မမေမိုးသခင်(Grade 3) (ရဲကျောင်း၊ မကွေး)တို့၏အဘွားသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မကွေးမြို့၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး
### ဦးမြင့်ဝေ
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်အေးလမ်း၊အမှတ်(၄)ပထမထပ်နေ(ဦးကျုံကီး-ဒေါ်ကျင်)တို့၏သား၊ ဦးကျော်ရွှေ-ဒေါ်စန်းစန်းဝေ၊ (ဦးအောင်မြင်)-ဒေါ်မုဒိတာတို့၏မောင်၊ ဦးသီဟန် - ဒေါ်မြင့်မြင့်ဆွေ၊ ဦးမြတ်ကို-ဒေါ်အုန်းအုန်းမြင့်၊ (ဦးကိုနိုင်)၊ ဦးတင့်နိုင် - ဒေါ်အေးအေးမွန်၊ ဦးကျော်ထွန်းဦး - ဒေါ်ခင်လေးသက်တို့၏အစ်ကို၊ တူ/တူမ ၁၅ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု

## တပ်ကြပ်ကြီးထွန်းဇော်
### လေ/၂၁၂၉၂
### တပ်မတော်-လေ (ငြိမ်း)
### အသက်(၄၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေတွင်းဖြူနေ ဦးစိန်မောင်-ဒေါ်တင်လှတို့၏သား၊ ဦးထွန်းထွန်းဦး(တေဇ-၁၃)-ဒေါ်နီလာစန်း၊ ဒေါ်တင်တင်ခိုင်(ရွှေလုံထခွဲ)တို့၏မောင်၊ ဒေါ်ခင်မြင့်မြင့်၊ ဦးကျော်စွာထွန်း-ဒေါ်မြတ်မြတ်ထွေးတို့၏ အစ်ကိုသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၆ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေတွင်းဖြူသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးတင့်ဇော်
### (ရွှေတိဂုံစေတီတော် သု·က·ကာရီအသင်း)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၄၈ (က)နေ (ဦးမြအောင်)-ဒေါ်လှရီတို့၏သား၊ ဦးသိန်းဇော်-ဒေါ်ဖြူဖြူဆွေတို့၏ညီ၊ ဗိုလ်ကြီးဇော်မြင့်-ဒေါ်မြင့်မြင့်မော်၊ ဦးမြင့်အောင်-ဒေါ်ဝင်းဝင်းမော်၊ မအေးအေးမော်တို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှစိန် အသက်(၁၁၅)နှစ်
### (နဂါးနီဓာတ်မြေသြဇာရောင်းဝယ်ရေး)

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၃)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၆)နေ (ဦးရှူးဝါး)၏ဇနီး၊ (ဦးထွန်းကြိုင်)၊ ဦးသန်းအောင်-ဒေါ်ရင်နု(နဂါးနီဓာတ်မြေသြဇာရောင်းဝယ်ရေး)တို့၏မိခင်၊ မောင်နေထွန်းဦး၊ မောင်ကျော်ကျော်နိုင်တို့၏အဘွားသည် ၁၆-၁၀-၂၀၁၆ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် ဘိုကလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### အဘွား ဒေါ်ငွေအေး အသက်(၈၄)နှစ်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ (၅)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၇နေ (ဦးချစ်စိန်)၏ဇနီး၊ ဦးစောဝင်းမောင်(အထွေထွေမန်နေဂျာ၊ YESC လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်နော်မြင့်မြင့်ကြူ(အလပြ၊ ငြိမ်း)၊ ဦးစောအုံးအုံး(MT သရုပ်ပြ၊ ငြိမ်း၊ မော်လမြိုင် GTI )-ဒေါ်ခင်စန်းဦး၊ ဦးစောငွေစော(မူပြ၊ ငြိမ်း)၊ ဦးစောဝင်းစိုး(Myanmar V-pile Co.,Ltd)-ဒေါ်စန်းစန်းမော်(သားဖွားဆရာမ၊ ငြိမ်း)၊ (ဦးစောငွေထွန်း)၊ ဒေါ်နန်းခင်ချိုသန်း၊ ဦးပြည်လုံးကျော်-ဒေါ်နန်းသန်းသန်းဆင့်(မူလွန်၊ အုပ်) ကွေ့ဝမ်းကျေးရွာ၊ မုဒုံမြို့နယ်၊ ဦးဇော်မြင့်သူ(မန်နေဂျာ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန)-ဒေါ်နန်းသီတာစိန်တို့၏မိခင်၊ မြေး ၁၁ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၁၀-၂၀၁၆ရက်(စနေနေ့) ည ၁၁း၃၀နာရီတွင် ရိုးကိုးရွာဟောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရိုးကိုးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် မော်လမြိုင်မြို့နယ်၊ ကျိုက္ခမီလမ်း၊ အမှတ် ၈၁၃၊ ရိုးကိုးရွာဟောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဆရာမ နော်ရှီစီးနာ(ခ)ဖီးချို
### (အငြိမ်းစား၊ အလက-၃၊ အင်းစိန်)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ အမှတ် ၂၉နေ (ဦးဖိုးအုန်း-ဒေါ်လှခင်)တို့၏သမီး၊ (ဦးသြဂုတ်စတင်း)၏ချစ်လှစွာသောဇနီး၊ စောဖရယ်ဒီ-နော်စိဘလှ၊ နော်ဖရီးဒါ-ဦးငွေစိုး၊ နော်ဖဲစေး-စောနေမူးတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်ပေါင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်စန်းရီ(ဗန်းမော်)
### သားဖွားမီးယပ်
### အထူးကုဆရာဝန်ကြီး(ငြိမ်း)
### (ဆမ-၁၇၄၄)
### အသက်(၈၀)

ဗန်းမော်မြို့၊သာစည်ရပ်နေ(ဦးညွန့်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၁၀(က)၊သီရိဇေယျာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ(ဦးထင်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ (ဦးညွန့်ထင်)၏ဇနီး၊ ဦးသူရ-ဒေါ်ကြူကြူသိန်း၊ ဒေါက်တာအောင်မျိုးသန့် - ဒေါက်တာမြတ်လေး၊ ဦးဉာဏ်သာ - ဒေါ်မြတ်မွန်တို့၏မိခင်၊ မမေဆန်းအောင်၊ မမြတ်မဋ္ဌချင်၊ မနှင်းလပြည့်သူရတို့၏အဘွားသည်၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၃ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစံထွန်းဖြူ
### ဆိုင်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ရေနံ
### အသက်(၇၆)နှစ်

စစ်တွေမြို့၊ ဝင်္ဂပါလမ်း၊ ရွာကြီးမြောက်၊ နေပူခံရပ်ကွက်နေ ဒေါ်မသန်းဦး၏ခင်ပွန်း၊ ဒေါ်မသိန်းနု (မြို့နယ်ကျန်းမာရေးမှူး၊ ငြိမ်း)၏ အစ်ကို၊ (ဦးထွန်းစံမောင်)၊ ဒေါ်ဦးလှသိန်း (အမက၊ ရွာကြီးမြောက်)၊ ဒေါ်လှလှဖြူ(အထက-၂၊ စစ်တွေ)၊ ရဲအုပ်ဉာဏ်လင်းထွန်း-ဒေါ်နုနုဖြူ(သူနာပြုဆရာမကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ၊ ရန်ကုန်)၊ ဦးဇော်ဇော်ထွန်း-ဒေါ်လှနုဖြူ(အကူသူနာပြု၊ စစ်တွေဆေးရုံ)၊ဦးသန်းထွန်း(မြန်မာ့ရေနံ၊ စစ်တွေဌာနခွဲ)-ဒေါ်သန်းသန်းရီ (ရခိုင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေး)၊ ဦးဉာဏ်ထွန်း-ဒေါ်ဇာလီဝင်း၊ မဖြူဝင်းနု၊ မောင်အောင်ဟိန်းထွန်းတို့၏ဖခင်၊ ဒုရဲအုပ်အောင်ဇော်ခိုင် - ဒေါ်စောအေးနု (ဓာတ်ခွဲမှူး၊ တီဘီဌာန)၊ ဒေါ်စောမိုးအေး(ရုံးအုပ်၊ သူနာပြုဌာန၊စစ်တွေ)တို့၏ဦးလေး၊မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ အဖိုးရှင်သည် ၁၇-၁၀-၂၀၁၆ရက် ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ရီ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၉/ခနေ[ဦးစေလိုက်ယား(ခ)ဦးချမ်းသာ၊ (မြနန္ဒာ အမှုန့်ကြိတ်စက်လုပ်ငန်း & Co.,Ltd.)]၏ဇနီး၊ ဦးမန်းနီ-ဒေါ်သန်းသန်းငွေတို့၏အဒေါ်၊ ဦးတင်လှ-ဒေါ်လှမြင့်၊ ဒေါ်လှရီ-ဦးချစ်ခင်၊ ဦးမောင်သန်း-ဒေါ်မေမေဆန်း၊ ဦးထွန်းဝေ-ဒေါ်နီလာ၊ ဒေါ်စန်းမြင့်၊ ဒေါ်လှကြည်-(ဦးဇော်ဝင်း)၊ ဦးတင်မောင်ဌေး-ဒေါ်နီနီအောင်၊ ဦးရင်ဌေး-ဒေါ်လွှမ်းသူဇာအောင်၊ မောင်ခင်မောင်အေးတို့၏မိခင်၊ မြေး ၂၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၅-၁၀-၂၀၁၆ရက်(စနေနေ့) ည ၈း၁၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေး ဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်လှလှဌေး(ခ)
### ဒေါ်တင်တင်မာ
### ကုန်သွယ်ရေး(ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၆)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် ၁၇၀/ခနေ (ဦးတင်ရီ-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးလှညွန့်-ဒေါ်တင်ညွန့်)တို့၏သမီးချွေးမ၊ (ဦးမျိုးလှ)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းထွဋ်-ဒေါ်သူသူမျိုး၊ ဦးလှစိုး-ဒေါ်သိမ့်သိမ့်မျိုး၊ ဦးမင်းမင်းအောင်-ဒေါ်သဲသဲမျိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ပခုက္ကူအသင်း(ရန်ကုန်)
### ဦးကံဆင့် (ပခုက္ကူ)
### သက်ကြီးကန်တော့ခံ
### အသက်(၈၈)နှစ်

ပခုက္ကူမြို့နေ ဦးဘညွန့်-ဒေါ်လုံးတို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊၆၄၈/နှင်းဆီလမ်း၊ ပါရမီရိပ်သာနေ(ဒေါ်ဝင်းမြင့်)၏ခင်ပွန်း၊ ဦးဝင်းသန်း-ဒေါ်အေးသန်းမူ၊ ဒေါက်တာစိုးသန်း၊ ဒေါ်ခိုင်ခိုင်ဆင့်၊ ဦးဟန်ဝင်း၊ ဦးဝင်းထွန်းတို့၏ဖခင်သည် ၁၅-၁၀-၂၀၁၆ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့(၂၀၁၆)

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဦးညွန့်ဖေ (မြိတ်)
### အသင်းဝင်အမှတ်(၁၆၈၄)
### (သက်ကြီးကန်တော့ခံ)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့် ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ် ၇၀၅၊ အခန်း(လေးလွှာ-ဘီ)နေ ဒေါ်လှအင်၏ခင်ပွန်းသည် ၁၆-၁၀-၂၀၁၆ ရက်တွင်ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဦးမြင့်
### ရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ်
### မြန်မာ့သစ်လုပ်ငန်း
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၉၀နေ (ဦးကြိုင်-ဒေါ်စိန်နု)တို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ မောင်လွင်မိုး၏ဖခင်သည် ၁၆-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစံဝင်း
### လုပ်ငန်းစစ်ဆေးရေးမှူး(ငြိမ်း)
### (မိုင်းတုံ)သမဝါယမဝန်ကြီးဌာန
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ (ဦးစံညွန့် - ဒေါ်မြင့်သိန်း)တို့၏သား၊ (ဦးမြမောင်-ဒေါ်ရီ)တို့၏ သားသမက်၊ ဒေါ်သန်းနွဲ့၏မောင်၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းအေး၊ ဦးမြင့်ဇော်-ဒေါ်ခင်မာသက်၊ (ဒေါ်စန်းစန်းရီ)၊ (ဒေါ်သန်းသန်းနု)၊(ဦးဇော်ဝင်း)တို့၏အစ်ကို၊ (ဒေါ်စန်းစန်းဝင်း)၏ခင်ပွန်း၊ ဦးမြအောင်-ဒေါ်စိုးစိုးမော်၊ ဦးမျိုးမင်းဝင်း-ဒေါ်မိုးအေးအေးသန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်မျိုးဇေပိုင်၊ မသွယ်မှူးအေး၊မောင်ထက်ရန်နိုင်၊မခေတ်မြတ်နိုးတို့၏ဘိုးဘိုးကြီးသည် ၁၅-၁၀-၂၀၁၆ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအေးဖေ
### ဗဟိုစာရင်းစစ်ချုပ်(ငြိမ်း)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၈၁၄/ခနေ ဦးတင်အောင်-ဒေါ်ခင်ဥတို့၏သား၊(ဦးမျိုးကြွယ်)တို့၏ညီ၊ ဒေါ်သိန်းသိန်းဝင်း၊ ဦးလှဦး-ဒေါ်အေးအေးနွယ်တို့၏အစ်ကို၊ (ဒေါ်ကြော့မှူး၊ ဦးစီးအရာရှိ(လဝက)၏ခင်ပွန်း၊ ဦးအောင်ကျော်သူ(ခေတ္တ-စင်ကာပူ)-ဒေါ်ကြည်ပြာအေး၊ ဦးအောင်မြတ်သူ(လဝက)-ဒေါ်ခင်ဥမ္မာထွန်း၊ ဦးရဲလင်းလင်း(လဝက)-ဒေါ်အေးအေးခိုင်တို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဗိုလ်မှူးဒေါ်မြသိန်း (ကြည်း-၆၉၈၅)
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးသာအေး-ဒေါ်ကြီးညွန့်)တို့၏သမီး၊ (ဒေါ်စမ်းမေ)၊ (ဒေါ်သန်းဆွေ)၊ (ဒေါ်စိုးကြည်)၊ ဒေါ်သန်းရီတို့၏ညီမ၊ (ဦးတင်ထွန်း)၊ (ဗိုလ်မှူးအောင်စန်း)တို့၏အစ်မ၊ တူ/တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သိင်္ဂါလမ်း၊ အမှတ် ၁၅၉/၅နေ ဒေါ်မြသိန်းသည် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၀-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်ရီ (ဟင်္သာတ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ် ၁၂၆၃ရပ်ကွက်နေ (ဦးထွန်းရှိန်၊ ဟင်္သာတ)၏ဇနီး၊ ဦးသန်းဌေးဦး-ဒေါ်ခင်ဌေးတင့်၊ ဒေါက်တာဦးဝင်းမြင့်-ဒေါ်ညိုညိုနု၊ ဦးသန်းဌေးလွင်-ဒေါ်ချိုချိုစိန်၊ ဦးဝင်းဆန်းထူး-ဒေါ်မြတ်မြတ်မော်တို့၏မိခင်၊ ကိုမင်းမင်းသူ-မဝင့်ရည်မွန်၊ ကိုဇင်လင်းဦး-မဇာခြည်၊ မောင်ကောင်းဆက်ဝင်းတို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်
### (B.A.E.D, B.A, B.Ed) မူပြ၊ ထပြ
### လ/ထ ကြီးကြပ်(ငြိမ်း)၊ ဧရာဝတီတိုင်းရုံး
### အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ ပြည်တော်သာ နှစ်ထပ်တိုက်၊ အမှတ် ၉၊ အခန်း ၆နေ ဦးရန်အောင်၏ဇနီး၊ ဒေါ်ချိုနွယ်အောင်(ဧရာဝတီတိုင်းပညာရေးမှူးရုံး)၊ ဦးနန္ဒအောင်(တပ်မတော်-ရေ၊ ကျောက်ဖြူ)တို့၏မိခင်သည် ၁၂-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်သန်း (ခရမ်းမြို့)
### အသက်(၇၉)နှစ်

ခရမ်းမြို့၊ (၁၂)ရပ်ကွက်၊ မြေနီလမ်းနေ (ဦးဘိုကေ-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ (ဦးစိုးဝင်း - ဒေါ်အုန်းရှင်)တို့၏သမီးချွေးမ၊ (ဦးကျော်သိန်း)၏ဇနီး၊ ဒေါ်မြသီ၊ ဦးတင်အေး-ဒေါ်စန်းတင်တို့၏ညီမ၊ ဦးမျိုးညွန့်-ဒေါ်မြကြည်၊ ဒုဗိုလ်မှူးကြီးမြတ်စိုး(ရေ-ငြိမ်း)-(ဒေါ်တင်တင်)၊ ဦးအောင်မြင့်-ဒေါ်သောင်းသောင်းရွှေ၊ ဦးသောင်းတင်-(ဒေါ်ရှုရင်)၊ ဦးလှမြင့်-ဒေါ်တင်ရီ၊ ဦးတင်ဝင်း-ဒေါ်မြဆွေ၊ ဦးသန်းစိုး-ဒေါ်အေးရီ၊ (ဦးဝင်း)-ဒေါ်စန်းဝင်း၊ ဦးသန်းငြိမ်း-ဒေါ်အေးအေးသက်၊ ဦးသန်းဝင်း-ဒေါ်ဌေးရီ၊ ဦးဌေးလွင်-ဒေါ်ခင်မာကြည်တို့၏အစ်မ၊ ဦးအောင်ကျော်မြင့်(National Infrastructure Holding Co.,Ltd.)-ဒေါ်စုစုမေ၊ ဒေါ်အေးအေးကျော်၊ ဦးဇော်မိုးနိုင်-ဒေါ်ဘောက်ထောင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးသန့် အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်၊ ဗညားဒလလမ်း၊ အမှတ် ၂၉၂(လေးလွှာ)(ယာ)နေ (ဦးထွန်းရီ-ဒေါ်စန်းရွှေ)တို့၏သမီး၊ ဦးစိုးမြင့်(ခ)ဦးစိန်လွင်၏ဇနီး၊ ဦးစိုးလွင်-ဒေါ်သင်းသင်း၊ ဦးခင်မောင်လွင်-ဒေါ်မြသီတာအေး၊ ဒေါ်အေးအေးလွင်၊ ဦးမိုးကျော်-ဒေါ်အေးမို့မို့ဝင်းတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးမြင့်ဝေ
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်အေးလမ်း၊ အမှတ်(၄)ပထမထပ်နေ (ဦးကျုံကီး-ဒေါ်ကျင်)တို့၏သား၊ (ဦးရှိ)-ဒေါ်ရီတို့၏သားသမက်၊ ဒေါ်တင်တင်ရွှေ၏ခင်ပွန်း၊ ဦးကျော်မိုးဝင်း-ဒေါ်နွယ်မာဦး၊ ဦးရဲမင်းဆက်-ဒေါ်သန္တာဦး၊ မမြင့်မြတ်သူတို့၏ဖခင်၊ မောင်အောင်စစ်မှူး၊ မပိုပိုပြည့်စုံတို့၏အဘိုးသည် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစန်းဝင်းအောင် အသက်(၄၅)နှစ်
### (လျှပ်စစ်ကျွမ်းကျင်အဆင့်-၄၊ အလုံပင်မဓာတ်အားခွဲရုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလျှပ်စစ်မိုးကောင်းဝင်း၊ အရာရှိရိပ်သာ၊ တိုက် E-7၊ အခန်း ၁၃နေ(ဦးအောင်မြင်-ဒေါ်နု)တို့၏သား၊ ဦးညွန့်တင်(MEPE-ငြိမ်း၊ အလုံဓာတ်အားပေးစက်ရုံ)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ဦးနေဝင်းအောင်(ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ ငြိမ်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်)-ဒေါ်မြင့်မြင့်အေး-ဒေါ်ငြိမ်းငြိမ်းကျော်တို့၏ညီ၊ ဒေါ်လှလှဝင်းအောင်၏မောင်၊ ဦးထွန်းထွန်း-ဒေါ်ဖြူမာထွန်း၊ ဦးအောင်သူဖြိုး(ပထပ၊ ပဲခူး)-ဒေါ်ခိုင်သဇ္ဈာတို့၏ဖခင်၊ ဒေါ်သန်းသန်းစိုး၏ခင်ပွန်းသည် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၇**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်သည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတက ကထိန်သင်္ကန်းကပ်လှူရန် ဘုရားရှင်က ဝိနည်းတော် ပညတ်ပေးထားရာတွင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ ၂၉ ရက်အတွင်း ကျင်းပပြုလုပ်ရန် ကန့်သတ်ထားသည့်အတွက် ကထိန်သင်္ကန်း

*စာမျက်နှာ ၄ ကော်လံ ၁*

## လူထုဆန္ဒဖော်ထုတ်ပွဲပြုလုပ်

**ကျောက်ဖြူ အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြေပုံစံပြကျေးရွာ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ကျောက်နီမော်ကျေးရွာ ရခိုင်စု၊ အောင်လေပြိန်ကျေးရွာ၊ ခမောင်းချောင်ကျေးရွာ၊ မြို့ချောင်းကျေးရွာ၊ ရွှေပန်းတောကျေးရွာ၊ သင်းဂနက်ကျေးရွာ၊ လမုချေကျေးရွာ၊ ဂြင်းချောင်းကျေးရွာ၊ သရက်ချောင်းကျေးရွာ၊ မြေပုံစံပြကျေးရွာ၊ ဂြင်းတောကျေးရွာ၊ သုဓမ္မာကျေးရွာနှင့် သံချောင်းကျေးရွာတို့မှ လူထုအင်အား ၁၅၀၀ ခန့်ရှိ ပြည်သူတို့သည် မြန်မာ့တပ်မတော်ကို ထောက်ခံပါသည်၊ ရခိုင်ပြည်နယ်ကို တပ်မတော်မှကာကွယ်ပေးပါ၊ အချုပ်အခြာအာဏာကိုထိခိုက်သူ တို့ရန်သူ၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အရေး၊ နိုင်ငံတော်လုံခြုံရေး တို့အရေးဟူ၍ပါရှိသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ မြေပုံစံပြကျေးရွာပြည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ မြေပုံစံပြကျေးရွာ ပြည်သူ့ဆေးရုံနံဘေးစုရပ်မှ ရမ်းဗြဲ - ကျောက်နီမော် ကားလမ်းတစ်လျှောက် ဆိုင်းဘုတ်ပါ ကြွေးကြော်သံများကို ကြွေးကြော်ပြီး မြေပုံစံပြကျေးရွာအတွင်းဝင်ရောက်ခဲ့ကြသည်။

**ဆန္ဒဖော်ထုတ်**

အဆိုပါဆန္ဒဖော်ထုတ်သူလူထုတို့သည် မြေပုံစံပြကျေးရွာကို တစ်ပတ်လှည့်လည်ကြွေးကြော် ဆန္ဒဖော်ထုတ်ကြပြီးနောက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြေပုံစံပြကျေးရွာရှိ ကျေးရွာအားကစားကွင်းသို့ ရောက်ရှိလာပြီး ဆန္ဒဖော်ထုတ်ခြင်းကို ရပ်နားကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ရှားပါးလာပြီဖြစ်သည့် သဘာဝတောဆင်ရိုင်းများ မျိုးသုဉ်းမပျောက်ကွယ်ရေး ဘေးကင်းသည့် နယ်မြေတစ်ခု အမြန်ဆုံးသတ်မှတ်ဆောင်ရွက်ပေးရန် လိုအပ်



**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**

**နေပြည်တော် အောက်တိုဘာ ၁၇**
အရှေ့တောင်အာရှတွင် တောဆင်ရိုင်းအကောင်ရေ အများဆုံးကျန်ရှိနေသေးသည့် မြန်မာနိုင်ငံ၌ ရှားပါးအဖိုးတန် တောဆင်ရိုင်းများ မျိုးသုဉ်းမပျောက်ကွယ်သွားရန် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၏ အကူအညီကို ရယူပြီး ဘေးကင်းလုံခြုံသည့် နယ်မြေဧရိယာတစ်ခုကို အမြန်ဆုံးသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဆင်တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

“မြောက်ဇာမဏီကြိုးဝိုင်းကလည်း ဘေးမဲ့တောသာ ပြောတာ။ တောဆင်တွေအတွက် ဘယ်လိုမှ နေစရာ မကောင်းတော့ဘူး။ တောင်တွေပဲ ရှိတော့တယ်။ ကျွန်တော့်အနေနဲ့ အကြံပြုပြောရမယ်ဆိုရင် ဆင်တွေအတွက် ဘေးမဲ့တောကို လုပ်မယ်ဆိုရင် ဆင်နဲ့ပတ်သက်တဲ့ နေရာရွေးဖို့ ကျွမ်းကျင်တဲ့ပညာရှင်တွေ ခေါ်ဖို့လိုတယ်။ နောက်တစ်ခုကတော့ နိုင်ငံတကာရဲ့ အကူအညီပဲ ဖြစ်ဖြစ်၊ နိုင်ငံတော်အစိုးရရဲ့ အကူအညီပဲဖြစ်ဖြစ် ဘေးမဲ့တောနေရာကို သေချာရွေးချယ်ပြီးတော့ အုတ်တံတိုင်းတွေ ခတ်မယ်၊ လျှပ်စစ်ခြံစည်းရိုးတွေ ထည့်မယ်။ ပြီးတော့ ကျွန်တော်တို့က တောဆင်တွေ ထွက်လာတဲ့အခါတိုင်း ဖမ်းပြီးတော့ အဲ့ဒီထဲ ပြန်ထည့်မယ်။ ဖြစ်စေချင်တာက လုံလောက်တဲ့ နယ်မြေဧရိယာတစ်ခုကို သတ်မှတ်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝအမွေအနှစ်ဖြစ်တဲ့ အဖိုးတန်ဆင်ရတနာတွေကို သေသေချာချာစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားမယ်ဆိုရင် နိုင်ငံတကာမျက်နှာစာမှာလည်း ကောင်းမယ်။

*စာမျက်နှာ ၉ ကော်လံ ၁*

### ဘိုကိုဟာရမ်တို့ ပြန်ပေးဆွဲသွားသော ချီဘောခ်ကျောင်းသူ ၂၁ ဦး မိသားစုနှင့် ပြန်ဆုံစည်း

စာ » ၁၀

### ယုဇနဆီအုန်းစိုက်ခင်းဧရိယာအတွင်း တောဆင်ရိုင်းများ ဝင်ရောက်

စာ » ၁၁

### တောင်တက်ဘုရားဖူးယာဉ် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

စာ » ၁၃